# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


## တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

**ယမကဝဂ်(ဓမ္မပဒ-၁၀)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၃၀၅)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနိုအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံအစိုးရ၏ ရခိုင်အရေးကိစ္စတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ဝိုင်းဝန်းကူညီသွားရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၁**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနိုသည် ယနေ့တွင် မြန်မာနိုင်ငံသို့ တစ်ရက်တာခရီးလာရောက်သည်။

**လက်ခံတွေ့ဆုံ**

ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနိုအား နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကျိုးတူဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ဆက်လက်ကူညီသွားရေး၊ မြန်မာနိုင်ငံအစိုးရ၏ ရခိုင်အရေးကိစ္စတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ဝိုင်းဝန်းကူညီသွားရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို မြန်ဆန်စေရေးအတွက် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေးဆာဆာကာဝါနှင့်အတူ ပူးပေါင်းကူညီသွားရေး၊ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံကို အကူအညီပေးရန် သဘောတူထားသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**နေ့လယ်စာဖြင့် တည်ခင်း**

ဆက်လက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာတာရိုခိုနို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား Hilton ဟိုတယ်တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**

## နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သော အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားရှိ နေရပ်စွန့်ခွာသွားသူများနှင့် တွေ့ဆုံ

စာ » ၆

## မြောက်ကိုရီးယားက အရှေ့ဘက်ကမ်းခြေ၌ တိုက်ချင်းပစ်ဒုံးကျည် နှစ်စင်းစမ်းသပ်ပစ်လွှတ်

နိုင်ငံတကာသတင်း စာ » ၁၄

## အမေရိကန်- တရုတ် လတ်တလောဆွေးနွေးမှုများ ကုန်သွယ်ရေးစစ်ပွဲကို ရပ်တန့်စေနိုင်မလား

နိုင်ငံတကာရေးရာ စာ » ၁၅


စေတနာသေး မေတ္တာသေး သစ္စာသေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...

ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

# တရားဥပဒေစိုးမိုးရေး ခိုင်မာအားကောင်းစေဖို့

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည်မှာ ဆယ်စုနှစ်တစ်ခုဆီသို့ပင် ချဉ်းကပ်လာပြီဖြစ်သည်။ သို့ရာတွင် ဒီမိုကရေစီစနစ်၏အခြေခံဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍မူ မချင့်မရဲ သံသယများစွာဖြင့်မေးခွန်းထုတ်နေရဆဲ။ မြန်မာ့လူ့ဘောင်တွင် တရားဥပဒေစိုးမိုးရေးခိုင်မာအားကောင်းလာစေဖို့ သတိပေးနေရဆဲ၊ ကြိုးပမ်းအားထုတ်နေရဆဲ၊ အသိပညာပေးနေရဆဲ အခြေအနေမျှသာ။ ဆယ်စုနှစ်များစွာ အမိန့်၊ ညွှန်ကြားချက်များဖြင့်သာ ယဉ်ပါးခဲ့ကြရသည့်အလျောက် ဥပဒေနှင့်ပတ်သက်လာလျှင် သိနားလည်မှုတို့မှာလည်း မပြည့်စုံမှု၊ လွဲမှားမှု၊ အုပ်စိုးသူတို့စွဲကိုင်သည့် လက်နက်တစ်ခုအဖြစ် ဥပဒေကို ကြောက်ရွံ့မှုတို့ကသာ လွှမ်းမိုးနေခဲ့သည်။

စင်စစ်အားဖြင့် ဥပဒေဟူသည် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းတို့ တည်ငြိမ်အေးချမ်းစေရန်၊ တည်တံ့ခိုင်မြဲစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်၊ စည်းစနစ်ကျနမှုတစေရန် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများပင်ဖြစ်သည်။ ဥပဒေက မည်သည့်အရာသည်မှန်၍ မည်သည်ကမှားကြောင်းကို တိကျစွာပြဆိုသည်။ မည်သည်တို့ကိုပြုလုပ်ရန်နှင့် မည်သည်တို့ကို ရှောင်ကြဉ်ရန်လည်း အသေးစိတ်ညွှန်ပြသည်။ ဥပဒေကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်မှုနှင့်အညီကျခံရမည့်ပြစ်ဒဏ်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဥပဒေသည်အထွတ်အထိပ်ဖြစ်၍ ဥပဒေ၏အထက်တွင် မည်သူမျှမရှိသော သဘောတရားအရ တိုင်းသိပြည်သိ ထုတ်ပြန်ထားသော၊ လူတိုင်းအပေါ်တန်းတူသက်ရောက်သော၊ လွတ်လပ်စွာစီရင်ပိုင်ခွင့်ရှိသော၊ လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသောဥပဒေတို့ကို အားလုံးက လိုက်နာကြရသည်။ အားလုံးဟုဆိုရာတွင် လူပုဂ္ဂိုလ်အားလုံး၊ အစိုးရယန္တရားအားလုံး၊ ပုဂ္ဂလိကအဖွဲ့အစည်းအားလုံးတို့ အပါအဝင်ဖြစ်ပြီး အုပ်ချုပ်သည့်တာဝန်ရှိသူ အစိုးရများတွင်ရော အုပ်ချုပ်ခံပြည်သူများတွင်ပါ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ရှိရသည်။ သို့မှသာ တရားဥပဒေစိုးမိုးသည့် လူ့ဘောင်ဟုဆိုနိုင်မည်။

ပြဋ္ဌာန်းထားပြီးဖြစ်သည့်ဥပဒေများကို မသိ၍၊ နားမလည်၍ ပြစ်မှုကျူးလွန်မိပါသည်ဟူသော အကြောင်းပြချက်ဖြင့် ရှောင်လွှဲ၍ မရနိုင်ကြောင်းကို လူတိုင်းသိထားကြရမည်ဖြစ်သလို နိုင်ငံသားများဥပဒေကို သိနားလည်ရန်၊ လေးစားလိုက်နာရန် အစိုးရတွင် တာဝန်ရှိသည်။ ထို့အပြင် အစိုးရဝန်ကြီးဌာနများနှင့် လက်အောက်ခံလုပ်ငန်းဌာနအဖွဲ့အစည်းအသီးသီးတို့က တာဝန်ယူကျင့်သုံးနေကြသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များကို ပြည်သူများအား အသိပညာပေးခြင်း၊ မိမိတို့ဌာနကဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများကို ပြည်သူများအား ပွင့်လင်းမြင်သာစွာ အသိပေးခြင်းပြုလုပ်ရန် လိုအပ်သည်။

တရားဥပဒေစိုးမိုးရေး ခိုင်မာအားကောင်းစေရန်အတွက် အုပ်ချုပ်သူအစိုးရ၏အာဏာကျင့်သုံးမှုတွင် အကန့်အသတ်ရှိရသည်။ တစ်နည်းအားဖြင့် အာဏာရှင်အစိုးရမဖြစ်စေရ။ အဂတိလိုက်စားမှုတို့လည်း ကင်းစင်သန့်ရှင်းရမည်။ အုပ်ချုပ်ရေးစနစ်ကလည်း ပွင့်လင်းမြင်သာမှုရှိရမည်။ နိုင်ငံသူ နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်၊ နိုင်ငံသားအခွင့်အရေးများ ပြဋ္ဌာန်းရရှိပြီး ဖြစ်ရမည်။ လူ့အဖွဲ့အစည်းကလည်း တည်ငြိမ်မှုနှင့်လုံခြုံမှုတို့ရှိရမည်။ တရားမမှုနှင့် ပြစ်မှုဆိုင်ရာတရားရေးစနစ်တို့အပေါ် ယုံကြည်ကိုးစားမှုတို့လည်း ရှိနေရမည်။

အထက်ကဆိုခဲ့သည့်အချက်များနှင့် ဆန့်ကျင်စွာပင် မိမိတို့နိုင်ငံ၌ အတိတ်က နှစ်ပေါင်းများစွာကြာမြင့်အောင် အာဏာကို ဥပဒေ၏အထက်တွင်ထား၍ ကျင့်သုံးခဲ့ခြင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတို့ ထူပြောခဲ့ခြင်း၊ အစိုးရယန္တရားအသီးသီးတွင်လည်း တာဝန်ယူမှုတာဝန်ခံမှုတို့အားနည်းခဲ့ခြင်း၊ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးစံနှုန်းများ နိမ့်ကျခဲ့ခြင်း၊ တရားရေးစနစ်အပေါ်ယုံကြည်ကိုးစားမှုလျော့နည်းခြင်းတို့ကိုသာ တွေ့ကြုံဖြတ်သန်းခဲ့ကြရခြင်းဖြစ်သည့်အလျောက် လက်ရှိအခြေအနေတွင် ဥပဒေကိုစွဲကိုင်ကျင့်သုံးသူများရော ပြည်သူများကပါ တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ယူမှု တာဝန်ခံမှုများဖြင့် ကြိုးပမ်းအားထုတ်ကြရဦးမှာဖြစ်သည်။

တရားဥပဒေစိုးမိုးရေးသည် ဒီမိုကရေစီစနစ်၏ မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ဆိုခဲ့ပြီးဖြစ်သည်။ ပြဋ္ဌာန်းထားသည့် ဥပဒေတို့ကို ခေတ်နှင့်လျော်ညီစွာ၊ ခေတ်ကာလ၏တောင်းဆိုမှုများအတိုင်း ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ဖြင့် ဥပဒေပြုခြင်းများကို ပြည်သူတို့ကရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်များက ဆောင်ရွက်လျက်ရှိသည်။ ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာကြပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြမှသာ ရှင်သန်သည့်ဥပဒေများအဖြစ် နိုင်ငံ့အကျိုး၊ နိုင်ငံသူနိုင်ငံသား ပြည်သူများ၏အကျိုးတို့ကို သယ်ပိုးနိုင်မည်ဖြစ်ပါကြောင်း။ ။

## နေအိမ်လိုအပ်သော နေရပ်ပြန်ပြည်သူများအား နေအိမ်ဆောက်လုပ်ရန် ထောက်ပံ့ငွေပေးအပ်

**ဒီးမော့ဆို ဇူလိုင် ၃၁**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ တတိယအကြိမ် ပြည်တွင်းနေရပ်သို့ ပြန်လည်ဝင်ရောက်လာသော တိုင်းရင်းသားပြည်သူများအနက် နေအိမ်လိုအပ်သော တိုင်းရင်းသားပြည်သူများအား နေအိမ်ဆောက်လုပ်ရန် ထောက်ပံ့ငွေ ပေးအပ်ခြင်းကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ပေးအပ်သည်။

ထောက်ပံ့ငွေ ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က နေအိမ်ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေများကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်လျက်ရှိရာ ဒီးမော့ဆိုမြို့နယ်တွင် နေအိမ်ဆောက်လုပ်ရန် လိုအပ်သော အိမ်ထောင်စု နှစ်စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၇၅ သိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် သိန်း ၁၅၀ ကို ပေးအပ်ခဲ့ပြီး နေအိမ်ဆောက်လုပ်ရာတွင် သတ်မှတ် Estimate အတိုင်း ဆောက်လုပ်ရန်လိုအပ်ပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ကျေးရွာကော်မတီဝင်များမှ ကြီးကြပ်ဆောင်ရွက်၍ လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။



နေအိမ်လိုအပ်သော နေရပ်ပြန်ပြည်သူများအား နေအိမ်ဆောက်လုပ်ရန် ထောက်ပံ့ငွေပေးအပ်စဉ်။

ထို့နောက် နေအိမ်လိုအပ်သော အိမ်ထောင်စု နှစ်စုဖြစ်သည့် သေးဆူလဲကျေးရွာနေ ဦးကျော်ဝင်းထွန်းနှင့် ပတိုင်ကျေးရွာနေ ဦးအီလားရို (ခ) ထွန်းအိတို့အား တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၃၇ သိန်း ၅ သောင်း (ပထမအရစ်) ကို ပေးအပ်ခဲ့ပြီး ကျန်ရှိသော ထောက်ပံ့ငွေများကို နေအိမ်ဆောက်လုပ်ပြီးပါက ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရီရယ် (ဒီးမော့ဆို)**

## နိုင်ငံတကာ ဥယျာဉ်ပန်းမန်စိုက်ပျိုးသည့် အတတ်ပညာပြပွဲတွင် မြန်မာနေ့အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၃၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ဧပြီ ၂၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ Life Green, Life Better ဆောင်ပုဒ်ဖြင့် "နိုင်ငံတကာ ဥယျာဉ်ပန်းမန်စိုက်ပျိုးသည့် အတတ်ပညာပြပွဲ" ကို ခြောက်လကြာကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက Commissioner General အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းတွင် Htay Thit Sar International Co., Ltd. မှလည်းကောင်း တရုတ်ပြပွဲကျင်းပရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံအနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေး၊ ကုန်သွယ်မှုတိုးမြှင့်စေရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် အခြားအာဆီယံနိုင်ငံများနည်းတူ ပါဝင်ပြသခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ မှလည်း ပါဝင်ပြသလျက်ရှိသည်။ ပါဝင်ပြသသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတစ်နိုင်ငံချင်းအလိုက် အလှည့်ကျ National Day အခမ်းအနားကို စည်ကားစွာကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနေ့အခမ်းအနားကို ဩဂုတ် ၄ ရက်တွင် International Pavilion ရှိ မြန်မာပြခန်း ခန်းမ G-46 တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါမြန်မာနေ့အခမ်းအနားနှင့် တစ်ဆက်တည်း မြန်မာ့ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ရာ မြန်မာနေ့အခမ်းအနား စနစ်တကျနှင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

မြန်မာနေ့အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးအခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာများနှင့် နိုင်ငံတကာမှ စိုက်ပျိုးပြသထားသည့် သစ်သီးဝလံ ပန်းမန်နှင့် ရိုးရာအမွေအနှစ် အထိမ်းအမှတ်များကို လေ့လာကြည့်ရှုနိုင်စေရန်အတွက် ရည်ရွယ်ကျင်းပရခြင်း ဖြစ်သည်။

အထက်ပါ မြန်မာနေ့အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ ဦးဆောင်သော ပုဂ္ဂလိကလုပ်ငန်းရှင်ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ ဦးဆောင်သော အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအကအဖွဲ့စသည်ဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ၂၅ ဦးခန့် တက်ရောက်ကြမည် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများတွင် ခြောက်လကြာကျင်းပသည့် ကမ္ဘာ့ကုန်စည်ပြပွဲများဖြစ်သည့် ၂၀၁၅ ခုနှစ် အီတလီနိုင်ငံ မီလန်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ကုန်စည်ပြပွဲ၊ ၂၀၁၆ ခုနှစ် တူရကီနိုင်ငံ အန်တာလျာမြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သစ်သီးဝလံ ပန်းမန်ပြပွဲတို့တွင်လည်း မြန်မာနေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်နည်းတူ ယခုကျင်းပမည့် နိုင်ငံတကာ ဥယျာဉ်ပန်းမန်စိုက်ပျိုးသည့် အတတ်ပညာပြပွဲတွင် မြန်မာနေ့အခမ်းအနားကိုလည်း စနစ်တကျနှင့် အောင်မြင်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြ၌ လျှပ်နှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**မြောင်းမြ ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးနှင့် လျှပ်ဘေးအကြောင်း ဟောပြောပြီး လျှပ်သရုပ်ပြလေ့ကျင့်ခြင်း၊ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခြင်းကို ဇူလိုင် ၂၉ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်မင်းက မီးဘေးနှင့် လျှပ်ဘေးအကြောင်း၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက လျှပ်သရုပ်ပြလေ့ကျင့်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်းများကို အ.ထ.က (၁) ကျောင်းသားကျောင်းသူများဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

**စန္ဒာမိုး (ပြန်/ဆက်)**



**ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့တိုက်နယ်ဆေးရုံတွင် အသုံးပြုရန်အတွက် ဇူလိုင် ၃၀ ရက်က ဟွာလ်ငိုဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းမှ အာထရာဆောင်း စက်တစ်လုံး ပေးအပ်လှူဒါန်းစဉ်။**

မြို့နယ် (ပြန်/ဆက်)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုမည်။ **မိုး/ဇလ**



မြန်မာ- ဂျပန် နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ သတင်းစဉ်

## အဓိကအားဖြင့် နေရပ်စွန့်ခွာသူတွေနဲ့ပတ်သက်တဲ့ ပြဿနာတွေဟာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဖြေရှင်းရမယ့် ကိစ္စဖြစ်ပါတယ်။ သို့သော်ငြားလည်း မိတ်ဆွေများက စေတနာနဲ့ ပြေလည်အောင် ဆောင်ရွက်ပေးချင်တဲ့ ဆန္ဒကိုလည်း ကျွန်မတို့ အလေးထားပါတယ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## မြန်မာအစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေတဲ့ နေရပ်စွန့်ခွာသူတွေပြန်လာနိုင်ရေးအတွက် ဖန်တီးဆောင်ရွက်နေတာကို ဂျပန်နိုင်ငံအစိုးရက တန်ဖိုးထားပါတယ်

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနို

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနိုတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်းပွဲ ဆက်လက်ကျင်းပရာ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက “ ပြီးခဲ့တဲ့နှစ် ဩဂုတ်လက ကျွန်တော် မြန်မာနိုင်ငံကို လာရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ ၃ ကြိမ်မြောက် လာရောက်ခြင်းဖြစ်ပြီး အခုအချိန်မှာ အလည်အပတ်လာရောက်နိုင်တာကို အထူးပဲ ဝမ်းမြောက်မိပါတယ်။ ဒီနေ့မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာနိုင်ငံ အစိုးရအနေနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာမှာ ဂျပန်နိုင်ငံက စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်ပေါင်းစုံက ကူညီထောက်ပံ့သွားမယ်လို့ ထပ်မံအတည်ပြု ပြောကြားလိုပါတယ်။

### ကူညီထောက်ပံ့သွားမှာ ဖြစ်

“မြန်မာနိုင်ငံအနေနဲ့ ခက်ခဲတဲ့ အခြေအနေတွေကို ကြုံတွေ့နေတဲ့ အချိန်ဖြစ်တဲ့အတွက် ဂျပန်နိုင်ငံက သမိုင်းဝင် မိတ်ဆွေနိုင်ငံတစ်နိုင်ငံအနေနဲ့အတူ စဉ်းစားသုံးသပ်ပြီး ကူညီထောက်ပံ့သွားမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းမှုက မဖြစ်မနေ လိုအပ်ပါတယ်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ အတွက် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းဆောင်ရွက်မှုကို တတ်နိုင်သမျှ အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီနေ့ တွေ့ဆုံဆွေးနွေးပွဲမှာ ရခိုင်ပြည်နယ်အခြေအနေနဲ့ ပတ်သက်ပြီး အကျိုးကျေးဇူးရှိတဲ့ အမြင်ချင်းဖလှယ်ဆွေးနွေးမှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

“ မြန်မာအစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေတဲ့ နေရပ်စွန့်ခွာသူတွေ ပြန်လာနိုင်ရေးအတွက် ဖန်တီးဆောင်ရွက်နေတာကို ဂျပန်နိုင်ငံအစိုးရက တန်ဖိုးထားပါတယ်။ မြန်မာအစိုးရက လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့အပါအဝင် ဆောင်ရွက်ချက်တွေကို ပိုမိုအဆင့်မြှင့်တင်ပြီး နေရပ်စွန့်ခွာသူတွေ ပြန်လာနိုင်ဖို့ကို မျှော်လင့်ပါတယ်။ လာမယ့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပွဲ ဒုတိယအဆင့်အကြိုပွဲမှာ နှစ်နိုင်ငံ အုပ်စုတစ်ခုတည်းက အတူ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ စက်တင်ဘာလမှာ ရန်ကုန်မှာ အတူ ကစားကြမှာဖြစ်ပါတယ်။ နှစ်ဖက်စလုံးက အပြိုင်အဆိုင် အားကြိုးမာန်တက် ကစားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခုလို ဘက်ပေါင်းစုံ ကူးလူးဆက်ဆံမှုကတစ်ဆင့် ဂျပန်-မြန်မာ ချစ်ကြည်မှုကို ပိုမိုတိုးတက်လာဖို့ မျှော်လင့်ပါတယ် ”ဟု ပြောကြားသည်။

### ဆက်လက်ကူညီမယ်ဆိုတာယုံကြည်

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ဂျပန်နိုင်ငံခြားရေးဝန်ကြီးကို အခုလို ကြိုဆိုနိုင်တဲ့အတွက် ကျွန်မတို့ အများကြီး ဝမ်းသာပါတယ်။ ကျွန်မတို့ နှစ်နိုင်ငံအကြား ရင်းနှီးခင်မင်မှု၊ မိတ်ဆွေဖြစ်မှုကို ကိုယ်စားပြုပြီး လာရောက်တယ် ဆိုတာ အပြည့်အဝယုံကြည်ပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုးတက်ရေးကို အဘက်ဘက်က ကူညီနေတဲ့ မိတ်ဆွေအနေနဲ့ ကျွန်မတို့ တန်ဖိုးထားပါတယ်။ မပြီးသေးတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစိုက်မတ်မတ် ကူညီဆောင်ရွက်နေခဲ့တာကိုလည်း ကျွန်မတို့ အသိအမှတ်ပြုပါတယ်။ နောင်ကိုလည်း ဆက်လက်ကူညီမယ်ဆိုတာ ယုံကြည်ပါတယ်။

“တစ်ကမ္ဘာလုံးက အာရုံစူးစိုက်နေတဲ့ ကျွန်မတို့ နိုင်ငံရဲ့ စိန်ခေါ်မှုတစ်ခုဖြစ်တဲ့ ရခိုင်ပြည်နယ်နဲ့ ပတ်သက်လို့လည်း ဂျပန်နိုင်ငံက မိတ်ဆွေတစ်ယောက်အနေနဲ့ ကူညီဖြေရှင်းချင်တယ်ဆိုတာကိုလည်း ကျွန်မတို့ ယုံကြည်ပါတယ်။ အဓိကအားဖြင့် နေရပ်စွန့်ခွာသူတွေနဲ့ပတ်သက်တဲ့ ပြဿနာတွေဟာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ဖြေရှင်းရမယ့် ကိစ္စဖြစ်ပါတယ်။ သို့သော်ငြားလည်း မိတ်ဆွေများက စေတနာနဲ့ ပြေလည်အောင် ဆောင်ရွက်ပေးချင်တဲ့ ဆန္ဒကိုလည်း ကျွန်မတို့ အလေးထားပါတယ်။

### အဘက်ဘက်က ကြိုးစားနေ

“ကျွန်မတို့နိုင်ငံကို မှီတင်းနေထိုင်သူတွေအားလုံး လုံခြုံဖို့အတွက်၊ တည်ငြိမ်ဖို့အတွက်၊ တိုးတက်ဖို့အတွက်၊ ဖွံ့ဖြိုးဖို့ အတွက်ဆိုတာ ကျွန်မတို့ရဲ့ပန်းတိုင်ပဲ ဖြစ်ပါတယ် ။ ဒီလိုပန်းတိုင်ကို ရောက်ဖို့ဆိုတာ ကျွန်မတို့က လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အဘက်ဘက်က ကြိုးစားနေရပါတယ်။ ဒီလို ကြိုးစားမှုတွေမှာ ပါဝင်ကူညီနေတဲ့ ဂျပန်နိုင်ငံက မိတ်ဆွေတွေကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ မကြာခင်ကျင်းပမယ့် ဂျပန်နဲ့ မြန်မာနိုင်ငံ အကြား ဘောလုံးပွဲကိုလည်း အားပေးဖို့ မျှော်လင့်နေပါတယ်။ ဘောလုံးပွဲရဲ့ ရလဒ်က ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ နှစ်နိုင်ငံရဲ့ ခင်မင်ရင်းနှီးမှု၊ မိတ်ဆွေဖြစ်မှုကို ပိုမိုပြီးဖန်တီးပေးနိုင်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ အခု ကျွန်မတို့နိုင်ငံဟာ ကာလတစ်ခုကို ဖြတ်ကျော်နေရချိန်မှာ ကိုယ်တိုင်လည်းခက်ခဲတဲ့ ကာလတွေကို ဖြတ်ကျော်ခဲ့တဲ့ ဂျပန်နိုင်ငံသူ၊ နိုင်ငံသားများဟာ ကျွန်မတို့ အပေါ်မှာ စာနာလိမ့်မယ်၊ နားလည်မှုရှိမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီနေ့တွေ့ဆုံပွဲကတစ်ဆင့် ဂျပန်နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကို ကျွန်မတို့ မေတ္တာပို့သ နှုတ်ခွန်းဆက်ပါတယ်” ဟု ပြောကြားသည်။

### အထူးစီးပွားရေးဇုန်တွေ လိုချင်လာ

ဆက်လက်၍ သတင်းမီဒီယာများ မေးမြန်းသည့် သီလဝါ အထူးစီးပွားရေးဇုန်ကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အလားတူ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ ကျွန်မတို့ သီလဝါအထူးစီးပွားရေးဇုန်က အင်မတန်မှ အောင်မြင်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ဒီစီးပွားရေးဇုန်ထဲမှာ အဓိက ပါဝင်နေတာက ဂျပန်နိုင်ငံကကုမ္ပဏီတွေ ဖြစ်တာကြောင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းဟာ ဘယ်လိုအသီးအပွင့်တွေ ရမယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။ ဒီစီးပွားရေးဇုန် အောင်မြင်တာကြောင့် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလည်း အထူးစီးပွားရေးဇုန်တွေ လိုချင်လာကြပါတယ်။ အခုအချိန်မှာတော့ ကျောက်ဖြူ၊ ထားဝယ်နှစ်ခုပဲရှိပါတယ်။ ဒီနှစ်ခုကိုပဲ ကျွန်မတို့ စပြီးဆောင်ရွက်နေပါတယ်။ ခရီးကတော့ မရောက်သေးပါဘူး။

### အလုပ်အကိုင်ဖန်တီးရေးပဲဖြစ်

“သို့သော်လည်း ထားဝယ်မှာဆိုရင် လမ်းပန်းဆက်သွယ်ရေးအပိုင်းကို ပထမဦးဆုံး ဂျပန်နဲ့ စပြီး အကောင်အထည်ဖော်ဖို့ စီစဉ်နေပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကတော့ ဒီလိုပဲအောင်မြင်မယ် မျှော်လင့်ကြတယ်။ အကောင်အထည်ဖော်ဆောင်ရွက်စေချင်ကြတယ်။ အဓိက သီလဝါအထူးစီးပွားရေး ဇုန်ရဲ့အောင်မြင်မှုက ကျွန်မအမြင်ကတော့ အလုပ်အကိုင်ဖန်တီးရေးပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ပြည်သူလူထုဟာ အလုပ်အကိုင်အခွင့်အလမ်းတွေ လိုအပ်နေပါတယ်။ ကျွန်မတို့ ပြည်သူတွေဟာ ကိုယ့်အလုပ်အကိုင်နဲ့ ကိုယ့်ဘဝကို ရပ်တည်ပြီး ကိုယ့်ရဲ့ တိုးတက်မှုကို ဖန်တီးနိုင်တဲ့ လူမျိုးဖြစ်တယ်လို့ ကျွန်မယုံကြည်ပါတယ်။

“ဒါကြောင့် သီလဝါအထူးစီးပွားရေးဇုန်က စီးပွားရေး တိုးတက်တာကိုလည်း ကျွန်မအင်မတန်မှ အားရပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ပြည်သူလူထုတွေက သိက္ခာရှိရှိနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ အခြေအနေကိုပေးတဲ့ အလုပ်အကိုင်ဖန်တီးရေးဆိုတာက အရေးကြီးပါတယ်။ ဒါကြောင့် သီလဝါအထူးစီးပွားရေးဇုန်မှာပါဝင်တဲ့ ဂျပန်ကုမ္ပဏီတွေကိုလည်း ကျေးဇူးတင်ပါတယ်”ဟု ဖြေကြားသည်။

### ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနိုက “ ဒီနေ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တွေ့ဆုံပွဲမှာ ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ဒုက္ခသည်စခန်းက အင်မတန် ခက်ခဲတဲ့ အခြေအနေမှာ ရှိပါတယ်လို့ ပြောကြားခဲ့ပါတယ်။ နေရပ်စွန့်ခွာသူတွေ ပြန်လာနိုင်ရေး အကောင်အထည်ဖော်ဖို့ကိုလည်း မြန်မာအစိုးရအနေနဲ့ ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့ကိုလည်း တောင်းဆိုခဲ့ပါတယ်။ ဂျပန်အစိုးရအနေနဲ့လည်း တတ်နိုင်သမျှ အားပေးတိုက်တွန်းသွားမယ်ဆိုတာ ပြောကြားခဲ့ပါတယ်။ လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့က ယုံကြည်မှုနဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့ စုံစမ်းစစ်ဆေးရေးကို ဆောင်ရွက်သွားဖို့ကလည်း အရေးကြီးတယ်ဆိုတာ ပြောကြားခဲ့ပါတယ်။ ပြီးတော့ ယမန်နေ့က လွတ်လပ်တဲ့စုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ ဘင်္ဂလားဒေ့ရှ်ဘက်မှာလည်း စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်လို့ရအောင်ဆိုပြီး ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့ သဘောတူညီမှုရခဲ့တယ်ဆိုတာကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ပြောခဲ့ပါတယ်။ ဂျပန်အစိုးရအနေနဲ့ ဒီကိစ္စတွေ ဖြေရှင်းနိုင်ဖို့ကို မြန်မာအစိုးရနဲ့ လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဆားဗီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇူလိုင်  ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဆားဗီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Miodrag Nikolin အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆားဗီးယား-မြန်မာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ဆားဗီးယားသမ္မတနိုင်ငံ ဘဲလ်ဂရိတ်မြို့၌ ကျင်းပပြုလုပ်မည့် (၁၄၁) ကြိမ်မြောက် Inter-Parliamentary Union (IPU) အစည်းအဝေး တက်ရောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဆားဗီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Miodrag Nikolin အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

# အလုပ်အကိုင်အခွင့်အလမ်း ၃၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြု

ရန်ကုန်  ဇူလိုင်  ၃၁

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင်ရှစ်ဦး တက်ရောက်ကြသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ဟိုတယ်ကဏ္ဍနှင့် အိမ်ရာအဆောက်အဦကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်းကိုးခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၁၇၂ သန်းနှင့် ငွေကျပ် ၁၁၀၇၀၃ ဒသမ ၈၀၀ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၀၂၉ နေရာကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။

**ခွင့်ပြုမိန့်များ ထုတ်ပေး**

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ နိုင်ငံပေါင်း ၄၉ နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၇၅၂ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၈၀၈၉၂ ဒသမ ၀၆၁ ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံထား**

နိုင်ငံပေါင်း ၄၉ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၇၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၃ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် အထောက်အကူပြုမည့် Tourism Web Portal www.tourisminmyanmar.com.mm ကို လွှင့်တင်ထားရှိ

**နေပြည်တော်  ဇူလိုင်  ၃၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းဆိုင်ရာ တိကျမှန်ကန်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးရန်နှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းပြီး လုံခြုံမှုရှိသည့် ကောင်းမွန်သောပုံရိပ်ကို နိုင်ငံတကာတွင် ပိုမိုထင်ရှား လူသိများလာစေရန်၊ မြန်မာနိုင်ငံ၏ သဘာဝအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားရိုးရာဓလေ့စရိုက်များ၊ (၁၂)လရာသီ ပွဲတော်များကို ဖော်ထုတ်၍ အရည်အသွေးရှိသော ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး ဆွဲဆောင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော တာဝန်သိခရီးသွားလုပ်ငန်းကို ဖော်ဆောင်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် Digital Marketing ဆိုင်ရာ လုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဧပြီလမှစ၍ လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။

ခရီးသွားမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ၌ ဝန်ဆောင်မှုပေးလျက်ရှိသော ပုဂ္ဂလိကလုပ်ငန်းများနှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုသော နိုင်ငံခြားသားခရီးသည်များ တစ်နေရာတည်းတွင် စုစည်းတွေ့ဆုံပေးသည့် ဝန်းကျင်တစ်ခုဖန်တီးပေးရန်၊ ၎င်းတို့အချင်းချင်းချိတ်ဆက်၍ ခရီးစဉ်များ ရောင်းဝယ်ဖောက်ကားမှု ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံခရီးစဉ်ဒေသများကို စိတ်ဝင်စားသော နိုင်ငံတကာခရီးသွားအေဂျင်စီများကို ၎င်းတို့ဈေးကွက်တွင် ခရီးမြှင့်လုပ်ငန်းများ ဆောင်ရွက်လိုပါက လွယ်ကူစေရန် စသည့်ဝန်ဆောင်မှုများပေးနိုင်မည့် www.tourisminmyanmar.com.mm Tourism Web Portal ကို ၃၁-၇-၂၀၁၉ ရက်နေ့တွင် စတင်လွှင့်တင်ထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ Tourism Web Portal တွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသဆိုင်ရာ ဆွဲဆောင်မှုများ၊ မြန်မာနိုင်ငံတွင် ရရှိခံစားနိုင်မည့်အတွေ့အကြုံများ၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုပါက သိရှိသင့်သည့် အချက်အလက်များ၊ မြန်မာနိုင်ငံ၏ (၁၂)လရာသီ ပွဲတော်များ၊ ပါဝင်ထည့်သွင်းလွှင့်တင်ထားသည့်အပြင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်လျက်ရှိသော ခွင့်ပြုလိုင်စင်ရရှိပြီးသော ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များသည် အဆိုပါ Tourism Web Portal တွင် Register ပြုလုပ်၍ ကိုယ်ပိုင် Page များ ဖွင့်လှစ်ကာ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျွမ်းကျင်သူ **Ms. Mohottalalage Thanuja Dayadari Navartne** နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျွမ်းကျင်သူအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇူလိုင်  ၃၁**

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျွမ်းကျင်သူ Ms. Mohottalalage Thanuja Dayadari Navartne နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေပြုရေးအခန်းကဏ္ဍတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်ရသည့်လုပ်ငန်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၀-၂၀၂၄) မူကြမ်းပါ ရည်မှန်းချက်ပန်းတိုင် ၆ ရပ်နှင့် သက်ဆိုင်သည့်လုပ်ငန်း၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ကော်မရှင်နှင့်ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုခိုနို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်း-ရှေဖုံး) သတင်းစဉ်

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကုံကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ငွေရေးကြေးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ၊ နိုင်ငံခြားဘဏ်ခွဲများ ဖွင့်လှစ်ဆောင်ရွက်မှု၊ နယ်စပ်ကုန်သွယ်ရေးများ၌ နှစ်နိုင်ငံပြည်တွင်းသုံး ငွေကြေးများကို တရားဝင်ဘဏ်လမ်းကြောင်းမှတစ်ဆင့် ငွေပေးချေစာရင်း ရှင်းလင်းဆောင်ရွက်နိုင်ရေးနှင့် မိုဘိုင်းငွေပေးချေမှုများဖြင့် ငွေပေးချေးမှုများ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများစတင်ကြောင်း အသိပေးကြေညာခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ စတင်ကြောင်း အသိပေးကြေညာခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျှော့ချရန်နှင့် အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို အထောက်အကူပေးရန်၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ၂၀၃၀ ရည်မှန်းချက်ကို တိုးမြှင့်အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သွားရန်ရည်ရွယ်ဆောင်ရွက်သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စီမံကိန်းများဖြင့် စီမံကိန်းဒေသများရှိ တောင်သူလယ်သမားများ၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ သာယာဝပြောမှုကို တိုးမြှင့်ပေးရေးကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် အကောင်အထည်ဖော်မည့်စီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်က မဲခေါင်-လန်ချန်းပူးပေါင်းမှုအရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေအောက်မှ ပထမအသုတ်စီမံကိန်းငါးခုအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေအောက်မှ ဒုတိယအကြိမ် စီမံကိန်း ၁၂ ခုနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**လက်ဆောင်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား အမှတ်တရလက်ဆောင် ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသော ဧည့်သည်တော်များသည် ခန်းမအတွင်း ဦးစီးဌာနများက ခင်းကျင်းပြသထားသော စီမံကိန်းဆိုင်ရာပြကွက်များကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**



မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မဲခေါင်နိုင်ငံ ငါးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး မဲခေါင်ဒေသတွင်း နိုင်ငံများ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တစ်ခု ဖြစ်သည်။ ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထူးရန်ပုံငွေ အမေရိကန်ဒေါ်လာသန်း ၃၀၀ စိုက်ထုတည်ထောင်ပေးခြင်းနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍအောက်မှ အဓိကဌာနကြီးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေဒုတိယအကြိမ်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းစုစုပေါင်း ၂၃ ခုကို အဆိုပြုခဲ့ရာစီမံကိန်း ၁၂ ခု ရွေးချယ်ခံခဲ့ရပြီး စီမံကိန်းရန်ပုံငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ငါးသန်းခန့်ကို ဦးစားပေးကဏ္ဍ ကနဦးအဆင့်အနေဖြင့် ပေါင်းစည်းဆက်နွှယ်မှု (Connectivity)၊ ထုတ်လုပ်မှုစွမ်းရည်ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)၊ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Cross-border Economic Cooperation)၊ ရေအရင်းအမြစ် (Water Resources)၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (Agriculture and Poverty Reduction) စသည့် ကဏ္ဍငါးခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း သန္နိဒ္ဓိအုပ်ချုပ်စီမံမှုအဖွဲ့၏ ဒါရိုက်တာ ဦးခိုင်ဝင်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် သန္နိဒ္ဓိအုပ်ချုပ်စီမံမှုအဖွဲ့၏ ဒါရိုက်တာ ဦးခိုင်ဝင်းအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-9) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လက်ရှိအခြေခံအဆောက်အဦ လိုအပ်ချက်များကိုဖြေရှင်းရန် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ - ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သော အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားရှိ နေရပ်စွန့်ခွာသွားသူများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

**နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သော အဖွဲ့ဝင်ကိုးဦးပါ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre မှ ကိုယ်စားလှယ်များပါဝင်သည့် ASEAN- ERAT အဖွဲ့ဝင်များနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ သွားရောက်ခဲ့သည်။**



မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ASEAN-ERAT အဖွဲ့ဝင်များ ကော့စ်ဘဇားရှိ စခန်းအမှတ်(၄)တွင် နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ASEAN- ERAT အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ဒါကာမြို့မှ ကော့စ်ဘဇားသို့ လေကြောင်းခရီးဖြင့် သွားရောက်ခဲ့ပြီး ကော့စ်ဘဇားရှိ ဒုက္ခသည်စခန်းအမှတ်(၄)တွင် ဒုက္ခသည်စခန်းများမှ နေရပ်စွန့်ခွာသူ ၅၀ ခန့်နှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Md. Delwar Hossain၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury၊ ဒုက္ခသည်များကယ်ဆယ်ရေးနှင့် နေရပ်သို့ပြန်လည်စေလွှတ်ရေးဆိုင်ရာ မဟာမင်းကြီး Mr. Md Abul Kalam နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**ဆက်လက်ပံ့ပိုးမည့်လုပ်ငန်းများရှင်းလင်း**

အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ပြန်လည်နေရာချထားရေးအတွက် စီစဉ်ထားရှိမှု၊ အဆောက်အဦများဆောက်လုပ်ထားရှိမှု၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အဆင့်ဆင့်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအစီအမံများ၊ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံသားဖြစ်မှု၊ NVC ကတ်ကိုင်ဆောင်မှု၏ အကျိုးများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုအသိုက်အဝန်းများအကြား သဟဇာတရှိစေရေးဆောင်ရွက်ထားရှိမှုများကို အသိပေးပြောကြားခဲ့သည်။ ASEAN- ERAT အဖွဲ့ဝင်များကလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကနဦးကွင်းဆင်းစစ်ဆေးမှုဆောင်ရွက်ခဲ့မှုနှင့် အာဆီယံမှ ဆက်လက်ပံ့ပိုး ဆောင်ရွက်သွားမည့် လုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အမြဲတမ်းအတွင်းဝန်သည် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ပြုစုထားသည့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ဆိုင်ရာ Factsheet များကို ဒုက္ခသည်များကယ်ဆယ်ရေးနှင့် နေရပ်သို့ ပြန်လည်စေလွှတ်ရေးဆိုင်ရာ မဟာမင်းကြီး Mr. Md Abul Kalam ထံ နေရပ်စွန့်ခွာသူများအကြား ဖြန့်ဝေပေးရန် ပေးအပ်ခဲ့ပြီး ရှင်းလင်းပွဲများသို့ တက်ရောက်လာသည့် နေရပ်စွန့်ခွာသူကိုယ်စားလှယ်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

ထိုနေ့ ညနေပိုင်းတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် လုပ်ငန်းအဖွဲ့ဝင်များ တွေ့ဆုံပြီး နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်တွင် တွေ့ကြုံရသည့် အခက်အခဲများ လိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

**နေရပ်စွန့်ခွာသွားသူများအား တွေ့ဆုံ**

ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကော့စ်ဘဇားရှိ ဒုက္ခသည်စခန်း အမှတ်(၄)သို့ ထပ်မံသွားရောက်ခဲ့ကာ နေရပ်စွန့်ခွာသွားသူများအား တွေ့ဆုံခဲ့ပြီး နေရပ်စွန့်ခွာသူများနှင့် ဆက်လက်ထိတွေ့ဆောင်ရွက်သွားရေး၊ နိုင်ငံသားဖြစ်မှု၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။



နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

အမြဲတမ်းအတွင်းဝန်မှ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေတွင် နိုင်ငံသားပြုခွင့် (ပြုနိုင်ငံသား) ပါဝင်ကြောင်း၊ နေရပ်စွန့်ခွာသူများအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ နေရပ်ပြန်နိုင်ရေး မိမိကိုယ်တိုင်စဉ်းစားဆုံးဖြတ်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ASEAN- ERAT အဖွဲ့တို့သည် ဒုက္ခသည်စခန်း အမှတ်(၄)၏ ရှေ့တန်းစခန်းရုံးသို့ ဆက်လက်ထွက်ခွာခဲ့ပြီး ကော့စ်ဘဇားအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ဖြစ်ကြသည့် UNHCR ၊ WHO ၊ World Food Programme၊ IOM၊ UNDP နှင့် ICRC တို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ခရီးစဉ်လာရောက်ရခြင်း၏ အကြောင်းရင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် မြန်မာနိုင်ငံအစိုးရနှင့် UNDP ၊ UNHCR တို့အကြား လက်မှတ်ရေးထိုးထားသော MoU အရ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Quick Impact Projects အစီအမံများကို အသိပေးပြောကြားခဲ့သည်။

**အသိုက်အဝန်းများအကြား သဟဇာတရှိစေရေး**

အမြဲတမ်းအတွင်းဝန်နှင့်ASEAN- ERAT အဖွဲ့ဝင်များက ၎င်းတို့ဘက်မှ မေးမြန်းချက်များဖြစ်သည့် နိုင်ငံသားဖြစ်မှု၊ ဒုက္ခသည်စခန်းများအား အမျိုးသားလုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲလျက် စနစ်တကျ ပိတ်သိမ်းဆောင်ရွက်သွားမည့် အစီအမံများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အသိုက်အဝန်းများအကြား သဟဇာတရှိစေရေး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ASEAN- ERAT အဖွဲ့တို့သည် ဟိန္ဒူဘာသာဝင် ကိုယ်စားလှယ် ၁၀ ဦးနှင့် ခရစ်ယာန်ဘာသာဝင် ကိုယ်စားလှယ် လေးဦးတို့အား တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် အမြဲတမ်းအတွင်းဝန်က ၎င်းတို့နေရပ်သို့ ဆောလျင်စွာ ပြန်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ်အစိုးရ၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်နှင့် ဘာသာပေါင်းစုံချစ်ကြည်ရေးအသင်းမှ အမှုဆောင်အဖွဲ့ဝင် ဦးရာဂူး နေမြင့်တို့ကလည်း ပြန်လည်နေရာချထားရေးအစီအမံများကို အသိပေးပြောကြားခဲ့သည်။

ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ASEAN- ERAT အဖွဲ့သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန Meghna ဧည့်ရိပ်သာ၌ ယာယီနိုင်ငံခြားရေး အတွင်းဝန် Mr. Kamrul Ahsan နှင့် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အမြဲတမ်းအတွင်းဝန် Mr. Mahbub Uz Zaman၊ တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Md. Delwar Hossain နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများလည်း တက်ရောက်ခဲ့သည်။

**ပြန်လည်လက်ခံရေး အသင့်ရှိနေ**

ထိုသို့တွေ့ဆုံစဉ် အမြဲတမ်းအတွင်းဝန်က ကော့စ်ဘဇားရှိ ဒုက္ခသည်စခန်း အမှတ်(၄)ရုံးနှင့် ယင်း၏ရှေ့တန်းစခန်းရုံးတို့တွင် ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့၌ နေရပ်စွန့်ခွာသွားသူ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဟိန္ဒူနှင့် ခရစ်ယာန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုတို့ကို အသိပေးပြောကြားခဲ့သည်။ ထို့ပြင် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင် နှစ်နိုင်ငံသဘောတူညီထားသည့် Arrangement နှင့်အညီ ဆောင်ရွက်သွားရေး၊ မြန်မာဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြန်လည်လက်ခံရေးအတွက် အသင့်ရှိနေမှုတို့ကို ထပ်လောင်းအသိပေးခဲ့သည်။

ထို့ပြင် AHA Centre မှ Deputy Executive Director Mr. ArnelCapili နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဌာနကြီးမှ ညွှန်ကြားရေးမှူး Mr. Ky-Anh Nguyen တို့က ASEAN- ERAT အဖွဲ့၏ လုပ်ပိုင်ခွင့် (mandate) နှင့် လုပ်ထုံးလုပ်နည်း (TOR) တို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ASEAN- ERAT အဖွဲ့မှ ၂၀၁၉ ခုနှစ် မတ်လက ဆောင်ရွက်ခဲ့သည့် ကနဦးဆန်းစစ်လေ့လာရေး ကွင်းဆင်းဆောင်ရွက်မှုနှင့် အလုံးစုံပါဝင်သည့် ကွင်းဆင်းဆောင်ရွက်မှု ပြုလုပ်သွားမည့် အစီအစဉ်များနှင့် အာဆီယံမှ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို အသိပေးပြောကြားခဲ့သည်။

**စိစစ်ရေးပုံစံများ လွှဲပြောင်းပေးအပ်**

တွေ့ဆုံမှုအပြီးတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန ယာယီနိုင်ငံခြားရေး အတွင်းဝန်က နေရပ်စွန့်ခွာသွားသူ ၂၅၀၄၇ ဦးတို့၏ ဖြည့်စွက်ပြီးစိစစ်ရေးပုံစံများကို မြန်မာဘက်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့မှ စိစစ်ရေးပုံစံများကို စနစ်တကျနှင့် ထိရောက်စွာ စိစစ်နိုင်ရေးအတွက် လိုအပ်နေသည့် ရောင်စုံဓာတ်ပုံများကို ဆောလျင်စွာ ပံ့ပိုးပေးရန် အသိပေးပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က လက်မှတ်ရေးထိုးခဲ့သည့် Arrangement နှင့်အညီ နေရပ်စွန့်ခွာသွားသူများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ စတင်လက်ခံနိုင်ရန် မြန်မာဘက်မှ လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက်ထားခဲ့ပြီးဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သောအဖွဲ့ဝင်ကိုးဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဇူလိုင် ၃၀ ရက်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

**သတင်းစဉ်**

❒ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေတွင် နိုင်ငံသားပြုခွင့် (ပြုနိုင်ငံသား) ပါဝင်ကြောင်း၊ နေရပ်စွန့်ခွာသူများအနေဖြင့် နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ နေရပ်ပြန်နိုင်ရေး မိမိကိုယ်တိုင် စဉ်းစားဆုံးဖြတ်ရန် လိုအပ်

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းခြင်းနှင့် အတည်ပြုခြင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုအား အဖွဲ့ဝင်အဖြစ်မှ အနားယူခွင့်ပြုကြောင်း လွှတ်တော်သို့ အသိပေးကြေညာပြီး လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏အမည်စာရင်းနှင့် တာဝန်ပေးအပ်ဖွဲ့စည်းသွားမည့် အခြေအနေများကို လွှတ်တော်သို့ တင်ပြသည်။

## စစ်တွေမြို့တွင် ပြည်သူပိုင်ပြုလုပ်ခဲ့သည့် ရုပ်ရှင်ရုံ လေးရုံရှိ

မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၏ **စစ်တွေမြို့တွင် ရုပ်ရှင်ရုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၏ ၁၉၆၉ ခုနှစ် ဇူလိုင် ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်အရ ပြည်သူပိုင်ပြုလုပ်ခဲ့သည့် ရုပ်ရှင်ရုံ လေးရုံရှိပါကြောင်း၊ ယင်းတို့မှာ "မြို့မ"ရုပ်ရှင်ရုံ ၊ "မြ"ရုပ်ရှင်ရုံ ၊ "အသံထွက်" ရုပ်ရှင်ရုံနှင့် "ဇိမ်" ရုပ်ရှင်ရုံတို့ ဖြစ်ကြပါကြောင်း။

အဆိုပါ ရုပ်ရှင်ရုံ လေးရုံအနက် "မြို့မ"ရုပ်ရှင်ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်စွဲပါအမိန့်အမှတ် (၁၀၁/၂၀၁၀)နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ဖြစ်သူ ဦးထွန်းမောင်သို့ ငွေကျပ် ၁၅၆ သန်းဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချပေးခဲ့ပါကြောင်း၊ "မြ"ရုပ်ရှင်ရုံကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ၁၉၉၈ ခုနှစ် ဩဂုတ် ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅/၁၉၉၈) အရ ဒေါ်တင်မြသို့ ငွေကျပ် ၄ ဒသမ ၂၀ သန်းဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချပေးခဲ့ပါကြောင်း၊ ယင်းရုပ်ရှင်ရုံဝယ်ယူသူက ရုပ်ရှင်ပြသမှုအစား အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရန် တင်ပြခဲ့မှုအပေါ် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၂/၂၀၀၈) ကြိမ်မြောက် အစည်းအဝေးက လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခွင့်ပြုခဲ့ပါကြောင်း။

"အသံထွက်"ရုပ်ရှင်ရုံမြေနေရာကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၂၀၀၆ ခုနှစ် မေ ၂၁ ရက်စွဲပါ အမိန့်ကြော်ညာစာအမှတ် (၈/၂၀၀၆) အရ ဒေါ်သူဇာဇံသို့ ငွေကျပ် ၆ ဒသမ ၅၁ သန်းဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချပေးခဲ့ပါကြောင်း၊ ရောင်းချစဉ်က ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် စည်းမျဉ်းသတ်မှတ်ချက်မပါသည့် ရုပ်ရှင်ရုံဖြစ်ပါကြောင်း၊ "ဇိမ်"ရုပ်ရှင်ရုံကို ကုန်သွယ်ရေးဌာနသို့ ၁၉၇၃ ခုနှစ်တွင် လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

အဆိုပါရုပ်ရှင်ရုံများအနက် "မြို့မ" ရုပ်ရှင်ရုံမှအပ ကျန်ရုပ်ရှင်ရုံများသည် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကြီးကြပ်ဆောင်ရွက်နိုင်ခြင်းမရှိသည့် ရုပ်ရှင်ရုံများဖြစ်ပါကြောင်း၊ "မြို့မ"ရုပ်ရှင်ရုံ ဝယ်ယူသူ ဦးထွန်းမောင်က ရုပ်ရှင်ရုံကို ၂၀၁၃ ခုနှစ်အထိ ရုပ်ရှင်ပြသခြင်းအတွက် အသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် ပြသခြင်းမရှိဘဲ ရုံပိတ်ထားသည့်အတွက် ရုပ်ရှင်ပြန်လည်ပြသရေးကို ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တွန်းအားပေးဆောင်ရွက်၍ရသည့် ရုပ်ရှင်ရုံဖြစ်ပါကြောင်း။

ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က အပြီးအပိုင်ရောင်းချခဲ့သည့် နိုင်ငံပိုင်ရုပ်ရှင်ရုံများအနက် မူလရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် တာဝန်ရှိသည့် ရုပ်ရှင်ရုံများကို စာချုပ်ပါ ကတိကဝတ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာနက စစ်တွေမြို့ "မြို့မ"ရုပ်ရှင်ရုံအပါအဝင် တစ်နိုင်ငံလုံးတွင်ရှိသည့် ရုပ်ရှင်ရုံဝယ်ယူသူများအားလုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါကြောင်း။

ယခုလက်ရှိတွင် "မြို့မ"ရုပ်ရှင်ရုံ၏ အောက်ထပ်၌ စားသောက်ဆိုင်ဖွင့်လှစ်ထားရှိပြီး အပေါ်ထပ်တွင် ရုပ်ရှင်ပြသနိုင်ရန်ဆောင်ရွက်လျက်ရှိကာ ရုပ်ရှင်စတင်ပြသနိုင်မည့်နေ့ရက်ကို သတ်မှတ်နိုင်ခြင်းမရှိသေးသည်ကို သိရှိရပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ အခြားရုပ်ရှင်ရုံများမှာ ကျောက်ဖြူမြို့ရှိ အောင်မင်္ဂလာရုပ်ရှင်ရုံ၊ မောင်တောမြို့ရှိ အသံထွက်ရုပ်ရှင်ရုံ၊ သံတွဲမြို့ရှိ သိန်းရုပ်ရှင်ရုံနှင့် ရတနာ (စိတ်ဖြေရာ) ရုပ်ရှင်ရုံများဖြစ်ပါကြောင်း၊ အဆိုပါရုပ်ရှင်ရုံများကိုလည်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က လုပ်ငန်းရှင်များသို့ အပြီးအပိုင်ရောင်းချခဲ့ပြီးဖြစ်သဖြင့် လွှဲပြောင်းရောင်းချခဲ့သည့်စာချုပ်တွင် မူလရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိသည့် ရုပ်ရှင်ရုံများဖြစ်ပါကြောင်း၊ အဆိုပါရုပ်ရှင်ရုံများအား ဝယ်ယူသူများအနေဖြင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်း မရှိသည့်အတွက် ရုပ်ရှင်ပြသနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တွန်းအားပေးဆောင်ရွက်နေခဲ့ရသည့် ရုပ်ရှင်ရုံများဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၈ အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူ၍ စီမံခန့်ခွဲလျက်ရှိသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၂၇ ရုံနှင့် ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ရုံများအနက် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိသည့် ရုပ်ရှင်ရုံ ၉၄ ရုံ စုစုပေါင်း ရုပ်ရှင်ရုံ ၁၂၁ ရုံကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ရုံ ငါးရုံကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းသို့ လွှဲပြောင်းပေးအပ်လိုက်သည့်အတွက် သက်ဆိုင်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်တိုက်တွန်းမှုများဖြင့် ပိုမိုအားစိုက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။


ဒုတိယဝန်ကြီး ဦးအောင်လှထွန်း


မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော


ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်


ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်

သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စစ်တွေမြို့တွင် ရုပ်ရှင်ရုံများ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် စာချုပ်ပါစည်းကမ်းအရ ရုပ်ရှင်ပြသမှုလုပ်ငန်း ဆောင်ရွက်ရမည့် "မြို့မ"ရုပ်ရှင်ရုံကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များက စစ်တွေမြို့တွင် ရုပ်ရှင်ရုံတည်ဆောက်ရန် အဆိုပြုလျှောက်ထားလာပါက ရခိုင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ကြီးကြပ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **နိုင်ငံတစ်ဝန်းမှ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဇာတ်ကားကြီး မပြသမီ ပညာပေးဇာတ်လမ်းတိုများ သို့မဟုတ် ပညာပေးဆောင်ပုဒ်များ ပြသပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာနတွင် ယခင်က မြန်မာ့ရုပ်ရှင်လုပ်ငန်း (မော်ကွန်းရုပ်ရှင်ရုံးခွဲ) ရှိခဲ့ပါကြောင်း၊ ယင်းရုံးတွင် မော်ကွန်းသတင်းမှတ်တမ်းရိုက်ကူးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး နိုင်ငံတော်၏ မူဝါဒနှင့်သက်ဆိုင်သည့် သတင်းမှတ်တမ်းနှင့် ပညာပေးအစီအစဉ်များကို ရိုက်ကူးကာ ရုပ်ရှင်ဇာတ်ကားမပြသမီ ပြသခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ ရုပ်ရှင်ရုံများအား ဖလင်ဖြင့်ပြသသည့် စနစ်မှ Digital စနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ပြီးနောက် နည်းပညာကန့်သတ်ချက်အရ ရုပ်ရှင်ရုံများတွင် နိုင်ငံတော်သီချင်းကိုသာ ပြသနိုင်ခဲ့ပါကြောင်း၊ ပညာပေးဇာတ်လမ်းတိုများနှင့် ဆောင်ပုဒ်များကို Digital စနစ်ဖြင့် ရိုက်ကူးထားခြင်းမရှိသည့်အတွက် ပြသနိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

သို့သော်လည်း ကျန်းမာရေးနှင့်ပတ်သက်သည့် ပညာပေးအစီအစဉ်များအဖြစ် ဇာတ်ဝင်ခန်းများအတွင်း ဆေးလိပ်သောက်သည့်ပြကွက်များ ပါရှိပါက ရုပ်ရှင်ဇာတ်ကားအစတွင် "ဆေးလိပ်သောက်ခြင်းသည် သင်နှင့် သင့်ပတ်ဝန်းကျင်ရှိ လူများ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေပါသည်"ဆိုသည့် စာတန်းထိုးရန်၊ ထိုစာတန်းကို နောက်ခံအသံဖြင့်ပြောကြားပြီး ဆေးလိပ်မသောက်ရ Logo ရေးထိုးဖော်ပြရန်နှင့် ဇာတ်ဝင်ခန်းများအတွင်း ဆေးလိပ်သောက်သည့်ပြကွက်များ ပါရှိပါကလည်း ဆေးလိပ်မသောက်ရ Logo ကို ထည့်သွင်းဖော်ပြစေခြင်းများကို ရုပ်ရှင်ဇာတ်လမ်းခွင့်ပြုစဉ်ကပင် လိုက်နာဆောင်ရွက်စေလျက်ရှိပါကြောင်း။

အလားတူ ရုပ်ရှင်ဇာတ်ကားများတွင် အရက်သောက်သည့်ပြကွက်များ ပါရှိပါက ဇာတ်ကားအစတွင် "သင်အရက်သောက်ခြင်းသည် အသည်းကိုပျက်စီးစေပြီး အသက်ကိုသေစေနိုင်ပါသည်"ဆိုသည့် စာတန်းနှင့် Logo ရေးထိုးဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရုပ်ရှင်ရုံများတွင် ဇာတ်ကားမပြသမီ ပညာပေးဇာတ်လမ်းတိုများ သို့မဟုတ် ပညာပေးဆောင်ပုဒ်များ ပြသပေးရန် လိုအပ်မည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများမှ မူဝါဒနှင့် လမ်းညွှန်မှုများခံယူကာ သင့်တော်သည်များကို Digital စနစ်ဖြင့် ရိုက်ကူးပြီး အချိန်ကာလတစ်ခုသတ်မှတ်၍ နိုင်ငံတော်အလံအလေးမပြုမီ ပြသပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများက ပညာပေးပိုစတာများ ဝေငှလိုပါက ရုပ်ရှင်ကြည့်ပရိသတ်များ မြင်နိုင်သောနေရာတွင် ကပ်ထားပေးခြင်းနှင့် လက်ကမ်းစာစောင်များပေးပို့လာပါက ရုပ်ရှင်ကြည့်ပရိသတ်များကို ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

## နှစ်စဉ်တိုးတက်လိုအပ်လာမည့် လျှပ်စစ်လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ကာ နှစ်ပေါင်းများစွာကတည်းက ကြိုတင်စီမံရခြင်းဖြစ်

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရန်နှင့် လုံလောက်စွာရရှိနိုင်ရေးအတွက် အရန်ပမာဏထားရှိနိုင်ရန်အထိ တိုးမြှင့်ထုတ်လုပ်ခြင်းကို စီမံကိန်းချလုပ်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က အရန်ဓာတ်အားပမာဏ ထားရှိနိုင်ရန်အထိ ဆောင်ရွက်နိုင်ရေးအတွက် မိမိနိုင်ငံ၏ အမြင့်ဆုံးလျှပ်စစ်သုံးစွဲမှုပမာဏထက် နောက်ထပ်အပို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ထပ်မံထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ Reserve Power ဟုဆိုရာတွင် Spinning Reserve နှင့် Cold Reserve နှစ်မျိုးစလုံး လုံလောက်အောင် စီစဉ်ထားနိုင်ရန်လိုအပ်ပြီး နှစ်စဉ်တိုးတက်လိုအပ်လာမည့် လျှပ်စစ်လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ကာ အချိန်မီအောင် နှစ်ပေါင်းများစွာကတည်းက စီမံကိန်းများတည်ဆောက်နိုင်ရန် ကြိုတင်စီမံရခြင်းဖြစ်ပါကြောင်း။

Supply Side မှ လက်ရှိ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုသည် ၃၆၀၀ မဂ္ဂါဝပ်ခန့်ရှိပြီး Demand Side မှ ဓာတ်အားတိုးတက်သုံးစွဲမှုသည် နှစ်စဉ် ၁၃ ရာခိုင်နှုန်းတိုးတက်လာသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများအရ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၄၇၇၄ မဂ္ဂါဝပ်၊ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၅၂၁၀ မဂ္ဂါဝပ်၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၅၆၄၆ မဂ္ဂါဝပ် စသည်ဖြင့် နှစ်အလိုက် ဓာတ်အားတိုးမြှင့် ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ၂၀၁၉-၂၀၂၀ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း အရန်ဓာတ်အားပမာဏအနေဖြင့် ဓာတ်အားထုတ်လုပ်နိုင်မှု၏ ၁၄ ရာခိုင်နှုန်းခန့်အထိ ရရှိလာမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

ဆက်လက်၍ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ **မက်မန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနဖွင့်လှစ်ပေးရန် (၁၂၀ × ၉၀)ပေ အားကစားရုံနှင့် (၄၀၀ × ၃၀၀)ပေ အားကစားကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ပျော်ဘွယ်မြို့နယ် မြောက်ပိုင်းရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာပေါင်း ၃၀ ခန့် လျှပ်စစ်မီးရရှိ သုံးစွဲနိုင်ရန်အတွက် ယင်းတော်ရွာတွင် 33/11KVA 3MVA ဓာတ်အားခွဲရုံ တစ်ရုံနှင့် ကျေးရွာများအတွက် 11KV ဓာတ်အားလိုင်း ၁၂ မိုင်ခန့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **ကိုယ်ထူကိုယ်ထမီးလင်းရေးဖြင့် လျှပ်စစ်ဓာတ်အားရရှိထားသည့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် သတ်မှတ်ထားသော ကြီးမြင့်သည့်နှုန်းကို မတတ်နိုင်သူများ၊ အများနည်းတူ လျှပ်စစ်မီးသုံးစွဲလိုသူများအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **မြန်မာနိုင်ငံတောင်ပိုင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရည်မှန်းတည်ဆောက်နေသော LNG ဓာတ်အားပေးစီမံကိန်း(ကံပေါက်)အား မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိလိုခြင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ အဆိုတင်သွင်းခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသည့် **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို တင်သွင်းသည့် **ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါသည့် ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သည့် မူဝါဒချမှတ်အကောင်အထည်ဖော်ရေး အစိုးရအားတိုက်တွန်းကြောင်း** အဆိုကို ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က ပြည်တွင်းတွင် ဘိုးဘွားစဉ်ဆက်သုံးစွဲလာခဲ့သည့် ကွမ်းယာ၊ ဆေးလိပ်များကို ဥပဒေအရမတားမြစ်သင့်ပါကြောင်း၊ စာသင်ကျောင်း၊ တက္ကသိုလ်၊ ရုံးများ၊ ဘူတာရုံ၊ ကားဂိတ်များတွင်သာ ဆေးလိပ်၊ ကွမ်းယာမသုံးအောင် တားမြစ်သင့်ပါကြောင်း၊ ထို့ပြင် စည်ပင်ရေိယာအတွင်း ကွမ်းယာဆိုင်များကိုလည်း ကြိုတင်စာရင်းကောက်ယူပြီး အထူးဈေးနှုန်းနှင့် အခွန်ကောက်သင့်ပါကြောင်း၊ သို့မဟုတ်ပါက ဆေးလိပ်၊ ကွမ်းယာသုံးစွဲမှုများလာပြီး မူးယစ်စွဲသူလူငယ်များ များပြားလာနိုင်ပါကြောင်း၊ ထို့ကြောင့် ဆေးလိပ်၊ ကွမ်းယာသောက်သုံးမှုရပ်တန့်တားဆီးလျှော့ချရေးအဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်က ကမ္ဘာပေါ်တွင် ဆေးရွက်ကြီးကို နိုင်ငံတိုင်းသုံးစွဲကြသော်လည်း အရှေ့တောင်အာရှဒေသသည် တစ်ကမ္ဘာလုံး သုံးစွဲမှု၏ ၈၉ ရာခိုင်နှုန်းရှိပါကြောင်း၊ ကွမ်းယာစားသုံးမှု အများဆုံးနိုင်ငံများသည် မြန်မာ၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ထိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့ဖြစ်သည်ကို လေ့လာသိရှိရပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၈ ခုနှစ် စစ်တမ်းအရ ကွမ်းယာ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲရာမှ ဖြစ်ပေါ်လာသည့်ရောဂါကြောင့် သေဆုံးသူပေါင်း နှစ်စဉ် ၆၅၀၀၀ ခန့် ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆေးလိပ်၊ စီးကရက် အလိပ်ရေ နှစ်စဉ် ၁၂ ဘီလီယံကျော်သုံးစွဲသည်ဟု သိရှိရပါကြောင်း။

*စာမျက်နှာ ၈ သို့*

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အဦ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ၂၀၁၉ - ၂၀၂၀ စာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၆၅၁ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပါကြောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ထားသော ကျောင်းသား ကျောင်းသူဦးရေမှာ ၂၄၀ ဖြစ်ပါကြောင်း၊ သွားရေးလာရေးခက်ခဲသည့် ဒေသဖြစ်ပါက အနီးဆုံးအလယ်တန်းဆင့်သင်ကျောင်းနှင့် နှစ်မိုင်အထက် ကွာဝေးရမည်ဖြစ်ပြီး သွားရေးလာရေးလွယ်ကူသည့် ဒေသဖြစ်ပါက သုံးမိုင်အထက် ကွာဝေးရမည်ဖြစ်ပါကြောင်း။

## ဖားအောက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)သည် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိ

ဖားအောက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အလယ်တန်းဆင့်သင် ကျောင်းသား၊ ကျောင်းသူ ၁၉၉ ဦး သာရှိပါကြောင်း၊ အနီးဆုံး အလယ်တန်းဆင့်သင်ကျောင်းဖြစ်သော ကော့ခမယ်-အခြေခံပညာအထက်တန်းကျောင်းနှင့် တစ်မိုင်ခန့်သာ ကွာဝေးပါကြောင်း၊ ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပိတောက်ခေါင်းကျေးရွာအုပ်စု မေငွန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား အရေးပေါ် အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မေငွန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ပေ(၁၂၀× ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်၏ အမိုး၊ ဒိုင်း၊ မြားတန်း၊ မျက်နှာကြက်၊ အခင်းနှင့်ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သောရန်ပုံငွေကျပ် ၂၃ ဒသမ ၈၆၈ သန်းကို ၂၀၁၉ ခုနှစ် ဇွန် ၁၈ ရက်တွင် ခွဲဝေပေးခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းများ၌ လိုအပ်လျက်ရှိသည့် ကျောင်းဆောင်များကို တင်ပြတောင်းခံရာတွင် တွက်ချက်မှုများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးအတွက် တစ်ပြေးညီ မူဝါဒတစ်ခုချမှတ်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများ၊ ရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ စာကြည့်တိုက်များ၊ သိပ္ပံဆောင်များ၊ ကျောင်းခြံစည်းရိုးနှင့် သန့်စင်ခန်းများအတွက် Detail Drawing များ ရေးဆွဲပြုစုထားပြီး နှစ်စဉ် "အခမဲ့"ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

ထို့ပြင် ဒေသအခြေအနေအရ ပုံစံပြောင်းလဲဆောက်လုပ်ရန် လိုအပ်ပါကလည်း ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ကျောင်းအကျိုးတော်ဆောင်များမှ ငွေကြေးအကုန်အကျခံပြီး Detail Drawing များ ရေးဆွဲတင်ပြစရာ မလိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လုံခြုံဘေးကင်းပြီး ကလေးပျော် စံပြစာသင်ကျောင်းဆောက်လုပ်ရေး လမ်းညွှန်စာအုပ်ကို ရေးဆွဲပြုစုထားပြီးဖြစ်ပါကြောင်း၊ ဒေသလိုအပ်ချက်အရ တစ်ပြေးညီစံနှုန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မြန်မာနိုင်ငံတွင် နိုင်ငံခြားအကူအညီ၊ နိုင်ငံတကာအဖွဲ့အစည်းများ အကူအညီဖြင့် ပူးပေါင်းဖွင့်လှစ်သင်ကြားသော AGTI/GTC အဆင့် စက်မှုသိပ္ပံကျောင်းပေါင်း မည်မျှရှိသည်နှင့် ရခိုင်ပြည်နယ်တွင် ယင်းကဲ့သို့ ကျောင်းအမျိုးအစားတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)နှင့် ဂျာမနီနိုင်ငံ(GIZ)တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ မေအတွင်း မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ တစ်လုံးထိုးအင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ လျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းတို့အား ဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်

ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းအားလုံး အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနိုင်မည့် အခွင့်အလမ်းများ တစ်ပြေးညီရရှိစေရေးအတွက် ရွေ့လျားကာလတို သက်မွေးပညာသင်တန်းများကို ILO နှင့်ပူးပေါင်း၍ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့တွင် ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကျောင်းသစ်တစ်ကျောင်း ပူးပေါင်းဖွင့်လှစ်ရန် ကမ်းလှမ်းလာပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၏ သဘောတူခွင့်ပြုချက်၊ ဒေသ၏လိုအပ်ချက်များနှင့်အညီ စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

## ပြည်တွင်းထုတ်လုပ်မှုစရိတ်ကို သက်သာစေပြီး ထုတ်ကုန်အရေအတွက် တိုးတက်စေခြင်းနည်းလမ်း၊ ပို့ကုန်မြှင့်တင်ခြင်း နည်းလမ်းတို့ဖြင့် ပြည်တွင်းလုပ်ငန်းရှင်များကို အားပေးလိုကြောင်း ဆွေးနွေး

ထို့နောက် **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်း**နှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ပြည်တွင်းထုတ်ကုန်များ တိုးတက်များပြားလာစေရန်၊ ပြည်တွင်းဖူလုံရေးနှင့် ပြည်ပပို့ကုန် တိုးတက်စေရန်အတွက် အခွန်လျှော့ပေါ့ခြင်း၊ စာချုပ်များ၌ ဖြေလျှော့ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အချို့သောကုန်စည်များကို အခွန်မြှင့်တင်ခြင်းဖြင့်ဖြစ်စေ၊ ပို့ကုန်များကို အခွန်လျှော့ပေးခြင်းဖြင့်ဖြစ်စေ သွင်းကုန်ပမာဏ မြင့်တက်ခြင်းကို ကာကွယ်နိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုစရိတ်ကို သက်သာစေပြီး ထုတ်ကုန်အရေအတွက် တိုးတက်စေခြင်းနည်းလမ်း၊ ပို့ကုန်မြှင့်တင်ခြင်းနည်းလမ်းတို့ဖြင့် ပြည်တွင်းလုပ်ငန်းရှင်များကို အားပေးလိုပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်က သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အကြံပြုလိုပါကြောင်း၊ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ရန်၊ နိုင်ငံတကာဥပဒေများနှင့်အညီ ဆောင်ရွက်ရန်အတွက် ဥပဒေပညာရှင်တစ်ဦးပါဝင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးနှင့် ပြည်တွင်း ပြည်ပ ကုန်သွယ်လုပ်ငန်းလုပ်ကိုင်သူများ ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးပါဝင်ရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲတင့်အောင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့က ယင်းဥပဒေကြမ်းနှင့် ပတ်သက်၍ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ဆွေးနွေးတင်ပြကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း တင်သွင်းထားသည့် **ကျေးလက်နေအမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန် စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန်၊ နေရပ်စွန့်ခွာ၍ ရေမြေခြားအလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန် အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေးရှာဖွေပေးခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများစုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဝင်းဇော်က အလုပ်လုပ်နိုင်သည့် နိုင်ငံသားအားလုံးနီးပါးအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်ရန်ဆိုသည်မှာ ဈေးကွက်စီးပွားရေးစနစ်နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးပြီးဖြစ်သည့် နိုင်ငံများတွင်လည်း ကြီးမားသည့် စိန်ခေါ်မှုတစ်ခုဖြစ်နေပါကြောင်း၊ အလုပ်လက်မဲ့များ၏ အဓိကစိန်ခေါ်မှုမှာ နည်းပညာနှင့် အရင်းအနှီးဖြစ်ပါကြောင်း၊ ထို့ပြင် စီးပွားရေးမူဝါဒနှင့် စီးပွားရေးပညာ နည်းပါးခြင်းသည်လည်း အရေးပါနေပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က မူဝါဒများသည် လက်တွေ့အနေအထားဖြင့် ကိုက်ညီရန် လိုအပ်ပါကြောင်းနှင့် ကျား/မ ရေးရာကို အလေးထားထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ ကျေးလက်နေအမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် လက်မှုပညာရပ်များတွင် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုများပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းဟန်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်

(၄)မှ ဦးအောင်ကြည်ညွန့်တို့က ကျေးလက်နေအမျိုးသမီးများအတွက် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ရှာဖွေပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း စသည့်ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နေရပ်စွန့်ခွာ၍ ရေခြားမြေခြားအလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲများနှင့် ဈေးရောင်းပွဲတော်များ ကျင်းပ၍ ဈေးကွက်ဖော်ထုတ်ရှာဖွေပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်က မူဝါဒချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဏ္ဍိုင်(၃)ရပ်နှင့်အညီ ဝန်ကြီးဌာနအသီးသီးမှ မိမိတို့လုပ်ငန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်းနှင့် Mechanisms အောက်တွင် အဆင့်လိုက် ပါဝင်စီမံထားရှိပြီး ဖြစ်သည့်အတွက် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ဆန္ဒရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်ဝင်းက **ရှေးအစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက်နေပြည်သူများ ထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/တမံငယ်များကို ရေချိုမိုးရေ စုဆောင်းသိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ မြေအောက်ရေဖြည့်ဆည်းရန်၊ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေရရှိရန်၊ သဘာဝဂေဟစနစ်မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေး သဘောတူကြောင်း ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးပို့ကြရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လူကျော်(သတင်းစဉ်)၊ ဓာတ်ပုံ- ထိုက်ထိုက်**

---

*စာမျက်နှာ ၇ မှ*

ကွမ်းယာ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးသုံးစွဲမှုကြောင့် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် နှလုံးသွေးကြောကျဉ်းရောဂါများ အစရှိသည့် မကူးစက်တတ်သော ရောဂါဖြစ်ပွားမှုနှုန်းနှင့် ယင်းရောဂါများကြောင့် အချိန်မတိုင်မီ သေဆုံးမှုနှုန်းမြင့်မားလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေးကို အန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိနေသည့်အပြင် မူးယစ်ဆေးဝါးအစ ဆေးလိပ်၊ ကွမ်းယာက ဆိုသည့် အချက်ကို သတိပြုရမည်ဖြစ်ပါကြောင်း။

ယနေ့ရောင်းချလျက်ရှိသည့် စီးကရက်ဘူးများတွင် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီး သုံးစွဲခြင်း၊ ကွမ်းစားခြင်းကြောင့် လည်ချောင်းကင်ဆာဖြစ်နိုင်သည်ဟု ရေးထားသကဲ့သို့ ဆေးလိပ်၊ ကွမ်းယာရောင်းသည့် ဈေးဆိုင်တိုင်းတွင်လည်း အလားတူ အန္တရာယ်ဖြစ်နိုင်ကြောင်း သတိပေး ဗီနိုင်းဆိုင်းဘုတ်များကို မဖြစ်မနေချိတ်ဆွဲထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများအပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံသင့်ပါကြောင်း၊ တိုးမြှင့်အခွန်ကြောင့် လူ့အသက်များကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးသည်။

ထို့အတူ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်နှင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်တို့က ဆွေးနွေးကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယင်းအဆိုနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဥပဒေပါပြဋ္ဌာန်းချက်များ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိသောကြောင့် အဆိုအား အတည်ပြုသင့်ပါကြောင်း ပြောကြားရာ လွှတ်တော်က သဘောတူသည့်အတွက် ယင်းအဆိုကို အတည်ပြုခဲ့သည်။

**သတင်း-မော်စီ၊ မွှေးကြူဇင်၊ ဓာတ်ပုံ-ထိုက်ကြီး**

# မလေးရှားနိုင်ငံ အကြီးအကဲ၏ ပြောကြားချက်အပေါ် မြန်မာနိုင်ငံက ကန့်ကွက်

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး Mr. Zahairi Baharim အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အမြဲတမ်းအတွင်းဝန်က မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၏ မကြာသေးမီက သတင်းမီဒီယာနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည့် မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား နိုင်ငံသားပေးသင့်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ပေးသင့်ကြောင်းနှင့် မြန်မာနိုင်ငံတွင် အစုလိုက်အပြုံလိုက် လူမျိုးတုံးသတ်ဖြတ်မှုများ ဖြစ်ပေါ်နေကြောင်း ပြောကြားခဲ့မှုအပေါ် ကန့်ကွက်ပြောကြားခဲ့သည်။

အမြဲတမ်းအတွင်းဝန်က အထက်ပါ ပြောကြားချက်များသည် ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသိုက်အဝန်းများအကြား သဟဇာတဖြစ်မှုအတွက် ရေရှည်တည်တံ့မည့်အဖြေရရှိရန် မြန်မာအစိုးရနှင့် အာဆီယံတို့ ပူးပေါင်းဆောင်ရွက်နေမှုများကို အထောက်အကူမပြုကြောင်း၊ ထို့ပြင် တစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားလိုက်နာရန်ဟူသော အာဆီယံ၏မူဝါဒများကိုလည်း သွေဖည်ရာရောက်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှုများ ဖြစ်ပွားနေသည်ဟူသော တစ်ဖက်သတ် စွပ်စွဲပြောကြားမှုများမှာ အပြုသဘောမဆောင်သည့်အပြင် အာဆီယံပဋိညာဉ်ပါမူဝါဒများကိုလည်း ချိုးဖောက်ရာရောက်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လက်မခံကြောင်း ကန့်ကွက်ပြောကြားခဲ့သည်။

**သတင်းစဉ်**

## ဖက်စပ်အသက်အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိမည့် ပြည်တွင်းအသက်အာမခံ ကုမ္ပဏီများနှင့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများအမည်စာရင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ကြေညာချက်အမှတ် ( ၃/၂၀၁၉)**
**၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၅ ရက်**

**ဖက်စပ်အသက်အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိမည့် ပြည်တွင်းအသက်အာမခံ ကုမ္ပဏီများနှင့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများအမည်စာရင်းထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖက်စပ်အသက်အာမခံလုပ်ငန်း အဆိုပြုလျှောက်လွှာပါ လိုင်စင်စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များပြီးဆုံး၍ အကဲဖြတ်စံနှုန်းများနှင့် ကိုက်ညီသည့်ပြည်တွင်း အသက်အာမခံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများကို မြန်မာနိုင်ငံတွင် အသက်အာမခံလုပ်ငန်းအား ဖက်စပ်ပုံစံဖြင့် ဆောင်ရွက်ခွင့်ပြုမည့် အသက်အာမခံကုမ္ပဏီများအဖြစ် (အက္ခရာစဉ်အလိုက်) အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) Capital Life Insurance Limited and Taiyo Life Insurance Company Limited;
(ခ) Citizen Business Insurance Public Limited and Thai Life Insurance Public Company Limited; and
(ဂ) Grand Guardian Life Insurance Company Limited and Nippon Life Insurance Company.

၂။ ဖက်စပ်အသက်အာမခံလုပ်ငန်းဆောင်ရွက်ခွင့်ရမည့် ပြည်တွင်းအသက်အာမခံကုမ္ပဏီများနှင့် နိုင်ငံခြားအသက်အာမခံ ကုမ္ပဏီများသည် ဝန်ကြီးဌာနကသတ်မှတ်ထားသည့် လိုင်စင်အကြိုလုပ်ငန်းစဉ်များအား မဖြစ်မနေဖြည့်ဆည်းဆောင်ရွက်ရမည့်အပြင် ဖက်စပ်အသက်အာမခံလုပ်ငန်းစတင်ချိန်တွင် ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကိုလည်း ဆောင်ရွက်ထားရမည်ဖြစ်သည်။ လိုင်စင်အကြိုလုပ်ငန်းစဉ်များဆောင်ရွက်ပြီးစီးပါက ဝန်ကြီးဌာနသည် ပြည်တွင်းအသက်အာမခံကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများအား ဖက်စပ်အသက်အာမခံလုပ်ငန်းလိုင်စင်ထုတ်ပေးသွားမည်ဖြစ်သည်။

## ဖက်စပ်အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမည့် ပြည်တွင်းအထွေထွေအာမခံ ကုမ္ပဏီများနှင့် နိုင်ငံခြားအထွေထွေအာမခံကုမ္ပဏီများ အမည်စာရင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ကြေညာချက်အမှတ် (၄/၂၀၁၉)**
**၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၅ ရက်**

**ဖက်စပ်အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမည့် ပြည်တွင်းအထွေထွေအာမခံ ကုမ္ပဏီများနှင့် နိုင်ငံခြားအထွေထွေအာမခံကုမ္ပဏီများ အမည်စာရင်းထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖက်စပ်အထွေထွေအာမခံလုပ်ငန်း အဆိုပြုလျှောက်လွှာပါ လိုင်စင်စိစစ် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များပြီးဆုံး၍ အကဲဖြတ်စံနှုန်းများနှင့် ကိုက်ညီသည့် ပြည်တွင်း အထွေထွေအာမခံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားအထွေထွေ အာမခံကုမ္ပဏီများကို မြန်မာနိုင်ငံတွင် အထွေထွေအာမခံလုပ်ငန်းအား ဖက်စပ်ပုံစံဖြင့် ဆောင်ရွက်ရမည့် အထွေထွေအာမခံကုမ္ပဏီများအဖြစ် (အက္ခရာစဉ်အလိုက်) အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) AYA Myanmar General Insurance Company Limited and Sompo Japan Nipponkoa Insurance Inc.;
(ခ) Grand Guardian General Insurance Company Limited and Tokio Marine and Nichido Fire Insurance Company Limited; and
(ဂ) IKBZ Insurance Company Limited and Mitsui Sumitomo Insurance Company Limited

၂။ ဖက်စပ်အထွေထွေအာမခံလုပ်ငန်းဆောင်ရွက်ခွင့်ရမည့် ပြည်တွင်းအထွေထွေ အာမခံကုမ္ပဏီများနှင့် နိုင်ငံခြားအထွေထွေ အာမခံကုမ္ပဏီများသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လိုင်စင်အကြိုလုပ်ငန်းစဉ်များအား မဖြစ်မနေ ဖြည့်ဆည်း ဆောင်ရွက်ရမည့်အပြင် ဖက်စပ်အထွေထွေ အာမခံလုပ်ငန်းစတင်ချိန်တွင် ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကိုလည်း ဆောင်ရွက်ထားရမည်ဖြစ်သည်။ လိုင်စင်အကြိုလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးပါက ဝန်ကြီးဌာနသည် ပြည်တွင်းအထွေထွေ အာမခံကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားအထွေထွေအာမခံကုမ္ပဏီများအား ဖက်စပ်အထွေထွေအာမခံ လုပ်ငန်း လိုင်စင်ထုတ်ပေးသွားမည်ဖြစ်သည်။

## မန်းရေနံမြေဒေသခံတောင်သူများအတွက် ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်စိုက်ပျိုးနည်းသင်တန်း ဖွင့်လှစ်ပို့ချ

**မင်းဘူး ဇူလိုင် ၃၁**

မန်းရေနံမြေ ဒေသခံတောင်သူများအတွက် ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်စိုက်ပျိုးနည်း သင်တန်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P က နယ်သာလန်နိုင်ငံ အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးရေးနည်းပညာ အကူအညီများ ပံ့ပိုးလျက်ရှိသော East-West Seed နှင့် ပူးပေါင်း၍ ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မန်းရေနံမြေ၌ ပို့ချခဲ့သည်။

**ခေတ်မီစိုက်ပျိုးနည်းစနစ်**

အဆိုပါ သင်တန်းသည် မန်းရေနံမြေ ဒေသခံများအနေဖြင့် မိရိုးဖလာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ခရမ်းချဉ်နှင့် ငရုတ်စိုက်ပျိုးနည်းများကို ခေတ်မီ စိုက်ပျိုးနည်းစနစ်များ အသုံးပြု၍ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် ဈေးကွက်ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ ပို့ချခြင်းဖြစ်သည်။

ဓာတုဆေးကင်းလွတ်သည့် ဒေသထွက်ဟင်းသီးဟင်းရွက်များ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနည်း၊ ပိုးမွှားနှင့် ရောဂါကျရောက်နိုင်မှု အခြေအနေ၊ စိုက်ပျိုးမြေပေါင်ပြုလုပ်နည်း၊ ပျိုးခင်းထားသိုနည်း၊ ပလတ်စတစ်အုပ်ဆိုင်းနည်းနှင့် ရေလောင်း၊ ရေသွင်းနည်းတို့ကို East - West Seed မှ သင်တန်းမှူးများက ဒေသခံတောင်သူများကို လက်တွေ့လေ့ကျင့်သရုပ်ပြခြင်းဖြင့် သင်ကြားပို့ချခဲ့သည်။ **(ယာပုံ)**

နှစ်ရက်တာ သင်တန်းကို ခရမ်းချဉ်နှင့် ငရုတ်သီးနှံ စိုက်ပျိုးနည်းသစ်များဖြင့် စနစ်တကျ ရေရှည်စိုက်ပျိုးထုတ်လုပ်လိုသည့် ဒေသခံတောင်သူ ၄၁ ဦး တက်ရောက်ခဲ့သည်။

ထို့ပြင် East - West Seed သည် ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်စိုက်ပျိုးနည်းစနစ်သစ်များဖြင့် စိုက်ပျိုးထုတ်လုပ်မှုကို စိတ်ဝင်စားသည့် တောင်သူလေးဦးကို ရွေးချယ်၍ အခြားတောင်သူများ လေ့လာနိုင်မည့် စံပြစိုက်ကွက်များအဖြစ် စိုက်ပျိုးပြသနိုင်ရန် အနီးကပ်အကူအညီများ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်သည်။

**ဥယျာဉ်စိုက်ပျိုးနည်းပို့ချ**

MPRL E&P သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မန်းရေနံမြေ ဒေသခံများအတွက် သက်မွေးပညာသင်တန်း အစီအစဉ်များကို အရှိန်မြှင့်တင်ဖွင့်လှစ်ပို့ချလျက်ရှိပြီး ယခုနှစ်ဇူလိုင်လအတွင်း ဒေသခံအမျိုးသမီး အစုအဖွဲ့များအတွက် အသင့်စား စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း၊ သက်မွေးပညာ သင်တန်းသားဟောင်းများ အတွက် အသေးစားနှင့် အလတ်စားစီးပွားရေး စီမံခန့်ခွဲမှုသင်တန်းနှင့် ဒေသခံတောင်သူများအတွက် ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်စိုက်ပျိုးနည်းသင်တန်းတို့ကို ပို့ချခဲ့ပြီးဖြစ်ကာ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၆ ဦး တက်ရောက်သင်ကြားခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**



## စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဆုရရှိသူများအား ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံးတွင် ဇူလိုင် ၃၀ ရက်က ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းဦးစီးမှူး၊ ဒုတိယတိုင်းဦးစီးမှူးများ၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက အမှာစကားပြောကြားပြီး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## ပဲခူးတွင် လုပ်ငန်းဝင်သင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၃၁**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ ဒုဦးစီးမှူး (မြို့ပြ)များအား ဦးစီးမှူး (မြို့ပြ) ရာထူးသို့ သတ်မှတ်ချက်နှင့်အညီ တိုးမြှင့်ပေးနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် ဦးစီးမှူး (မြို့ပြ) လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၂၄) ဖွင့်ပွဲကို ဇူလိုင် ၂၉ ရက်က ပဲခူးမြို့ရှိ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ၌ ကျင်းပရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က အမှာစကား ပြောကြားသည်။ သင်တန်းကို ဩဂုတ် ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၆၅ ဦးတက်ရောက်ကြောင်း သိရသည်။

**သပြေထွန်း**

# ဒဂုံတောင်-သုဝဏ္ဏ-ငမိုးရိပ်မြစ်ကူးတံတား တည်ဆောက်နိုင်မှုဟာ ပြည်သူတွေအတွက် ချက်ချင်းလက်ငင်း အကျိုးရှိစေတဲ့ စီမံကိန်းတစ်ခုပါ

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်**

**ရန်ကုန်မြို့၏ အရှေ့တောင်ပိုင်းတွင် တည်ရှိသော ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်သည် ၁၉၈၉ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ကာ ၁၉၉၀ ပြည့်နှစ်တွင် ဒဂုံမြို့သစ်တောင်ပိုင်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းဟူ၍ ခွဲခြားသတ်မှတ်ခဲ့ပြီး ယခုဆိုလျှင် နှစ်ပေါင်း ၃၀ နီးပါးခန့် သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သည်။**



ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံများ တွေ့ဆုံစဉ်။

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်သည် မြောက်ဘက်တွင် ၁၂ မိုင်၊ အရှေ့အနောက်သုံးမိုင် စုစုပေါင်း စတုရန်းမိုင် ၃၀ ဒသမ ၅၄၅ မိုင် ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း ၃၂ ခု ပါဝင်သည်။ လူဦးရေ သုံးသိန်း ခုနစ်သောင်းကျော် နေထိုင်လျက်ရှိသည်။

သယ်ယူပို့ဆောင်ရေးအနေဖြင့် မြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းမှ ယာဉ်အစီးရေ ၄၈၁ စီး၊ ကုန်တင်ယာဉ် ၄၇၂ စီး၊ လူစီးယာဉ် ၅၅၂ စီး၊ အခြား ၅၅ စီး နေ့စဉ် ဝင်ထွက်သွားလာနေသော မြို့လည်းဖြစ်သည်။

**မြစ်ကူးတံတား တစ်စင်းသာ အသုံးပြုခဲ့ရ**

ထို့ပြင် စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)၊ စက်မှုဇုန်(၃)၊ ၁၄၄ ရပ်ကွက် စက်မှုဇုန်စသည်ဖြင့် စက်မှုဇုန်လေးခုမှ စက်ရုံအလုပ်ရုံပေါင်း ၁၃၆၈ ခု လုပ်ကိုင်လျက်ရှိသည်။ ယင်းစက်မှုလက်မှုလုပ်ငန်းများသို့ သွားလာနေသောယာဉ်များ စီးပွားရေးတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်နှင့် ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန လိုင်စင်ရုံးများသို့ သွားလာနေသောယာဉ်များသည် မြို့သစ် စတင် တည်စဉ်ကတည်းကပင် ငမိုးရိပ်ချောင်း မြစ်ကူးတံတား တစ်စင်းတည်းကိုသာ အသုံးပြု သွားလာနေခဲ့ရသည်။

ယင်းမြစ်ကူးတံတားကို ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်တွင် ဝင်ထွက်သွားလာနေသော ယာဉ်များ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ လှည်းကူး၊ ပဲခူးသို့ အမှတ်(၂) ကားလမ်းမကြီးအတိုင်း ဝင်ထွက်သွားလာသော ယာဉ်များပါ အသုံးပြုလျက်ရှိသဖြင့် လမ်းပိတ်ဆို့မှုများ၊ ယာဉ်ကြောကျပ်တည်းမှုများ အမြဲလိုလို ဖြစ်ပေါ်လျက်ရှိသည်။

“ကျွန်တော်တို့ ဒဂုံမြို့သစ်က ဖွံ့ဖြိုးမှုလည်း နောက်ကျတော့ လိုအပ်တာတွေ အများကြီးပါ။ မြို့ထဲဘက်ကိုထွက်ရင် ဒဂုံမြို့သစ် တောင်မြောက်လမ်းဆုံက ငမိုးရိပ်တံတားတစ်စင်းကိုပဲ သုံးနေရတော့ ရုံးချိန်တွေဆိုရင် ကားလမ်းကျပ်တဲ့ဒုက္ခကို တော်တော်ခံစားရတယ်။ လိုင်းကားတွေ၊ ကိုယ်ပိုင်ယာဉ်တွေ၊ ကျောင်းကြိုပို့ယာဉ်တွေ အများကြီးသုံးနေတော့ ဒီလိုဖြတ်ထွက်တဲ့လမ်းကြောင်း တစ်ခုတော့ လိုတယ်ဆိုပြီး လွှတ်တော်ကို ကြယ်ပွင့်ပြမေးခွန်းနဲ့ ဒဂုံမြို့သစ်တောင်ပိုင်း သုဝဏ္ဏ ငမိုးရိပ်တံတားတစ်စင်းကို တင်ပြတောင်းခံခဲ့တာ ဖြစ်ပါတယ်” ဟု ဒဂုံမြို့သစ်တောင်ပိုင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအေးနိုင်က ပြောသည်။

ထို့ကြောင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၇ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် ဒဂုံမြို့သစ်တောင်ပိုင်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် (သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်း မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တွင် ပြည်သူလူထုသွားလာရေး လွယ်ကူစေရန်နှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန်အတွက် ဒဂုံမြို့သစ်တောင်ပိုင်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် (သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်း မြစ်ကူးတံတား တစ်စင်း တည်ဆောက်ပေးရန်နှင့် ပတ်သက်၍ ထိုစဉ်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငမိုးရိပ်ချောင်းပေါ်တွင် ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ ဆက်သွယ်ထားသော မဟာဗန္ဓုလတံတား၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ ဆက်သွယ်ထားသော သာကေတတံတား၊ သဃ်္ဃန်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့ ဆက်သွယ်ထားသော သုဝဏ္ဏတံတား၊ သဃ်္ဃန်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့ ဆက်သွယ်ထားသော သုဝဏ္ဏတံတားအမှတ် (၂)၊ သဃ်္ဃန်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့ ဆက်သွယ်ထားသော ကမာကြည်တံတား၊ သဃ်္ဃန်းကျွန်းမြို့နယ်နှင့် ဒဂုံမြောက်ပိုင်းမြို့နယ်တို့ ဆက်သွယ်ထားသော ငမိုးရိပ်တံတား၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြောက်ပိုင်းမြို့နယ်တို့ ဆက်သွယ်ထားသော ပါရမီတံတား၊ တောင်ဥက္ကလာပမြို့နယ်နှင့်ဒဂုံမြောက်ပိုင်းမြို့နယ်တို့ ဆက်သွယ်ထားသော ပါရမီတံတားအမှတ်(၂)၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြောက်ပိုင်းမြို့နယ်တို့ ဆက်သွယ်ထားသော ငမိုးရိပ်တံတား(ဗိုလ်ဗထူး)တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ခြင်းဖြစ်ပါကြောင်း။

မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြောက်ပိုင်းမြို့နယ်တို့ ဆက်သွယ်ထားသော ဒဂုံမြို့သစ်တံတား၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြောက်ပိုင်းမြို့နယ်တို့ ဆက်သွယ်ထားသော ဒဂုံမြို့သစ် လူကူးကြိုးတံတား၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြောက်ပိုင်းမြို့နယ်တို့ ဆက်သွယ်ထားသော ငမိုးရိပ်တံတား (သုနန္ဒာ)၊ ရွှေပေါက်ကံမြို့သစ်နှင့် ဒဂုံအရှေ့မြို့နယ်တို့ ဆက်သွယ်ထားသော ရွှေပေါက်ကံတံတားနှင့် လှည်းကူးမြို့နယ်နှင့် ဒဂုံအရှေ့မြို့နယ်တို့ ဆက်သွယ်ထားသော ငမိုးရိပ်တံတား (ဒဂုံအရှေ့မြို့နယ်) စုစုပေါင်းတံတားကြီး ၁၆ စင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ ဆက်သွယ်ထားသော သာကေတတံတားအသစ် အရှည် ၂၅၃ မီတာအား ဂျပန်နိုင်ငံမှ JICA ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း။

**လမ်းမကြီးများ ချိတ်ဆက်မည့် လမ်းကွန်ရက်**

ယခု ဆောင်ရွက်ပေးရန် တင်ပြထားသော ဒဂုံမြို့သစ်တောင်ပိုင်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် (သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်းကူးတံတားတစ်စင်း တည်ဆောက်နိုင်ရန်အတွက် သဘောများ သွားလာသည့် ချောင်းဖြစ်သည့်အတွက် ရေလမ်းကင်းလွတ်အမြင့်နှင့် အကျယ်တို့ကိုလည်းကောင်း၊ တံတား၏ ချဉ်းကပ်လမ်းတည်ဆောက်နိုင်မည့် နေရာနှင့် တံတားပေါ်သို့ ဝင်ရောက်နိုင်မည့် ချဉ်းကပ်လမ်း အခြေအနေတို့ကိုလည်းကောင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် (သုဝဏ္ဏ)ဘက်ကမ်းတို့တွင် တံတားကို ဆက်သွယ်လာမည့် အဓိကလမ်းမကြီးများက ချိတ်ဆက်နိုင်မည့် လမ်းကွန်ရက်တို့ကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကွင်းဆင်းလေ့လာကာ ဖြစ်နိုင်စွမ်းရှိသည့်နေရာကို ရွေးချယ်ပြီး ပြန်လည် တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးနိုင်က “ဆောက်လုပ်ရေးဝန်ကြီးက ကွင်းဆင်းကြည့်ရှုပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ပြီး လိုအပ်ရင် တည်ဆောက်ပေးပါမယ်ဆိုပြီး ဖြေခဲ့ပါတယ်။ သူတို့ ကတိကဝတ်အတိုင်း ကွင်းဆင်းကြည့်ရှုပြီး လိုအပ်တဲ့အတွက် တည်ဆောက်ပေးခဲ့ပါတယ်”ဟု ပြောသည်။

တောင်ဒဂုံ- သုဝဏ္ဏတံတားသစ် တည်ဆောက်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တင်ဒါခေါ်ယူခဲ့ပြီး မြတ်နိုးသူကုမ္ပဏီက ၂၀၁၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ တံတားအမျိုးအစားမှာ အာစီကွန်ကရစ်အမျိုးအစားဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့် ၅ ဒသမ ၅ မီတာမြင့်ကာ ခံနိုင်ဝန် ၇၅ တန်ဖြစ်ကြောင်း သိရသည်။

တောင်ဒဂုံ- သုဝဏ္ဏတံတားအသစ်သည် ငမိုးရိပ်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည့် ၁၉ စင်းမြောက်တံတားဖြစ်ပြီး မြန်မာကျပ်ငွေသန်းပေါင်း ၅၀၀၀ အကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါ တံတားကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ယာဉ်များ စတင်ဖြတ်သန်းသွားလာခွင့်ပြုခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

**သွား ရေး၊ လာရေး ပိုမို အဆင်ပြေ**

ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်တွင် အနှစ် ၂၀ ကျော်နေထိုင်ခဲ့သူ ဦးကျော်မြင့်က “အရင်တုန်းကဆိုရင် လေးထောင့်ကန်လမ်း၊ ဒါမှမဟုတ် ရောဝဏ်လမ်းဘက်က ထွက်ရတယ်။ မြို့ထဲကို ရှုခင်းသာဘက်က ထွက်ရတယ်။ မြောက်ဒဂုံ၊ တောင်ဒဂုံ၊ ပဲခူးဘက်ကလာတဲ့သူတွေ အကုန်လုံးက အဲဒီတံတားကို အသုံးပြုကြတယ်။ အရင်တုန်းက လမ်းနှစ်လမ်းရှိတယ်။ အခုက သုံးလမ်းဖြစ်သွားတဲ့အတွက် ပိုအဆင်ပြေသွားပါတယ်။ ဒဂုံတောင်တံတားအသစ်ဆောက်လုပ်လိုက်တဲ့အတွက် သွားရေး၊ လာရေးက အရင်ကထက် ပိုမို အဆင်ပြေလွယ်ကူသွားတယ်။ အရင်ကဆို တာမွေကို သွားမယ်ဆိုရင် ၄၅ မိနစ်၊ ၁ နာရီ လောက်ကြာတယ်။ အခုဆိုရင် အဲဒီတံတားက သွားလိုက်ရင် ၁၅ မိနစ်လောက်နဲ့လည်း တာမွေအဝိုင်းကို ရောက်သွားတယ်။ သာကေတဘက်ထွက်ရင်လည်း လွယ်တယ်။ အခုဆိုရင် ဒီတံတားက အသုံးပြုမှုအများဆုံးဖြစ်နေတယ်” ဟု ပြောသည်။

ပြီးခဲ့သည့်လပိုင်းက ဒဂုံမြို့သစ်တောင်ပိုင်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် (သုဝဏ္ဏ)ငမိုးရိပ် ချောင်းကူးတံတား ချဉ်းကပ်လမ်း နိမ့်ကျမှုများ ရှိခဲ့သည့်အတွက် ပြည်သူလူထု စိုးရိမ်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ယခုအချိန်တွင် ချဉ်းကပ်လမ်းနိမ့်ကျမှုအတွက် ထပ်ပိုးလွှာခင်းပြီး သွားလာရေး စိတ်ချနေရပြီဟုလည်း သိရသည်။

“ဒါကတော့ ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က တည်ဆောက်ခဲ့တဲ့ တံတားတွေလည်း ချဉ်းကပ်လမ်း နိမ့်ကျသွားတာတွေ ရှိတယ်။ နိမ့်ရင်ထပ်ဖြည့်ရတယ်။ နောက်ပြီး တောင်ဒဂုံစက်မှုဇုန်နဲ့ နီးတဲ့အတွက် ကားတွေက တန်ပိုတွေနဲ့ သွားလာနေတယ်။ ပုံမှန် ပြုပြင်ထိန်းသိမ်းမှုတွေလည်း လုပ်ဖို့လိုတယ်။ လမ်းတွေလည်း တော်တော်လေး ကောင်းသွားတယ်။ တံတားကြီးကလည်း တော်တော်အဆင်ပြေတယ်။ ဒါပေမယ့် သုံးတဲ့ကားတွေက များတဲ့အခါ လမ်းကို တိုးချဲ့ဖို့အတွက် အရေးတကြီး လိုအပ်နေတယ်လို့ ကျွန်တော်မြင်တယ် ”ဟု ဦးကျော်မြင့်က ဆက်လက်ပြောကြားသည်။

**ပြည်သူတွေ အကျိုးရှိစေတဲ့ စီမံကိန်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်က “ဒဂုံမြို့သစ်တောင်ပိုင်းရဲ့ လိုအပ်ချက်တွေထဲက တစ်ခုဖြစ်တဲ့ ဒဂုံတောင်-သုဝဏ္ဏ-ငမိုးရိပ်မြစ်ကူးတံတားတည်ဆောက်နိုင်မှုဟာ ပြည်သူတွေအတွက် ချက်ချင်းလက်ငင်း အကျိုးရှိစေတဲ့ စီမံကိန်းတစ်ခုပါ။ ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ ကျွန်တော်တို့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အတွက် ကိုယ်စားလှယ် လေးဦးရဲ့ပြည်သူနဲ့အတူ ကြိုးစားမှု၊ နိုင်ငံရဲ့ ပံ့ပိုးမှုနဲ့ကြောင့် အခုလို အကောင်အထည်ဖော်နိုင်ခဲ့တာ ဖြစ်ပါတယ် ” ဟု ပြောသည်။

**ဆောင်းပါး - နန္ဒာဝင်း**


တောင်ဒဂုံ-သုဝဏ္ဏ-ငမိုးရိပ်မြစ်ကူးတံတားကို တွေ့ရစဉ်။

# တန်ဖိုးထားလေးစားရသည့် သိက္ခာရှိသောတက္ကသိုလ်များအဖြစ် ရပ်တည်နိုင်ရေး အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပြောကြား

**နေပြည်တော် ဇူလိုင် ၃၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်များမှ သင်ကြားရေးဆရာ ဆရာမများ ရာထူးတိုး၊ ပြောင်းရွှေ့မှုဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ အဆင့်မြင့်ပညာ ဦးစီးဌာနရုံး (၁၃)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တရားမျှတမှု အရှိဆုံးဖြစ်စေရန် ဆောင်ရွက်ပေးမည်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရာထူးတိုး၊ ပြောင်းရွှေ့မှုဆိုင်ရာနှင့် စပ်လျဉ်း၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အတည်ပြုထားသော သတ်မှတ်ချက်များဖြင့် တရားမျှတမှု အရှိဆုံးဖြစ်စေရန် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များသည် ယခုမှ သတ်မှတ်ရခြင်းဖြစ်သည့်အတွက် မသတ်မှတ်မီကာလနှင့်သတ်မှတ်ပြီး ကာလများကွာခြားမှုရှိမည်ဖြစ်ပါကြောင်း၊ ကွာခြားမှုရှိသည့်အတွက် နစ်နာသည်ဟု ယူဆသူများ ရှိနိုင်သကဲ့သို့ အားသာချက်ရှိသည်ဟု ခံစားသူများလည်း ရှိနိုင်ပါကြောင်း၊ သို့သော် ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မရည်ရွယ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်ရန်အတွက်သာ ပထမဦးစားပေးဖြစ်ပါကြောင်း၊ တက္ကသိုလ်များကို စည်းမျဉ်းစည်းကမ်းသတ်မှတ်သည့် ကာလကို အသိပေးပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးလိုခြင်းဖြစ်ပါကြောင်း။

**နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး**

ရန်ကုန်တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်များနှင့် မန္တလေးတက္ကသိုလ်နှင့် ပူးပေါင်းသည့် မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (မန္တလေး) တို့ကို စွမ်းဆောင်ရည်အပေါ် အခြေခံပြီး တရားမျှတစွာ ယှဉ်ပြိုင်၍ ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်းများကို ပြုလုပ်ပေးခြင်းဖြစ်ပါကြောင်း၊ ဆရာကြီး၊ ဆရာမကြီးများကို Life Long Learning နှင့် Continuous Professional Development တို့အတွက် နိုင်ငံခြားပညာတော်သင်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် သုတေသနလုပ်ရန်၊ သုတေသနစာတမ်းများ ပြုလုပ်ရန်အတွက် အားပေးနေပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့် တက္ကသိုလ်များ၊ မိမိတို့၏ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးမျှော်မှန်း၊ ဦးတည်ပြီး ဆွေးနွေးပေးစေလိုပါကြောင်း၊ တန်ဖိုးထားလေးစားရသည့်သိက္ခာရှိသော တက္ကသိုလ်များအဖြစ်ရပ်တည်နိုင်ရေး အရေးကြီးပါကြောင်း ပြောကြားသည်။



နည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်များမှ သင်ကြားရေး ဆရာ ဆရာမများ ရာထူးတိုး၊ ပြောင်းရွှေ့မှုဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်များမှ သင်ကြားရေး ဆရာဆရာမများအတွက် ရာထူးတိုး၊ ပြောင်းရွှေ့မှုဆိုင်ရာ မူဝါဒဖွဲ့စည်းပုံနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်း ကနည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်များမှ သင်ကြားရေးဆရာ ဆရာမများအတွက် ရာထူးတိုး/ပြောင်းဆောင်ရွက်မည့် တန်းစီဇယားရေးဆွဲရေးမှုကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**တာဝန်ရှိသူများတက်ရောက်**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်း၊ နည်းပညာ၊ ကွန်ပျူတာက္ကသိုလ် ၆၀ မှ ကျောင်းကိုယ်စားလှယ်ဆရာ ဆရာမ ၁၂၀၊ နည်းပညာဆိုင်ရာဆရာများ အဖွဲ့ချုပ်မှ ၁၀ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် အာရှ-ပစိဖိတ် လူ့အခွင့်အရေးကော်မရှင်အဖွဲ့တို့နှင့် တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အာရှ-ပစိဖိတ်လူ့အခွင့်အရေးကော်မရှင်မှ ကျွမ်းကျင်သူ Ms. Mohottalatage Thanuja Dayadari Navartne နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် နိုင်ငံသားများလူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ ခိုင်မာရေးအတွက် ဝန်ကြီးဌာနက ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ မသန်စွမ်း၊ သက်ကြီးရွယ်အိုစသည့် ဦးတည်အုပ်စုများအလိုက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ကာကွယ်စောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု ဝန်ကြီးဌာနနှင့် အဓိကသက်ဆိုင်သော လူ့အခွင့်အရေးဆိုင်ရာစာချုပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လူကုန်ကူးခံရသူများ၊ တပ်မတော်မှ နုတ်ထွက်ခွင့်ပေးလိုက်သော အရွယ်မရောက်သေးသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုများ တားဆီးကာကွယ်တုံ့ပြန်ရေး၊ ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ တားဆီးကာကွယ်ရေးဆောင်ရွက်နေမှု၊ မသန်စွမ်းသူများအတွက် ဥပဒေဆိုင်ရာအကူအညီများ ပေးအပ်နိုင်ရေးနှင့် တရားစီရင်မှု လက်လှမ်းမီနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)တွင် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဇူလိုင် ၃၁

**ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီ၏ (၂/၂၀၁၉)ကြိမ် မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ခရီးသွားလာရေးလုပ်ငန်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အဓိက စီမံကိန်းလုပ်ငန်းတွင် ပါဝင်ပါကြောင်း၊ ခရီးသွားလာရေးလုပ်ငန်းအတွက်လည်း ပြည်နယ်၏ ဒေသအခြေအနေ၊ သဘာဝအရင်းအမြစ်များသည် အခွင့်အလမ်းကောင်းများဖြစ်ခြင်းကြောင့် ယခုလုပ်ငန်းသည် အားသာချက်တစ်ခု၊ အောင်မြင်နိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ထိုသို့သော အခြေအနေများကြောင့် ခရီးသွားလုပ်ငန်းအပေါ်တွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်းပြီး လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံနိုင်သည့် ပုဂ္ဂိုလ်များကလည်း စိတ်ဝင်စားလျက်ရှိကြပါကြောင်း။ နိုင်ငံတော်ပိုင်းကလည်း ခရီးသွားလုပ်ငန်းအပိုင်းကို အောင်မြင်အောင်ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ငပလီကမ်းခြေနှင့် မြောက်ဦးရှေးဟောင်းနယ်မြေတို့ရှိသကဲ့သို့ မာန်အောင်ကျွန်းကိုလည်း ခရီးသွားလုပ်ငန်းအဖြစ် အကောင်အထည်ဖော်နေပြီဟု ပြော၍ရပါကြောင်း၊ အခြားခရီးသွားလုပ်ငန်းအသစ်များဖြစ်သည့် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းကအစ အခွင့်အလမ်းကောင်းများ ရှိနေပါကြောင်း၊ ထိုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန် အစီအစဉ်များရှိပါကြောင်း။

ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်သည်ဖြစ်စေ၊ ခရီးသွားလာရေးကိုဆောင်ရွက်သည်ဖြစ်စေ လုံခြုံတည်ငြိမ်အေးချမ်းရေးသည် အဓိကကျပါကြောင်း၊ လုံခြုံတည်ငြိမ်မှုမရှိလျှင် ဖွံ့ဖြိုးရေးအပါအဝင် အုပ်ချုပ်ရေးပါ အခက်အခဲဖြစ်နိုင်ပါကြောင်း၊ လုံခြုံတည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းများလည်း ကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တိုက်ရိုက်တာဝန်ရှိသူများ၊ ဆက်စပ်နေသူများအနေဖြင့်တည်ငြိမ်မှုကို ပိုပြီးထိန်းသိမ်းရန်လိုကြောင်း၊ သို့မှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသူများအနေဖြင့် ဆွေးနွေးအကြံပြုပေးကြရန်ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲအောင်မိုးက (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီ၏ (၂/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ထို့နောက် သက်ဆိုင်ရာလုပ်ငန်းရှင်များက ဟိုတယ်၊ တည်းခိုရိပ်သာ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# "I Don't Want to Sleep Alone" အမည်ရှိ မလေးရှား-တရုတ်(တိုင်ပေ) ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၃၁**

ဒါရိုက်တာ Tsai Ming-Liang ၏ "I Don't Want to Sleep Alone" ဇာတ်ကားအား ဩဂုတ် ၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၂) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

မလေးရှား-တရုတ်(တိုင်ပေ) ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သော "I Don't Want to Sleep Alone" ရုပ်ရှင်ဇာတ်ကားသည် မလေးရှား-တရုတ်(တိုင်ပေ) ဒါရိုက်တာ Tsai Ming-Liang ၏ လက်ရာကောင်းတစ်ခုဖြစ်ပြီး ၂၀၀၆ ခုနှစ် အီတလီနိုင်ငံ Venice Film Festival တွင် Cinema For Peace Award ဆုနှင့် ၂၀၀၇ ခုနှစ် Taipei Film Festival တွင် Taipei Grand Award ဆုကို ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှနှင့်ပစိဖိတ် သွားဘက်ဆိုင်ရာဆေးပညာ ထူးချွန်သူများပြိုင်ပွဲသို့ အလုပ်သင်ဆရာဝန်ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇူလိုင် ၃၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ချူလာလောင်ကွန်းတက္ကသိုလ်တွင် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိကျင်းပမည့် Asia-Pacific Dental Academic Excellence Competition APDAX -2019 (အာရှနှင့်ပစိဖိတ် သွားဘက်ဆိုင်ရာဆေးပညာ ထူးချွန်သူများပြိုင်ပွဲ) သို့ သွားဘက်ဆိုင်ရာတက္ကသိုလ်(ရန်ကုန်)မှ အလုပ်သင်ဆရာဝန် ကိုးဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါအလုပ်သင်ဆရာဝန် ကိုးဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ထွက်ခွာကြရာ တာဝန်ရှိသူများက မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီဘဏ်လီမိတက်၏ ၆၅ ခုမြောက် မြဝတီဘဏ်ခွဲ သရက်မြို့၌ ဖွင့်လှစ်

**မကွေး ဇူလိုင် ၃၁**

မြဝတီဘဏ်လီမိတက်၏ ၆၅ ခုမြောက် ဘဏ်ခွဲဖြစ်သော မြဝတီဘဏ် (သရက်) ဘဏ်ခွဲ ဖွင့်လှစ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး သရက်မြို့ ဈေးရပ်ကွက် ကုန်သည်လမ်းနှင့် အညိမ့်တန်းလမ်းထောင့် အကွက်အမှတ် (၂) ရှိ အဆိုပါဘဏ်ခွဲ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်စိန်ထွန်း၊ သရက်တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ဌေးမြင့်၊ သရက်ခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်နှင့် မြဝတီဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်တို့က မြဝတီဘဏ်(သရက်) ဘဏ်ခွဲ အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ဘဏ်ခွဲကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ဘဏ်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

မြဝတီဘဏ် (သရက်) ဘဏ်ခွဲကို မကွေးတိုင်းဒေသကြီး သရက်မြို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှုအပ်ငွေများ၊ ATM ကတ်စာရင်းအပ်ငွေများ လက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သောရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သော မြေနှင့်အဆောက်အအုံများကို အာမခံအဖြစ် ရယူ၍ချေးငွေများ ထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန် ငွေလွှဲပေးပို့နိုင်ခြင်းများ အပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking နှင့် Internet Banking ဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မြဝတီဘဏ်လီမိတက်၏ ၆၅ ခုမြောက်ဘဏ်ခွဲဖြစ်သည့် မြဝတီဘဏ်ခွဲ(သရက်)ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ကလေးမြို့တွင် ပါရာဒီဆိုတိုးချဲ့ရုပ်ရှင်ရုံခန်းမဖွင့်လှစ်

**ကလေး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ပြည်သူတို့အတွက် အပန်းဖြေစရာ ဖျော်ဖြေမှုတစ်ခုအနေဖြင့် ပါရာဒီဆိုတိုးချဲ့ရုပ်ရှင်ရုံဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက်က အမှတ်(၃/၁၉) ဘုရားကြီးလမ်း အောင်မြင်မာန်ရပ်ကွက်ရှိ ပါရာဒီဆို ရုပ်ရှင်ရုံရှေ့တွင် ကျင်းပသည်။

ပါရာဒီဆိုတိုးချဲ့ရုပ်ရှင်ရုံခန်းမဖွင့်ပွဲသို့ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာထောင်ထန်း၊ ပါရာဒီဆိုရုပ်ရှင် အမှုဆောင်ဒါရိုက်တာ ဦးသူရခေါ်




ဦးဇာဂနာနှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဦးလူမင်းတို့က ရုပ်ရှင်ရုံတိုးချဲ့အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ပါရာဒီဆို ရုပ်ရှင်ရုံများကို မုံရွာ၊ ရွှေဘို၊ ကလေး မြို့များတွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါရာဒီဆိုရုပ်ရှင်ကုမ္ပဏီကို ရုပ်ရှင်လောကသားများ စုစည်းပြီး တည်ထောင်ထားခြင်း ဖြစ်သည်။ ရုံတစ်ရာစီမံကိန်းကို ၂၀၁၆ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ်အထိ လေးနှစ်တာကာလအတွင်း ဆောက်လုပ်နိုင်ရေး ရည်မှန်းထားပြီး ၂၀၁၉ ခုနှစ်အတွင်း ရုပ်ရှင်ရုံပေါင်း ၄၀ အထိ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဝုဖ်အသင်း အေစီမီလန်အသင်းမှ ကက်သရုန်းကို ခေါ်ယူ**

ဝုဖ်အသင်းသည် အေစီမီလန်အသင်းမှ အီတလီတိုက်စစ်ကစားသမား ပက်ထရစ်ကက်သရုန်းကို ပေါင် ၁၆ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အေစီမီလန်အသင်းအတွက် ပွဲ ၉၀ ကစားထားပြီး ၂၇ ဂိုးသွင်းယူပေးထားနိုင်သော အသက် ၂၁ နှစ်အရွယ် အဆိုပါ ကစားသမားသည် ဝုဖ်အသင်းနှင့် လေးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**လေးလခန့် အနားယူရဖွယ်ရှိနေသည့် ဘိုင်လီ**

မန်ယူခံစစ်ကစားသမား အဲရစ် ဘိုင်လီ (၂၅နှစ်) သည် ဇူလိုင် ၂၅ ရက်က ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် မန်ယူအသင်းက တော့တင်ဟမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အနည်းဆုံး လေးလခန့် အနားယူရဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ဒိုင်ဘာလာကို ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည့် မန်ယူ**

မန်ယူအသင်းသည် ဂျူဗင်တပ်စ်တိုက်စစ်ကစားသမား ဒိုင်ဘာလာကို ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဒိုင်ဘာလာ (၂၅နှစ်) သည် ပြီးခဲ့သည့်နှစ်က ဂျူဗင်တပ်စ်အသင်းအတွက် ၁၀ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

**ဂွီရီကို ခေါ်ယူလိုက်သည့် ပီအက်စ်ဂျီအသင်း**

ပီအက်စ်ဂျီအသင်းသည် အဲဗာတန်နှင့် ဆီနီဂေါကွင်းလယ်ကစားသမား ဂွီရီကို ပေါင်သန်း ၃၀ ဝန်းကျင်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၂၀၁၆ ခုနှစ်တွင် အက်စ်တွန်ဗီလာအသင်းမှ ပေါင် ခုနှစ်သန်းဖြင့် အဲဗာတန်အသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာသော အသက် (၂၉ နှစ်)အရွယ် ဂွီရီ သည် အဲဗာတန်အသင်းအတွက် ၁၀၈ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။ ၎င်းသည် ပီအက်စ်ဂျီအသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဘုန်းမောက်အသင်း ဘီလင်းကို ခေါ်ယူ**

ဘုန်းမောက်အသင်းသည် ချန်ပီယံရှစ်ကလပ် ဟက်ဒါဖီးလ်အသင်းမှ ဖီးလစ် ဘီလင်းကို ပေါင် ၁၅ သန်းဖြင့် ငါးနှစ်စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် အသင်းအတွက် ၉၁ ပွဲ ပါဝင်ကစားထားပြီး ခြောက်ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

**အမ်တီတီကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် မန်ယူ**

မန်ယူအသင်းသည် ဘာစီလိုနာအသင်းမှ ပြင်သစ်ဗဟိုခံစစ်ကစားသမား အမ်တီတီ (၂၅နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ပြင်သစ်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**အောင်ဇော်**

**✪ *ကျော့ဖုံးမှ***

ရောဝတီအသင်းနှင့် အဝေးကွင်း၊ ပွဲစဉ် (၂၀) တွင် Southern အသင်းနှင့် အဝေးကွင်း၊ ပွဲစဉ် (၂၂) တွင် မကွေးအသင်းနှင့် အိမ်ကွင်း၊ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစဉ် (၁၉) တွင် ရတနာပုံအသင်း၊ ပွဲစဉ် (၂၀) တွင် ဇွဲကပင်အသင်း၊ ပွဲစဉ် (၂၁) တွင် မကွေးအသင်း၊ ပွဲစဉ် (၂၂) တွင် ရခိုင်အသင်းနှင့် အိမ်ကွင်းပွဲများကစားရမည်ဖြစ်သည်။ ရောဝတီအသင်းမှာမူ ပွဲစဉ် (၁၉) တွင် မကွေးအသင်းနှင့် အိမ်ကွင်း၊ ပွဲစဉ် (၂၀) တွင် ရန်ကုန်အသင်းနှင့် အိမ်ကွင်း၊ ပွဲစဉ် (၂၁) တွင် ဟံသာဝတီအသင်းနှင့် အဝေးကွင်း၊ ပွဲစဉ် (၂၂) တွင် စစ်ကိုင်းအသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လက်ကျန်လေးပွဲကို ဩဂုတ်တွင် သုံးပွဲ၊ စက်တင်ဘာ ၁၅ ရက်တွင် တစ်ပွဲ ကစားရမည်ဖြစ်ရာ ဩဂုတ်တွင် ကစားရမည့်သုံးပွဲမှာ ချန်ပီယံဆုအတွက် အတိုင်းအတာတစ်ခုထိ အဖြေထွက်ပေါ်လာနိုင်ပေသည်။ ယခုတစ်ပတ်ကစားမည့်ပွဲများတွင် ချန်ပီယံမျှော်လင့်ချက်ရှိသည့် သုံးသင်းစလုံး အနိုင်ရပါက ပွဲစဉ် (၂၀) အဖြစ် ဩဂုတ် ၁၀ ရက်တွင် ကစားမည့် ရောဝတီနှင့် ရန်ကုန်ပွဲမှာ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံး ဖြစ်လာနိုင်သည်။ သုံးမှတ်အသာရထားသည့် ရန်ကုန်အသင်းသည် ကျန်နှစ်သင်းထက် အသာစီးရထားပြီး ခြောက်ကြိမ်မြောက်ချန်ပီယံဆုအတွက် အလားအလာကောင်းနေသည်။ ယခုတစ်ပတ် ကစားမည့်ပွဲများမှာလည်း အရေးပါနေပြီး ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းသည် အိမ်ကွင်းကစားရမည်ဖြစ်သော်လည်း ပွဲကျပ်ကစားရမည်ဖြစ်သောကြောင့် အမှားလုပ်၍မရသည့်အနေအထားဖြစ်နေသည်။

ယခုရာသီတွင် ချန်ပီယံဆုအပြင် တန်းဆင်းဇုန်တွင်လည်း အသင်းသုံးသင်းအပြိုင်ဖြစ်နေပြီး Southern၊ ဒဂုံနှင့် Chinland အသင်းတို့၏ ပြိုင်ဆိုင်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။ ၂၀၁၉ ရာသီ ပြည်တွင်းလိဂ်ပြိုင်ပွဲမှာ စက်တင်ဘာလတွင် ပြီးဆုံးမည်ဖြစ်ရာ ပန်းဝင်ခါနီးကာလတွင် ဘယ်အသင်း ရလဒ်ကောင်းရယူနိုင်မလဲ၊ ဘယ်အသင်း ခြေချော်မလဲဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**✼ *ကျော့ဖုံးမှ***

ဂျပန်နိုင်ငံမှ Dr .Minoru Shirota သည် ၁၉၃၀ ပြည့်နှစ်ခန့်တွင် လူခန္ဓာကိုယ်ကျန်းမာစေရန် အူလမ်းကြောင်းအတွင်း အန္တရာယ်ဖြစ်စေနိုင်သော ပိုးမွှားများကို သေစေနိုင်သော လက်တစ်အက်ဆစ်ဗက်တီးရီးယားမွေးမြူစမ်းသပ်ခြင်းကို အောင်မြင်ခဲ့ပြီးနောက် ယာခုရုတိုအမည်ဖြင့် နို့ချဉ်အားတီထွင်ထုတ်လုပ်ခဲ့သည်။ တစ်ဘူးလျှင် လက်တစ်အက်ဆစ်ဗက်တီးရီးယားအကောင်ရေသန်းပေါင်း ၈၀၀၀ ကျော်ပါဝင်သော နို့ချဉ်မှာအူလမ်းကြောင်း ကျန်းမာကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည့်အပြင် ကိုယ်ခံစွမ်းအားတိုးတက်စေ၍ ခန္ဓာကိုယ်ကျန်းမာရေးကို ကောင်းမွန်စေကြောင်း သိရသည်။

ယခုအခါ ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းထုတ်လုပ်လျက်ရှိသော်လည်း မြန်မာနိုင်ငံမှ အရည်အသွေးမီကုန်ကြမ်းပစ္စည်းများရရှိပါက မြန်မာ့ကုန်ကြမ်းကို အသုံးပြုထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်ရှိ ယာခုရုတိုမြန်မာစက်ရုံမှ တစ်ရက်လျှင် နို့ချဉ်ဘူးပေါင်း ၁၀၉၀၀၀ ထုတ်လုပ်မည်ဖြစ်ပြီး ဈေးကွက်တွင်ကျယ်လာပါက တစ်ရက်လျှင် ဘူးပေါင်း ၇၅၀၀၀၀ အထိ ထုတ်လုပ်သွားရန် ရည်မှန်းထားကြောင်းသိရသည်။ အဆိုပါစက်ရုံကိုအမေရိကန် ဒေါ်လာ ၄၇ ဒသမ ၅၉ သန်း (ခန့်မှန်းခြေငွေကျပ် ၅၉ ဘီလီယံ ခန့်) ရင်းနှီးမြှုပ်နှံတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ခရီးသည်တင်ယာဉ်က လိုက်ထရပ်ယာဉ်အား နောက်မှဝင်တိုက်၊ ခြောက်ဦးဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၃၁**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၁၅၇/၀ အနီးတွင် ယနေ့နံနက် ၄ နာရီခန့်က ယာဉ်မောင်း ဦးဝင်းကို (၂) ရပ်ကွက် ရွှေဘိုမြို့နေသူ မောင်းနှင်လာသည့် လိုက်ထရပ်ယာဉ်ကို မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်နေသူ ယာဉ်မောင်း ကျော်သူမြင့် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်က ကျော်တက်စဉ် နောက်မှ တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း လိုက်ထရပ်ယာဉ်ပေါ်ပါ အမျိုးသားခြောက်ဦး ဒဏ်ရာရရှိသဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဇီးပင်သာစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ရကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။



အမြန်လမ်း၌ ယာဉ်တိုက်မှုကြောင့် ပျက်စီးသွားသည့်ယာဉ်ကို တွေ့ရစဉ်။

အလားတူ ယနေ့နံနက် ၅ နာရီက အမြန်လမ်းမကြီး မိုင်တိုင် ၁၅၄/၀ နှင့် ၁၅၄/၁ အကြား မြောက်ဒဂုံမြို့နယ် ပင်လုံအိမ်ရာနေသူ ယာဉ်မောင်း ဇော်သက်ထွန်း မောင်းနှင်လာသည့် ဘွန်ဂိုယာဉ်သည် ရှေ့ဝဲဘက်ဘီးပေါက်ပြီး လမ်းလယ်ကျွန်း ရေမြောင်းအတွင်း ထိုးကျရပ်တန့်သွားခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါသုံးဦးအနက် နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# တစ်နိုင်ငံလုံး တစ်ပတ်အတွင်း တရားမဝင်သစ်မျိုးစုံ ၃၈၂ ဒသမ ၁၇၇၆ တန်နှင့် ပြစ်မှုကျူးလွန်သူ ၆၉ ဦး ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၃၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ တစ်ပတ်အတွင်း တရားမဝင်သစ်မျိုးစုံ ၃၈၂ ဒသမ ၁၇၇၆ တန်၊ ပြစ်မှုကျူးလွန်သူ ၆၉ ဦးနှင့် ယာဉ်၊ ယန္တရား ၃၅ စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိသည့် ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် မိုးတားဘိနယ် အထက်ဝဲကြီးရွာဟောင်းအနီးမှ တရားမဝင်သစ် ၁၁၃ ဒသမ ၃၀၂၀ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ကိုမျိုး**

# သာစည်မြို့နယ်၌ ပိဿာချိန် ၁၀၀ ခန့်ရှိ ကြေးခေါင်းလောင်းတစ်လုံး ပျောက်ဆုံး

**မိတ္ထီလာ ဇူလိုင် ၃၁**

သာစည်မြို့နယ် ဝမ်သာကျေးရွာ၌ ဇူလိုင် ၃၀ ရက် နံနက် ၅ နာရီခန့်တွင် နှစ်ပေါင်း ၆၀ ခန့်က လှူဒါန်းထားသည့် ပိဿာချိန် ၁၀၀ ခန့်ရှိ ကြေးခေါင်းလောင်းတစ်လုံး ပျောက်ဆုံး နေကြောင်း သိရသည်။

သာစည်မြို့နယ် ဝမ်သာကျေးရွာ ဖောင်တန်နားစေတီကြီး၏ အရှေ့မြောက်ထောင့် စေတီရင်ပြင်တွင် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က လှူဒါန်းထားသော အချင်း နှစ်ပေ ခြောက်လက်မ ၊ အမြင့် သုံးပေ၊ ပိဿာချိန် ၁၀၀ ခန့်ရှိ ကြေးခေါင်းလောင်းတစ်လုံးအား ဦးညိုမောင် ဦးဆောင်သောကျေးရွာသားများက အရုဏ်ဆွမ်းဆက်ကပ်လှူရန် စေတီတော်သို့လာရောက်ချိန်တွင် ပျောက်ဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖောင်တန်နားစေတီကြီး၏ ကြေးခေါင်းလောင်းပျောက်ဆုံးနေမှုနှင့် ပတ်သက်၍ ဟံဇားရဲကင်းစခန်းက အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကော့သောင်းမြို့တွင် ယာဉ်တိုက်မှုကြောင့် နှစ်ဦးသေ

**ကော့သောင်း ဇူလိုင် ၃၁**

ကော့သောင်းမြို့နယ် ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၈)အနီး ယမန်နေ့ညနေပိုင်းက ခမောက်ကြီးမြို့ အမှတ်(၁)ရပ်ကွက်နေသူ မျိုးမင်း(၃၅ နှစ်)နှင့် ကုလား(၂၀ နှစ်)တို့ စီးနင်းလာသောဆိုင်ကယ်က တစ်ဖက်ယာဉ်ကြောမှ ကော့သောင်းမြို့နယ် ဘာလိအော်ကျေးရွာနေ သန်းထွေး(၄၅ နှစ်)မောင်းနှင်သော ကန်တာယာဉ်ကို အရှိန်လွန်ကာ ဝင်ရောက်တိုက်မိပြီး ဆိုင်ကယ်ပေါ်ပါသူနှစ်ဦးစလုံးသေဆုံးသွားသဖြင့် မျိုးမင်းကို ကော့သောင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၁-၈-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်လက္ခဏာများ
၈း၃၅ - "လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ"
၁၁း၅၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်
၁၄း၂၅ - "ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျူမြို့ဟောင်းဆီသို့"
၁၅း၂၀ - "လူ-လူ-လူလူသည်ရောင်းကုန်မဟုတ်ပါ"

**ညပိုင်း**

၁၇း၅၀ - မူးယစ်အန္တရာယ်
၁၇း၅၅ - ခြင်မကိုက်အောင်ကာကွယ်ပါ
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း-၅)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀ - ရေကြီးခြင်း သတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ
၂၀း၃၅ - "ရာသီတုပ်ကွေးရောဂါ သိမှတ်ဖွယ်ရာ ကျန်းမာရေးစကားဝိုင်း" (အပိုင်း-၁)
- လပတ်မိုးလေဝသအခြေအနေ
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁)(ဒါရိုက်တာ-ကြည်စိုးထွန်း)
- "ရွှေရောင်နေ့သစ်များဆီသို့"

# ဂွမြို့နယ်၌ အထောက်အထားမဲ့ ဝင်ရောက်လာသူ လေးဦးနှင့် အခကြေးငွေယူ၍ ပို့ဆောင်ပေးသူနှစ်ဦး ဖမ်းဆီးရမိ

**ဂွ ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် ဂွမြို့တွင် စစ်တွေ သဲချောင်းရွာနှင့် သင်္ဘောပြင်ကျေးရွာများမှ အထောက်အထားမဲ့ ဝင်ရောက်လာသူ လေးဦးနှင့် အခကြေးငွေယူ၍ သယ်ဆောင်လာသည့် ဆိုင်ကယ်ကယ်ရီသမားနှစ်ဦးတို့ကို ယမန်နေ့ ညနေ ၃ နာရီက ဂွမြို့စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သည်။

### ဖမ်းဆီးရမိခဲ့

ဂွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဒွေးနှင့် မြို့မစခန်းမှူး ဒုရဲမှူးမျိုးခိုင်၊ နယ်မြေခံတပ်မတော်မှ ယာယီတပ်ရင်းမှူး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့သည် သံတွဲဘက်မှ မောင်းနှင်လာသည့် ရေကြည်မြို့နယ်နေသူ ဇော်သန်း(၂၉ နှစ်) ၏ ဆိုင်ကယ်ပေါ်တွင် နူအာလောင်(၁၇နှစ်)၊ ဆော်ယော့တူဆောင်း (၁၈ နှစ်)နှင့် အမ်းမြို့နေသူ တင်ဝင်း(၂၉ နှစ်)၏ ဆိုင်ကယ်ပေါ်တွင် မရော်ဘီဇာခါတူ (၁၇နှစ်)နှင့် မာမွတ်ရာဆေး(၁၇ နှစ်)တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဆိုင်ကယ်သမားနှစ်ဦးကို စစ်ဆေးရာ အဆိုပါလေးဦးကို တစ်ဦးလျှင် ပို့ဆောင်ခငွေကျပ် ငါးသိန်းနှုန်းဖြင့် အမ်းမြို့မှ ငါးသိုင်းချောင်း-ရေကြည်လမ်းဆုံသို့ အမ်းမြို့နယ် ထန်းချောင်းကျေးရွာနေသူနေ ဇော်နိုင်ဆိုသူ၏ ခိုင်းစေချက်ဖြင့် သယ်ယူပို့ဆောင်ပေးစဉ် ဖမ်းမိခြင်းဖြစ်သည်။

### အမှုဖွင့်အရေးယူထား

အဆိုပါ အထောက်အထားမဲ့ ဝင်ရောက်လာသူများနှင့် အခကြေးငွေယူပြီး တရားမဝင်ပို့ဆောင်ပေးသူနှစ်ဦးတို့ကို ဂွမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ကုတ်မြို့နယ်၌ ကုန်တင်စက်လှေတစ်စင်းနစ်မြုပ်

**နေပြည်တော် ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ဆိပ်ကမ်းသစ်ကျေးရွာ တောင်ကုတ်ချောင်း ဒေါ်ရီမိုး စက်လှေဆိပ်၌ ယမန်နေ့ နံနက်ပိုင်းက ကုန်တင်စက်လှေတစ်စင်း နစ်မြုပ်သွားကြောင်း သိရသည်။

တောင်ကုတ်မြို့နယ် ချောင်းကောက်ရပ်ကွက်နေ ဦးတင်ကြည် (၅၅ နှစ်)မောင်းနှင်ပြီး ဝက်ကျိတ်ကျေးရွာနေ ဦးထွန်းဝင်း(၄၀ နှစ်)ပါ လှေလုပ်သားနှစ်ဦး လိုက်ပါလာသော သစ္စာဦးစက်လှေသည် ဇူလိုင် ၃၀ ရက် နံနက် ၄ နာရီခွဲက တောင်ကုတ်မြို့မှ မာန်အောင်မြို့သို့ ပို့ဆောင်ရန် သံချောင်း ခုနစ်တန်၊ အထပ်သား နှစ်တန်၊ မြေဆီအိတ် ၁၃၀ ၊ မုန့်၊ ခေါက်ဆွဲခြောက်၊ အာလူး၊ ကြက်သွန်၊ ဖယောင်းတိုင်၊ ဗလာစာအုပ်နှင့် ဖိနပ်များ စုစုပေါင်း ၁၆ ဒသမ ၈၆ တန်ခန့် တင်ဆောင်ဆိုက်ကပ်ထားစဉ် စက်လှေ၏ ဝဲဘက်ဝမ်းဗိုက်ပေါက်၍ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစက်လှေပေါ်ပါ ကုန်ပစ္စည်းများအား ကုန်းပေါ်သို့ အချိန်မီပြန်လည်တင်ဆောင်နိုင်ခဲ့သော်လည်း စက်လှေမှာ ရေနစ်မြုပ်သွားသဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုးကောင်းနှင့် မတူပီမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းကာ တောင်ကမ်းပါးယံပြိုကျမှုများကြောင့် ကားလမ်းပိတ်ဆို့မှုများဖြစ်ပေါ်

**မိုးကောင်း**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ယမန်နေ့ ညနေပိုင်းက မြစ်ကြီးနား-တနိုင်း ကားလမ်းမပေါ်ရှိ မရမ်ကထောင်ကျေးရွာအနီး မကောက်ဇွပ်တောင်ကြားတွင် ကားလမ်းမပေါ်သို့ တောင်ကမ်းပါးယံပြိုကျခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မိုးကောင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့၍ ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီခန့်က မိုးကောင်းမြို့နယ် လွယ်လီယံကျေးရွာအုပ်စု မရမ်ကထောင်ကျေးရွာအနီး မြစ်ကြီးနား-တနိုင်း ကားလမ်းမပေါ်ရှိ မကောက်ဇွပ်တောင်ကြား KM/14-5 နှင့် KM/15 ကြားတွင် ကားလမ်းမပေါ်သို့ တောင်ကမ်းပါးယံပြိုကျပြီး ပေ ၁၀၀ ခန့် အရှည်ရှိ ရေမြောင်းပြိုကျခဲ့သည်။ **(ယာပုံ)**

အဆိုပါ တောင်ကမ်းပါးယံပြိုကျရာသို့ မိုးကောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးချမ်းငြိမ်းသူ၊ မြို့နယ်လမ်းဦးစီးမှ အငယ်တန်းအင်ဂျင်နီယာ ဦးခင်မောင်သန်းတို့က သွားရောက်ကြည့်ရှုကာ ယာဉ်သွားလာမှုအဆင်ပြေစေရန် လမ်းအကျယ် ၁၀ ပေခန့်ရှိ မြေသားများကို ရှင်းလင်းဖယ်ရှားခဲ့ရာ ည ၇ နာရီတွင် ယာဉ်များ သွားလာနိုင်ပြီဖြစ်ပြီး ပေ ၁၀၀ ခန့် ကျန်ရှိသည့် မြေသားများကို မြောက်ပိုင်းတော်ဝင်ကုမ္ပဏီမှ စက်ယန္တရားများဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

**မတူပီ**

အလားတူ မင်းတပ်-မတူပီသွားကားလမ်း မိုင်တိုင်အမှတ် ၅၉/၂ နှင့် ၅၉ /၃ အကြား မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် ညပိုင်းက တောင်ပြိုကျကာ လမ်းပိတ်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းပိတ်ဆို့မှုကြောင့် လမ်းဦးစီးဌာနမှ ဘက်ဟိုးများဖြင့် သွားရောက်ရှင်းလင်းပေးခဲ့ရာ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းမှစ၍ မင်းတပ်- မတူပီလမ်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဟရမ်လျန်းထံမှ သိရသည်။

**ခွီရှိန်း(ပြန်/ဆက်)**



# မြောက်ကိုရီးယားက အရှေ့ဘက်ကမ်းခြေ၌ တိုက်ချင်းပစ်ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း ဇူလိုင် ၃၁**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ပြီး ရက်အနည်းငယ်အကြာတွင် နောက်ထပ် တိုက်ချင်းပစ်ဒုံးကျည် နှစ်စင်းကို ထပ်မံစမ်းသပ်ပစ်လွှတ်လိုက်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်ရုံးက ဖော်ပြခဲ့သည်။

ဇူလိုင် ၃၁ ရက် နံနက်အစောပိုင်းတွင် ဒုံးကျည်နှစ်စင်းကို အရှေ့ဘက်ကမ်းခြေပေါ်ရှိ ဝန်ဆန်ဧရိယာမှ ပစ်လွှတ်လိုက်ပြီး ကီလိုမီတာ ၂၅၀ ခန့်အထိ ပျံသန်းကာ ပင်လယ်ထဲဝင်ရောက်သွားခဲ့ကြောင်း ပူးတွဲစစ်ဦးစီးချုပ်ရုံးက ပြောကြားသည်။

ဒုံးကျည်များကို မကြာခဏ စမ်းသပ်ပစ်လွှတ်နေခြင်းက ကိုရီးယားကျွန်းဆွယ်ပေါ်၌ ဖြစ်ပွားနေသည့် တင်းမာမှုများကို လျော့ပါးစေရန် အထောက်အကူပြုမည် မဟုတ်ကြောင်းနှင့် မြောက်ကိုရီးယားအနေဖြင့် ထိုသို့ပြုလုပ်နေမှုကို ရှောင်ရှားသင့်သည်ဟု တိုက်တွန်းခဲ့ကြောင်း ရုံးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ သမ္မတအိမ်ပြာတော်က စိုးရိမ်ပူပန်ကြောင်း ဖော်ပြလျက်ရှိသည်။

ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်အောက်တွင် မြောက်ကိုရီးယားသည် တိုက်ချင်းပစ်ဒုံးကျည်များ စမ်းသပ် ပစ်ခတ်မှု လုပ်ဆောင်ခွင့်မရှိသော်လည်း ထိုသို့ စမ်းသပ် ပစ်လွှတ်နေသည်မှာ နှစ်ကြိမ်ရှိသွားပြီဖြစ်ကြောင်း သိရသည်။



မြောက်ကိုရီးယားနိုင်ငံက ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ဒုံးကျည်ပစ်လွှတ်ခဲ့မှုကို တွေ့ရစဉ်။

ပြုံယမ်းနှင့် ဝါရှင်တန်တို့သည် မြောက်ကိုရီးယား နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များနှင့် ပတ်သက်၍ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်။ ခေါင်းဆောင်နှစ်ဦးတို့သည် ကိုရီးယားကျွန်းဆွယ်ကို ပိုင်းခြားထားသည့် စစ်မဲ့ဇုန်၌ ပြီးခဲ့သည့်လက တွေ့ဆုံခဲ့ကြစဉ်အတွင်း ညှိနှိုင်းဆွေးနွေးမှုများ ပြန်စရန် သဘောတူညီခဲ့ကြသည်။

သို့သော် လည်း မြောက်ကိုရီးယားက ညှိနှိုင်းဆွေးနွေးမည့်ကိစ္စများသည် အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ပူးတွဲစစ်ရေးလေ့ကျင့်မည့်အစီအစဉ်ကို စွန့်လွှတ်ရန် ရှိ မရှိအပေါ် မူတည်ကာ လွဲချော်မှုဖြစ်သွားနိုင်ကြောင်း သတိပေးခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လုပ်ဆောင်ခဲ့သည့် ဒုံးကျည်ပစ်လွှတ်မှုမှာလည်း အမေရိကန်နှင့် တောင်ကိုရီးယားပူးတွဲစစ်ရေးလေ့ကျင့်မည့် အစီအစဉ်ကို သတိပေးသည့်အနေဖြင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ဆိုထားသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှု လာမည့်ရက်သတ္တပတ်တွင် မစတင်မီ မြောက်ကိုရီးယားက ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများ ပိုမိုလုပ်ဆောင်လာနိုင်ကြောင်း ဝါရှင်တန် အမျိုးသား အကျိုးစီးပွားဌာနမှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းခဲ့သည်။

**အေအက်ဖ်ပီ**

## ဘရီးဇစ်အရေးတွင် အဓိကကျသည့် မြောက်အိုင်ယာလန်သို့ ဘောရစ်ဂျွန်ဆင် သွားရောက်

**လန်ဒန် ဇူလိုင် ၃၁**

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး ကြိုးပမ်းရာတွင် အချက်အချာဖြစ်သည့် မြောက်ပိုင်း အိုင်ယာလန်သို့ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ဇူလိုင် ၃၁ ရက်နေ့တွင် သွားရောက်ခဲ့ပြီး ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂမှ သဘောတူညီချက်မဲ့ ထွက်ခွာရေး ၎င်း၏ အလေးပေးနေမှုက ဗြိတိန်ကို ပြိုကွဲမှုဖြစ်စေနိုင်ကြောင်း အိုင်ယာလန်ခေါင်းဆောင်များထံမှ သတိပေးမှုများ ပြုလုပ်လာချိန်မှာပင် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ဘဲလ်ဖတ်စ်သို့ ဇူလိုင် ၃၀ ရက် ညပိုင်းတွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။



ဗြိတိန်ဝန်ကြီးချုပ် မစ္စတာဘောရစ်ဂျွန်ဆင်

မစ္စတာဘောရစ်ဂျွန်ဆင်အနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလက ပျက်ပြယ်သွားခဲ့သည့် ဗြိတိန်ရှိ ပြည်နယ်များ၏ အာဏာခွဲဝေရေး အစိုးရတစ်ရပ်ကို ပြန်လည်ထိန်းသိမ်းရေးဆွေးနွေးရန် အိုင်ယာလန်ရှိ အဓိက နိုင်ငံရေးပါတီများနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ဘရီးဇစ်အရေးကိစ္စသည် ၎င်းသွားရောက်ရသည့် အဓိကအကြောင်းတစ်ခု ဖြစ်လာဖွယ်ရှိသည်။

အိုင်ယာလန်နယ်စပ်တွင် စစ်ဆေးရေးဂိတ်များ ဖယ်ရှားရန်မှ တင်းမာမှုများကိုလျှော့ချနိုင်မည့် အဓိကအကြောင်းတစ်ခုဟု ယူဆရပြီး ဗြိတိန်အီးယူမှ နုတ်ထွက်ပြီးနောက်ပိုင်း အဆိုပါနယ်စပ်သည် ဥရောပသမဂ္ဂ၏ ပြည်ပရှေ့တန်းစစ်မျက်နှာတစ်ခု ဖြစ်လာမည်ဖြစ်ကာ ဥပဒေအရ ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်လာမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

## ဥရောပသမဂ္ဂမှ ဗြိတိန် နုတ်ထွက်မည့်အရေးကြောင့် စတာလင်ပေါင် တန်ဖိုးကျဆင်း

**လန်ဒန် ဇူလိုင် ၃၁**

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း မစ္စတာဘောရစ်ဂျွန်ဆင် ဗြိတိန်ဝန်ကြီးချုပ်သစ်ဖြစ်လာပြီးနောက် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မည့် အခြေအနေများဖြစ်ပေါ်ခဲ့ရာ ယခုရက်ပိုင်းအတွင်း စတာလင်ပေါင်ငွေကြေးတန်ဖိုး ထိုးကျလျက်ရှိပြီး အနိမ့်ဆုံးစံချိန်တင်ခဲ့ကြောင်း သိရသည်။

ပေါင်ငွေလဲလှယ်မှုတန်ဖိုးမှာ ဇူလိုင် ၃၀ ရက်တွင် တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး နှစ်နှစ်ကျော်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိ ခဲ့ကာ ယူရိုငွေနှင့် ဂျပန်ယန်းငွေ လဲလှယ်မှုဈေးနှုန်းများလည်း ကျဆင်းခဲ့သည်။ ဘောရစ်ဂျွန်ဆင် ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် စတာလင်ပေါင် လဲလှယ်မှုဈေးနှုန်း ၂ ဒသမ ၄ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ပြီး ဇူလိုင်လအတွင်း အနိမ့်ဆုံးကျဆင်းမှုစံချိန်တင်ခဲ့သည်။

မစ္စတာဘောရစ်ဂျွန်ဆင်သည် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုကို အောက်တိုဘာ ၃၁ ရက်မတိုင်မီ လုပ်ဆောင်မည်ဟု မကြာခဏပြောကြားခဲ့ပြီး စီးပွားရေးလေ့လာသူများက ယင်းကိစ္စ၏ အကျိုးသက်ရောက်မှုအနေဖြင့် စတာလင်ပေါင်တန်ဖိုးကျဆင်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းတွက်ချက်ခဲ့ကြသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားနှင့်အတူ ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ ဆက်လက်မျှဝေရန် ဂျပန်စိတ်အားထက်သန်

**တိုကျို ဇူလိုင် ၃၁**

ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံအကြား ဆက်ဆံရေးယိုယွင်းမှု ရှိနေသော်လည်း နှစ်နိုင်ငံထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေရေး နှစ်နိုင်ငံသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းသွားလိုကြောင်း ဂျပန်အစိုးရဝန်ကြီးများအဖွဲ့အကြီးအကဲ ယိုရှီဟီဒီစူဂါက ဇူလိုင် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးမှာ အလွန်ခက်ခဲသည့်အခြေအနေအတွင်း ရောက်ရှိနေကြောင်း သတင်းစာရှင်းလင်းပွဲ၌ မစ္စတာယိုရှီဟီဒီစူဂါက ဝန်ခံခဲ့သည်။ ဂျပန်နှင့် တောင်ကိုရီးယားတို့သည် စစ်ရေးသတင်းအချက်အလက်ဆိုင်ရာ အထွေထွေလုံခြုံရေး သဘောတူစာချုပ်နှင့် ထောက်လှမ်းရေးဆိုင်ရာအချက်အလက်များမျှဝေမှု သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

စာချုပ်သက်တမ်းတိုးမည့် သတ်မှတ်ရက်မရောက်ရှိမီ ရက်ပေါင်း ၉၀ အတွင်း အဆုံးသတ်လိုကြောင်း၊ စာချုပ်ပါနိုင်ငံတစ်ခုက အခြားတစ်ခုသို့ အသိပေးအကြောင်းကြားမှု မပြုလုပ်မချင်း အလိုအလျောက် စာချုပ်သက်တမ်းတိုးပြီးသား ဖြစ်နေမည်ဖြစ်သည်။ နှစ်နိုင်ငံချုပ်ဆိုထားသည့်သဘောတူစာချုပ်ကို ဂျပန်နိုင်ငံက အဆုံးသတ်လိုခြင်း မရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တာကဲရှိအီဝါရာက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယားအပေါ် တင်ပို့ကုန်ထိန်းချုပ်မှုကိစ္စ နိုင်ငံတကာထောက်ခံမှုရရှိရေး ကြိုးပမ်းမည်

**ဆိုးလ် ဇူလိုင် ၃၁**

တောင်ကိုရီးယားနိုင်ငံအပေါ် ဂျပန်က ပို့ကုန်ဆိုင်ရာ ထိန်းချုပ်နေမှုနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် အာဆီယံအစည်းအဝေး၌ နိုင်ငံတကာ၏ ထောက်ခံမှုများရရှိအောင်ကြိုးပမ်းမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာသည် အာဆီယံအစည်းအဝေးပြင်ပ၌ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဟုလည်း သိရသည်။ ဂျပန်သည် တင်ပို့ကုန်ဆိုင်ရာ ရိုးရှင်းသည့်လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံများစာရင်းမှ တောင်ကိုရီးယားနိုင်ငံကို ဖယ်ရှားသွားနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ ထိုသို့ ပယ်ဖျက်ခြင်းမှာ တရားမျှတမှုမရှိကြောင်းနှင့် တင်ပို့ကုန် ထိန်းချုပ်မှုနှင့် ပတ်သက်၍ နိုင်ငံတကာထောက်ခံမှုရရှိအောင် ကြိုးစားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာ

# အမေရိကန်-တရုတ် လတ်တလောဆွေးနွေးမှုများ ကုန်သွယ်ရေးစစ်ပွဲကိုရပ်တန့်စေနိုင်မလား

*ကလျာမိုးမြင့်*

**အမေရိကန်နဲ့ တရုတ်နိုင်ငံက ကုန်သွယ်ရေးဆိုင်ရာ ထိပ်တန်းညှိနှိုင်းဆွေးနွေးသူတွေဟာ သုံးလနီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ်နဲ့ ဇူလိုင် ၃၀ ရက်မှာ သဘောတူညီမှုတစ်ခုရရှိဖို့ ဆွေးနွေးနေကြပြီ ဖြစ်ပါတယ်။ ဒါပေမယ့် သဘောတူညီချက်ရဖို့ သိပ်တော့ မျှော်လင့်လို့ရမယ့် အနေအထားမျိုး မတွေ့ရသေးပါဘူး။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်

**တိုက်ခိုက်**

ဒီတော့ ကုန်သွယ်ရေးစစ်ပွဲဟာ တရုတ်နဲ့ အမေရိကန်ကို ဘယ်လောက်ထိခိုက်စေခဲ့ပြီလဲ ဆိုတာကို ပြသဖို့ အထောက်အထားသစ်တွေလည်း ရှိနေခဲ့ပါတယ်။ ညှိနှိုင်းဆွေးနွေးမှုတွေကို ရှုပ်ထွေးစေမယ့်နောက်ထပ်အလွှာတစ်ခု အနေနဲ့ နှစ်နိုင်ငံအကြားမှာ ထပ်လောင်းပေါ်ပေါက်လာတဲ့ စိတ်ရှုပ်ထွေးစရာအကြောင်းတွေ ရှိနေပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ တရုတ်နည်းပညာလုပ်ငန်းစုကြီးဖြစ်တဲ့ ဟွာဝေးကုမ္ပဏီအပေါ် တိုက်ခိုက်မှုကို ပိုပြီး အရှိန်မြှင့်လိုက်တာကိုတွေ့ရပါတယ်။ပြီးခဲ့တဲ့မေလတုန်းက အမေရိကန်ဟာ အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်နေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အမေရိကန်ကုမ္ပဏီတွေကို ဟွာဝေးဆီရောင်းချမှုကိုတားမြစ်တဲ့ တင်ပို့ကုန်ဆိုင်ရာ ပိတ်ပင်မှုချမှတ်ခဲ့ပါတယ်။ ဒီလိုလုပ်လိုက်တာက ဟွာဝေးကုမ္ပဏီရဲ့ စီးပွားရေးလုပ်ငန်းတွေကို အကျဉ်းအကျပ်ထဲ ရောက်မသွားစေခဲ့ပါဘူး။ ဟွာဝေးဟာ ကမ္ဘာတစ်ဝန်းက နည်းပညာကဏ္ဍမှာ ဆက်ပြီး ရှင်သန်နေခဲ့ပါတယ်။

**တထစ်လျှော့ချ**

ဂျပန်ကုမ္ပဏီတွေနဲ့ အမေရိကန်ကုမ္ပဏီတွေဟာ ၎င်းတို့ရဲ့ ဝယ်လိုအားကွင်းဆက်ကို ပိတ်ပင်လိုက်တဲ့ နောက်ဆက်တွဲအကျိုးသက်ရောက်မှုတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်ခဲ့ကြရပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီကုမ္ပဏီတွေဟာလည်းပဲ အမေရိကန်နဲ့အတူ ဟွာဝေးအတွက် ထုတ်ကုန်ပစ္စည်းတွေ သယ်ဆောင်ပေးနေတာကြောင့်ပါ။ ဒါပေမယ့် ဇွန်လအတွင်းပြုလုပ်ခဲ့တဲ့ ဂျီ ၂၀ ထိပ်သီး အစည်းအဝေးမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟွာဝေးကုမ္ပဏီအပေါ် သဘောထားပျော့ပျောင်းလာမှုကို ဖော်ပြခဲ့ပါတယ်။ ၎င်းအနေနဲ့ အမေရိကန်ကုမ္ပဏီအချို့ကို ဟွာဝေးဆီ ရောင်းချခွင့်ပေးမယ်လို့ ကြေညာပြီး တထစ်လျှော့ချလိုက်တာ ဖြစ်ပါတယ်။

**ခေါင်းရှုပ်စရာဖြစ်လာ**

အဲဒီအချိန်ကစပြီး ဘယ်ကုမ္ပဏီက ၎င်းတို့ရဲ့ ထုတ်ကုန်တွေကို ဟွာဝေးဆီ ရောင်းချနိုင်တယ်ဆိုတာနဲ့ ဘာတွေ ရောင်းချနိုင်တယ်ဆိုတာတွေနဲ့ ပတ်သက်ပြီး သမ္မတထရမ့်ရဲ့ အစိုးရအဖွဲ့အတွင်းမှာ ခေါင်းရှုပ်စရာတွေ ဖြစ်လာခဲ့ပါတယ်။

တရုတ်နိုင်ငံဘက်က ကြည့်မယ်ဆိုရင် သမ္မတထရမ့် အဲဒီလိုလုပ်လိုက်တာက တရုတ်နိုင်ငံအတွက် မျက်စိကျလောက်စရာ အခြေအနေမျိုးမဟုတ်ခဲ့သလို သုံးစွဲသူတွေကို ဝန်ဆောင်မှုပိတ်သိမ်းလိုက်ရပြီလို့ စောဒကတက်ခဲ့တဲ့ အမေရိကန်အင်တာနက်ကုမ္ပဏီကြီးဖြစ်တဲ့ ဂူဂဲလ်ရဲ့ အသံကို ပိုပြီး နားစွင့် လာရပါတယ်။

**စွပ်စွဲချက်များ**

ပြီးတော့ တရုတ်နိုင်ငံအတွက် ဟွာဝေးကုမ္ပဏီဟာ စီးပွားရေးလုပ်ငန်းတစ်ခု ဆိုတာထက်ပိုပါတယ်။ အမေရိကန်က လုပ်ဆောင်နေတာတွေဟာ ဟွာဝေးကုမ္ပဏီတစ်ခုတည်းကိုသာ မဟုတ်ဘဲ နိုင်ငံတကာစင်မြင့်ထက် အရောက်လှမ်းနိုင်ဖို့ ကြိုးစားနေတဲ့ တရုတ်နိုင်ငံရဲ့ ရည်မှန်းချက်ကိုပါ တိုက်ခိုက်နေခြင်းဖြစ်တယ်လို့ ပေကျင်းက ရှုမြင်နေပြီဖြစ်ပါတယ်။ ဒီကြားထဲမှာ နောက်ထပ်ပေါ်ထွက်လာတဲ့ သတင်းတွေကတော့ ဟွာဝေးကုမ္ပဏီဟာ တရုတ်အစိုးရနဲ့ အနီးကပ်ပတ်သက်ဆက်နွှယ်မှုရှိနေပြီး နိုင်ငံတော်ရဲ့ ထောက်ပံ့မှုကို ရယူထားတယ်ဆိုတဲ့ စွပ်စွဲချက်တွေ ဖြစ်ပါတယ်။

**ပစ်မှတ်ထား**

တရုတ်နိုင်ငံနဲ့ အမေရိကန်တို့အကြား မပြေလည်မှုဖြစ်စေတဲ့အရာတွေမှာ စိုက်ပျိုးရေးကဏ္ဍကလည်းတစ်ခုအပါအဝင်ဖြစ်ခဲ့ပါတယ်။ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုကိုကြည့်လိုက်မယ်ဆိုရင် တရုတ်တင်ပို့ကုန်တွေအပေါ်မှာ အခွန်စည်းကြပ်လိုက်မှုတွေအတွက် တုံ့ပြန်တဲ့အနေနဲ့ အသား၊ ငါး၊ကောက်ပဲသီးနှံတွေလို စိုက်ပျိုးရေးထွက်ကုန်တွေအပါအဝင် အမေရိကန်လယ်သမားတွေကို တရုတ်နိုင်ငံက ပစ်မှတ်ထားလာသယောင်တွေ့ရပါတယ်။

ဒါပေမယ့် ဆွေးနွေးပွဲတွေမစခင်ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းမှာပဲ စေတနာထားတဲ့ အပြုအမူမျိုးတွေ့လာရပြီး ဇွန်လအတွင်းက ဂျီ ၂၀ အစည်းအဝေးမှာ အမေရိကန်သမ္မတ ထရမ့်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံဟာ အမေရိကန်ဆီက တန်ချိန်သန်းနဲ့ချီတဲ့ မြေပဲတွေ ဝယ်ယူခဲ့တယ်လို့ ဆိုပါတယ်။

**အကောင်းမြင်**

တရုတ်နိုင်ငံက အမေရိကန်ဆီကနေ ကောက်ပဲသီးနှံတွေ ပိုမိုဝယ်ယူဖို့ ဆန္ဒရှိကြောင်း ဖော်ပြခဲ့မှုကို အမေရိကန်က စိုက်ပျိုးရေးကဏ္ဍနဲ့ပတ်သက်ပြီး ဖြစ်ပွားနေတဲ့မပြေလည်မှုတွေကို အဆင်ပြေချောမွေ့လာစေနိုင်တဲ့ အလားအလာတစ်ခုအဖြစ် အကောင်းမြင်ခဲ့ပါတယ်။ဒါပေမယ့် ကုန်သွယ်ရေးဆွေးနွေးမှုတွေ နောက်ထပ်ရက်အနည်းငယ်ကြာတဲ့အထိ ဘယ်လိုဆက်သွားဦးမလဲဆိုတာနဲ့ နှစ်နိုင်ငံအကြား ဘယ်လောက်အတိုင်းအတာထိ ယုံကြည်မှုတည်ဆောက်နိုင်မလဲဆိုတာနဲ့ပတ်သက်လို့ အတော်လေးမှန်းဆဖို့ခက်နေပါသေးတယ်။

**တင်ပို့ကုန်ကျဆင်း**

ပြီးခဲ့တဲ့သုံးလအတွင်း ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို အက်ကြောင်းဖြစ်စေတဲ့ နောက်ထပ် အချက်အလက်တွေအများကြီးကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပြီးဖြစ်ပါတယ်။တရုတ်နိုင်ငံနဲ့ အာရှရဲ့ကျန်အစိတ်အပိုင်းတွေမှာ တင်ပို့ကုန်ကျဆင်းမှုဟာ အတိုင်းအတာတစ်ခုအထိ နေရာယူခဲ့ပါတယ်။ ဒါတွေရဲ့ အကြောင်းတစ်ခုက တရုတ်ရဲ့ စီးပွားရေးအရှိန်အဟုန်လျော့ကျမှုကြောင့်ဖြစ်သလို ကုန်သွယ်ရေးစစ်ပွဲကြီးထွားလာမှုကလည်း အခြားအကြောင်းတစ်ခုလို့ ဆိုနိုင်ပါတယ်။

**ရှေ့မဆက်နိုင်**

ကုမ္ပဏီတွေအနေနဲ့ တရုတ်နိုင်ငံပြင်ပဆီ ရွှေ့ပြောင်းရမလား၊ မပြောင်းရဘူးလားဆိုတာကို ဆုံးဖြတ်ဖို့ချင့်ချိန်နေရတာနဲ့ လုပ်ငန်းတွေချဲ့ထွင်ဖို့ ရှေ့မဆက်နိုင်ဖြစ်နေပြီး ရပ်တန့်နေရပါတယ်။ ဆိုလိုတာက စက်ရုံသစ်တွေကို တည်ဆောက်ပြီးပေမယ့် အလုပ်အကိုင်သစ်တွေ ဖန်တီးပေးရခြင်း မရှိသေးပါဘူး။ ဒီအခြေအနေတွေကြောင့်ပဲ ကုန်သွယ်ရေးစစ်ပွဲဟာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ထိခိုက်လာစေနိုင်တဲ့ အန္တရာယ်တွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့လိုအဖွဲ့အစည်းတွေဆီကနေ သတိပေးချက်အသစ်တွေပေါ်ထွက်လာခဲ့ပါတယ်။

**လျှော့တွက်**

ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားနေမှုကို အဓိကအကြောင်းပြချက်တစ်ခုအဖြစ် ဖော်ပြလိုက်ပြီး နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ယခုနှစ်နဲ့ နောက်နှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအခြေအနေတွေကို လျှော့ချပြီး ခန့်မှန်းတွက်ချက်ခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်ရဲ့စီးပွားရေးတိုးတက်မှုဟာလည်းပဲ ယခင်နှစ်က ကြိုတင်ခန့်မှန်းထားတာထက်တောင် တိုးတက်မှုလျော့ကျခဲ့တာကို အမေရိကန်စီးပွားရေးအချက်အလက်တွေက ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ကုန်သွယ်ရေးစစ်ပွဲက ဘယ်သူ့ကိုမှ အကျိုးကျေးဇူးမရှိစေဘူးလို့ ဆိုရမလိုပါပဲ။အမေရိကန်က တရုတ်နိုင်ငံနဲ့ဖြစ်ပွားနေတဲ့ ကုန်သွယ်ရေးစစ်ပွဲကို ဆက်ပြီး အရှိန်မြှင့်နေတဲ့အတွက် ပြည်ပကုန်သွယ်မှုနဲ့ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုကလည်း ကျဆင်းခဲ့ရပါတယ်။ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဟာ ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး အဖြေရှာဖို့ဘယ်လောက်တောင် အရေးကြီးနေပြီလဲဆိုတာကို အထက်မှာဖော်ပြခဲ့တဲ့ အခြေအနေတွေအားလုံးက မီးမောင်းထိုးပြလျက်ရှိနေပါတယ်။ ။

**ကိုးကား - ဘီဘီစီ၊ အေအက်ဖ်ပီ**

> **“ ဇွန်လအတွင်းပြုလုပ်ခဲ့တဲ့ ဂျီ ၂၀ ထိပ်သီး အစည်းအဝေးမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟွာဝေးကုမ္ပဏီအပေါ် သဘောထားပျော့ပျောင်းလာမှုကို ဖော်ပြခဲ့ပါတယ်။ ၎င်းအနေနဲ့ အမေရိကန်ကုမ္ပဏီအချို့ကို ဟွာဝေးဆီ ရောင်းချခွင့်ပေးမယ်လို့ ကြေညာ ”**

## နိုင်ငံတကာသတင်းတိုထွာ

### ငွေကြေးဖြေလျှော့ရေးမူဝါဒကို ဂျပန်ဗဟိုဘဏ်ဆက်လက်ထိန်းသိမ်းထားမည်

**တိုကျို ဇူလိုင် ၃၁**

လက်ရှိကျင့်သုံးနေသည့် ငွေကြေးဖြေလျှော့ရေးမူဝါဒကို ဂျပန်ဗဟိုဘဏ်က ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ဗဟိုဘဏ်မူဝါဒရေးဆွဲသူများသည် စီးပွားရေးကျဆင်းမှုအန္တရာယ် သိသိသာသာရှိနေကြောင်း သတိပေးခဲ့သည်။ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုကို ၂ရာခိုင်နှုန်းအထိ ရောက်အောင် ရည်မှန်းထားသည်ဖြစ်ရာ ရည်မှန်းချက်ပြည့်မီစေရေးအတွက် နောက်ထပ်ငွေကြေးဖြေလျှော့ရေးလုပ်ငန်းစဉ်များကိုလုပ်ဆောင်သွားရန်လည်း တုံ့ဆိုင်းနေမည် မဟုတ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင်ဗဟိုဘဏ်သည် ကာလတိုနှင့်ကာလရှည် အတိုးနှုန်းများကို ဆက်လက်စီမံခန့်ခွဲဆောင်ရွက်နိုင်ရေး အာရုံစိုက်သွားမည်ဟုဆိုသည်။ ဆိုလိုသည်မှာအနုတ်အတိုးနှုန်းမူဝါဒကို ဆက်လက်ထားရှိမည်ဟု ဆိုလိုခြင်းဖြစ်ပြီး အဓိကကျသည့် ၁၀နှစ်သက်တမ်းရှိ ဂျပန်အစိုးရငွေချေးစာချုပ်များ၏ အတိုးနှုန်းကိုလည်း သုညရာခိုင်နှုန်းဝန်းကျင်၌ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဟော်မုဇ်ရေလက်ကြား၌ အမေရိကန်က စစ်ရေးညွှန်ကြားမှုများ ထပ်မံလုပ်ဆောင်သွားမည်

**ဝါရှင်တန် ဇူလိုင် ၃၁**

ဟော်မုဇ်ရေလက်ကြားအတွင်း၌ လုံခြုံရေးဆိုင်ရာ ခိုင်မာသေချာစေရေးအတွက် နိုင်ငံတကာမဟာမိတ်အဖွဲ့ ဖွဲ့စည်းမည့် အစီအစဉ်နှင့်ပတ်သက်၍ စစ်ရေးဆိုင်ရာ အသေးစိတ်ညွှန်ကြားမှုများ ထပ်မံလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်တပ်မတော်က ပြောကြားလိုက်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် အဆိုပါမဟာမိတ်အဖွဲ့အတွက် ကနဦးကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ မဟာမိတ်အဖွဲ့များနှင့် မိတ်ဆွေနိုင်ငံများသို့ အကြောင်းကြားရန်အတွက် ဘာရိန်းနိုင်ငံရှိ အမေရိကန် အခြေစိုက်စခန်း၌ အစည်းအဝေးတစ်ရပ် ပြုလုပ်သွားရန်စီစဉ်လျက်ရှိသည်။

အမေရိကန်အစိုးရအဖွဲ့သည်မဟာမိတ်အဖွဲ့ထူထောင်မည့်အစီအစဉ်နှင့် ပတ်သက်၍ ပထမတစ်ကြိမ် စစ်ရေးဆိုင်ရာ အသေးစိတ်ညွှန်ကြားမှုကို ဇူလိုင် ၁၉ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြုလုပ်ခဲ့သည်။ မဟာမိတ်များကို နေရာချထားရန် အမေရိကန်၏ လိုလားချက်များသည် အချိန်ယူရလိမ့်မည်ဟု ယူဆကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ပစ်တိုင်းထောင်ကျောင်းက ရုပ်ပွားတော်အဆူဆူကို တွေ့ရစဉ်။

# မေမြို့ သို့မဟုတ် ပြင်ဦးလွင်

## အပိုင်း (၁)

**Thiha, the Traveller @ သီဟလုလင်**

**ရှမ်းတောင်တန်းတွေနဲ့ မြေပြန့်ဒေသကို ကြားခံဆက်သွယ်ပေးထားတဲ့ မြို့လေးလို့ ဆိုရလောက်အောင် မန္တလေးတိုင်းဒေသကြီးအဆုံး ရှမ်းပြည်နယ်အစ နယ်စပ်မြို့လေးပါ။ ဒီမြို့ကို အမျိုးမျိုးခေါ်ဆိုခဲ့ကြတယ်။ ပန်းမြို့တော်၊ တောင်စခန်းမြို့ တောင်လှေကားမြို့လို့ တင်စားခေါ်ဝေါ်ခဲ့သလို ကိုလိုနီခေတ်တုန်းက မေမြို့ ခုတော့ ပြင်ဦးလွင်ဆိုပြီး သိကြတယ်ပေါ့။ ရာသီဥတုမပြင်းထန်ဘဲ အချိန်တိုင်းအေးမြနေတာကိုက ပန်းကမ္ဘာ မျှော်စင်အဖြစ် တင်စားစေပါသေးတယ်။ ကိုလိုနီခေတ်က အပန်းဖြေစခန်းမြို့လည်း ဖြစ်တဲ့အတွက် ကိုလိုနီအဆောက်အအုံတွေ အများအပြား ကြွင်းကျန်နေခဲ့တဲ့ အရပ်ဒေသလည်းဖြစ်ပြီး နို့နဲ့ နို့ထွက်ပစ္စည်းမှာလည်း နာမည်ရပါတယ်။ သဘောကျတာတစ်ခုက သူလည်း လူမျိုးဘာသာပေါင်းစုံ ချစ်ကြည်စွာနေထိုင်နေတဲ့ အရပ်လို့ မြင်မိပါသေးတယ်။ ဘာသာစုံနဲ့ ဆက်နွှယ်နေတဲ့ ဘုရားကျောင်းကန်အစုံ၊ အစားအသောက်အစုံ၊ ဝတ်စားဆင်ယင်မှုအစုံနဲ့ ဓလေ့အစုံကို မြင်တွေ့ရတဲ့ အရပ်ဒေသပါပဲ။**

### ပြင်ဦးလွင်မှာ လည်ပတ်စရာ အသစ်များ

အသစ်ဆိုတဲ့နေရာမှာ တကယ်ကို ၂၀၁၈ အကုန် ၂၀၁၉ မှ စပြီး ဖွင့်လှစ်တည်ရှိလာတဲ့ နေရာတွေနဲ့အရင်က ရှိပေမယ့် လူသိပ်မသိသေးတဲ့နေရာလေးတွေရယ်ကို စုစည်းပေးလိုက်တာပါ။

### Mico Hill

အရင်က ထိုင်းကို အလည်သွားရင် ချစ်စရာကောင်းအောင် ပန်းခြံလေးတွေကို ဥရောပပုံစံတွေ၊ ရုပ်တုလေးတွေ၊ ပန်းတွေနဲ့ ပြင်ဆင်ပြီး ခရီးသွားတွေကို ဆွဲဆောင်ကြတာမြင်တော့ မချင့်မရဲဖြစ်တယ်။ ကိုယ်တွေဆီမှာ မရှိလို့။ ဟော အခု Mico Hill ကို မြင်လာတော့ ထိုင်းကပုံစံမျိုးလို့ ခံစားရပြီး သဘောကျတယ်။ အလွန်ကြီးတော့ လက်ရာမသေသပ်ပေမယ့် အတော်လေး အဆင်ပြေနေတာတွေ့ရတာ အားတက်မိတယ်။ တည်းခိုနေထိုင်လို့ရအောင်အထိ ရည်ရွယ်တည်ဆောက်နေတဲ့ ဒီ Resort မှာ ပန်းခြံလေးတွေ၊ ဆင်ပေးထားတဲ့ ဓာတ်ပုံရိုက်ချင်စရာနေရာနဲ့ အဆောက်အအုံတွေက လူငယ်ကြိုက်ဖြစ်ပါလိမ့်မယ်။ နောက်များဆို ဖျော်ဖြေပွဲတွေတောင် လုပ်ဦးမယ်တဲ့။ ရှေ့အဝင်မှာတော့ စားသောက်ဆိုင်တစ်ခု ဖွင့်ထားပါတယ်။ ဝင်ကြေးအားဖြင့် လူတစ်ဦး ကျပ် ၁၀၀၀နဲ့ ရေသန့်ဘူးသေး ပေးပါတယ်။ လည်စရာတစ်နေရာ ထပ်တိုးတယ်ပေါ့လေ။ ပြင်ဦးလွင် - လားရှိုးလမ်းအတိုင်း၊ မဟာအံ့ထူးကံသာဘုရားကြီးအကျော်က မြို့ဝင်ကြေး ကောက်တဲ့နေရာကို မိနစ်နည်းနည်း ဆက်သွားရင် လမ်းရဲ့ ဘယ်ဘက်အခြမ်းမှာ ရှိပါတယ်။

### ပစ်တိုင်းထောင်ကျောင်း

ပြင်ဦးလွင် - လားရှိုးလမ်းအတိုင်း ဒီဇင်ဘာခြံကို ကျော်လာခဲ့ရင် လမ်းရဲ့ ဘယ်ဘက်အခြမ်းမှာ ပစ်တိုင်းထောင်ကျောင်း လမ်းညွှန်ဆိုင်းဘုတ်တွေ့မယ်။ ဒီဇင်ဘာခြံကျော်ကတည်းက ဖြည်းဖြည်းသတိနဲ့မောင်းပါ။ ကျွန်တော်တို့လည်း သတိထားလျက်နဲ့ကို လွန်သွားတတ်လို့။ အဲဒီလမ်းညွှန်ဆိုင်းဘုတ်လေးရှိရာလမ်းအတိုင်း အတွင်းကို ခပ်ဝေးဝေး ဝင်လာရင် ပစ်တိုင်းထောင်အရုပ်လေးတွေများစွာနဲ့ ဗုဒ္ဓရုပ်ပွားတော်များစွာ လုပသပ္ပာယ်ထူးခြားစွာ တည်ဆောက်ထားတဲ့ ပစ်တိုင်းထောင်ကျောင်းနဲ့စေတီကို ဖူးမြင်ကြရပါလိမ့်မယ်။ အတော်ထူးခြားတဲ့ စိတ်ကူးလေးပါပဲ။ တောင်ကုန်းလေး အဆင့်ဆင့်မှာ တစ်တန်းချင်း ရုပ်ပွားတော်တွေကို ဖူးကြရမယ့်အပြင် အရောင်အစပ်အဟပ် ထူးခြားတော့ ဓာတ်ပုံရိုက်ဖို့အတွက်ပါ အဆင်ပြေနေတာ တွေ့ရပါတယ်။

### စည်သာကော်ဖီခြံ

အရင်ကတည်းက ရှိပေမယ့် အခုနောက်ပိုင်းမှ ပိုပြီး လူသိလာတဲ့နေရာပါ။ ကော်ဖီဆိုင် ခပ်ကြီးကြီးလေးရှိပြီး အောက်ဘက်က ပန်းခြံလိုနေရာလေးနဲ့ ကော်ဖီခြံတစ်ခွင် လိုက်ကြည့်ဖို့ဆိုရင်တော့ ဝင်ကြေး ကျပ် ၁၀၀၀ ပေးရပါတယ်။ ကော်ဖီတစ်ခွက် ပြန်တိုက်ပါလိမ့်မယ်။ ကော်ဖီခြံက အကျယ်ကြီးပါ။ ထိပ်ဘက်မှာတော့ ကော်ဖီအစေ့ထုတ်နေတာမျိုး၊ လှန်းထားတာမျိုးမြင်ကြရမယ်။ အတွင်းဘက်ကို ဆက်လျှောက်ရင် အဆုံးနားမှာ လမ်းဆုံတစ်ခုတွေ့မယ်။ တစ်ဖက်က လှေဆိပ်ရောက်ပြီး တစ်ဖက်က ကော်ဖီစေ့ခင်းကိုရောက်မယ်။ လမ်းတော့ အတော်လျှောက်ရတာမို့ Soft Trekking လို ဖြစ်နေတာ။ လှေဆိပ်ဆိုပေမယ့် ခုတော့ လှေတွေကို ဒီအတိုင်းသိမ်းထားတာပဲ တွေ့ရတယ်။ ဆော့သူ မရှိ။ လှေဆိပ်ဆင်းတဲ့နေရာက ဝန်ထမ်းအိမ်ရာမှာ ခွေးတွေအများကြီး ထိန်းသိမ်းထားလို့ လာရတာ နည်းနည်းတော့ လန့်သား။ ရောက်လက်စမို့သာ ဆင်းကြည့်ဖြစ်တာ။ ဒီနေရာလေးလည်း လည်ပတ်စရာတစ်ခုအနေနဲ့ စိတ်ဝင်စားမိပါတယ်။

### ဒီဇင်ဘာ ရေတံခွန်

ကျွန်တော် ပထမအခေါက်တွေ ရောက်တုန်းက ဝင်ကြေးမရှိဘူး။ အခုတော့ ဝင်ကြေးက လူတစ်ဦး ကျပ် ၁၀၀၀၊ ကားက ကျပ်၅၀၀ ပေးရပါပြီ။ အတွင်းကို ဘတ်ဂီကားနဲ့ လည်မယ်ဆိုရင်တစ်ဦးကို အသွား ကျပ် ၅၀၀ နဲ့ အပြန် ကျပ် ၅၀၀ ပေးရတတ်တယ်။ခြံလေးကအဲ့လောက်မကျယ်သေးလို့ကျွန်တော့်အနေနဲ့ကတော့ ဘတ်ဂီ စီးတာထက် လမ်းလျှောက်ကြည့်တာလေးကို ပိုသဘောကျမိတယ်။ လှေစီးဖို့ လှေဆိပ်လေးလည်းရှိပြီး လှေတွေ အသင့်ပြင်ထားပေးပြီ။ စားသောက်ဆိုင်တွေလည်း အကုန်စုံလာပြီ။ မြင်းစီးချင်ရင်လည်း ရသလို၊ ကလေးလေးတွေ အရုပ်ကောက်၊ အရုပ်ပစ်ချင်ရင်လည်း အတော်စုံလင်သွားတာကို သတိပြုမိတယ်။ ကြိုးတံတားလေးတွေက ဒီပန်းခြံရဲ့ အထင်ကရဖြစ်လာပြီးတော့ ဒီတစ်ခေါက်မှာ ထူးထူးခြားခြား သတိပြုမိတာက အနားယူစားသောက်ဖို့ အဖြူရောင်ပိတ်ထူမိုးထားတဲ့ တဲလေးတွေကို ရေချောင်းလေးဘက် ထိုးထွက်ဆောက်ပေးထားတာပဲ။ ဒါလေးက ဓာတ်ပုံရိုက်ချင်စရာလေးဖြစ်နေပြီး လာရောက်တဲ့သူတွေ အတော်သဘောကျနေကြပါတယ်။ ပန်းစိုက်ထားတာတွေလည်း အတော်လေးစုံလာသလိုပန်းပွင့်ချိန်လည်း ဖြစ်လာတော့ ဒီနေရာဟာ သွားလည်လို့ကောင်းတဲ့ နေရာတစ်ခု ပိုဖြစ်လာတယ်လို့ ဆိုရပါမယ်။

### စူဠာမဏိ ပုထိုးတော်ကြီးနဲ့ မြမဥ္ဇူ လေးမျက်နှာဘုရားကြီး

ဘုရားဖူးတွေနဲ့ ခရီးသွားတွေ သတိမပြုမိဘဲ ကျော်သွားတတ်တဲ့ ဒီဘုရားဟာ Ruby Mart ဘေး မြဝတီဆီဆိုင်ရှေ့ မျက်နှာချင်းဆိုင်မှာ ရှိပါတယ်။ အတွင်းကို ဝင်သွားလိုက်ရင် တည်ဆောက်ဖွဲ့စည်းထားပုံ ထူးခြားတဲ့ ဒီဘုရားကြီးကို ဖူးမြင်ကြရမှာပါ။ အတွင်းဘက်မှာ ကျောင်းတိုက်တွေလည်းရှိပြီး ကားရပ်ဖို့လည်း နေရာလုံလောက်ပါတယ်။ အပေါ်ထိတက်ပြီး ဖူးလို့ရတာမို့ ရှုခင်းလည်း အဆင်ပြေတယ်လို့ ဆိုရပါမယ်။

### အစဉ်အလာမပြက် အခြားလည်ပတ်စရာ နေရာများ

#### ဘုရားကျောင်းကန်နဲ့ စေတီပုထိုးများ

#### (၁) မဟာအံ့ထူးကံသာစေတီ

ကြီးမားတဲ့ စကျင်ကျောက်ကနေ ထုဆစ်ထားတဲ့ ဆင်းတုတော်ကြီးက တရုတ်နိုင်ငံကို ပင့်ဆောင်သွားစဉ်မှာ အခုဘုရားတည်တဲ့နေရာ အရောက် မြေခဲ့တဲ့အတွက် ပြည်ချစ်ဘုရားအဖြစ် နာမည်ကြီးပြီး ခုလို မဟာအံ့ထူးကံသာစေတီကြီးကို တည်ထားကိုးကွယ်ခဲ့တာ ဖြစ်ပါတယ်။ ပြင်ဦးလွင်မြို့ကို အလည်လာသူတိုင်း လာရောက်ဖူးမြော်ကြသလို၊ ဒီဘုရားကြီးရဲ့ တစ်ဖက်ခြမ်းက ကွင်းပြင်ကြီးမှာ မီးပုံးပျံပွဲတော်ကြီးနဲ့ ဈေးပွဲတော်ကို ဆင်နွှဲကြတာ ဖြစ်ပါတယ်။

#### (၂) ဇိနမာန်အောင် ကျောက်တောင်စေတီ

ပြင်ဦးလွင်မြို့အဝင်မှာ မြင်တွေ့ဖူးမြင်ကြရတာဖြစ်ပြီး တောင်လေးပေါ်ကို တက်သွားရသလိုမို့ မြို့အပြင်ဘက်ခြမ်းက လူနေအိမ်လေးတွေနဲ့ တောင်၊ ချောက် စတာတွေကို မြင်တွေ့နိုင်မယ့်နေရာလည်း ဖြစ်ပါတယ်။ တောင်ပေါ်ကနေ ရှုခင်းလှတယ်လို့လည်း ဆိုကြပါတယ်။

#### (၃) နီးဘုရား

ဓာတ်တော်ချိုင့်ရေတံခွန်နား မရောက်ခင်လေး ပြင်ဦးလွင်ဘက်အတက်လမ်း ညာဘက်အခြမ်းမှာ ရှိပါတယ်။ အတွင်းဘက်ကို နည်းနည်းဝင်ရတယ်။ မြို့ရှောင်လမ်းကနေ သွားရင်လည်း ရောက်ပါတယ်။ နီးဘုရားကြီးကို ဖူးမြော်ရင်း ဝန်းကျင်သဘာဝအလှကို ခံစားနိုင်ပါတယ်။

#### (၄) မြွေဘုရား

မန္တလေး - ပြင်ဦးလွင် အတက်ကားလမ်း ညာဘက်ခြမ်းမှာပဲ တည်ရှိတာပါ။ ကျွန်တော်ကိုယ်တိုင်လည်း မရောက်ဖြစ်သေးပါဘူး။ ဒီဘုရားကိုလည်း ခရီးသွားဧည့်သည်တချို့ဝင်ရောက်ဖူးမြော်ကြတယ်လို့ ကြားရပါတယ်။

#### (၅) တရုတ်ဘုံကျောင်း

ပြင်ဦးလွင်ရောက်ရင် သွားရောက်လည်ပတ်ပြီး ဘုရားဖူးသင့်တဲ့အထဲမှာ တရုတ်ဘုံကျောင်းကြီးလည်း ပါဝင်ပါတယ်။ သက်သတ်လွတ်စားသောက်ဆိုင်တစ်ခုလည်းရှိတဲ့ ဒီဘုံကျောင်းကြီးအတွင်းမှာ ဘုရားဖူးရင်း ဗေဒင်မေး စာချနိုင်ပါတယ်။ တရုတ်နံပါတ်နဲ့ ဟောစာတမ်းတွေကို သီလရှင်ဆရာလေးများက ကူညီပေးလေ့ရှိတတ်ပါတယ်။ ဘုံကျောင်းကြီးအတွင်းမှာ ဓာတ်ပုံရိုက်ဖို့ လုပနေပြီး ဝတ်စုံငှားတဲ့နေရာလည်း ရှိလို့၊ တရုတ်၊ ကိုရီးယားဝတ်စုံများကို ငှားရမ်းဓာတ်ပုံရိုက်ကူးနိုင်ပါတယ်။



ဘုံကျောင်းကို တွေ့ရစဉ်။

### နှစ်ပေါင်းရာကျော်ရှိဘုရားကျောင်းကြီးများ

နှစ်ပေါင်းရာကျော်ရှိ ဘုရားကျောင်းကြီးများရှိပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက ဧည့်သည်များပြီး ဆူညံလာလို့ ဘုရားဝတ်ပြုချိန် အနှောင့်အယှက်ဖြစ်လာတဲ့အတွက် ဧည့်အလာ သိပ်လက်မခံတော့တာ များပါတယ်။ ကျွန်တော်လည်း ဘယ်နေရာဆိုတာ မညွှန်းချင်တော့ပါဘူး။

### သဘာဝလိုဏ်ဂူ

#### (၁) ပိတ်ချင်းမြောင် သဘာဝလိုဏ်ဂူ

ဒီနေရာကတော့ နာမည်ကျော်ပါ။ ပြင်ဦးလွင်ရောက်သူတိုင်း လာရောက်လည်ပတ်ကြပြီး လိုဏ်ဂူအတွင်းက ဘုရားတွေကို ဖူးမြော်ကြပါတယ်။ ရေတံခွန်အငယ်စားလေးလည်း ဖြစ်လို့ ရေကစားကြသူများလည်း ပေါများပြီး နေ့လယ်စာထမင်းဆီဆမ်း၊ ဆတ်သားခြောက်ဖုတ် စတာတွေ စားသုံးလို့ကောင်းတဲ့နေရာ ဖြစ်ပါတယ်။ လက်ဆောင်ပစ္စည်းတွေ၊ ပရဆေးနဲ့ တောထွက်ပစ္စည်းတွေ ဝယ်လို့ရတဲ့နေရာတစ်ခုပါ။ ခွေးလှေးယားစေ့အနက်လည်း ဒီမှာဝယ်လို့ရပါတယ်။ ။



စည်သာကော်ဖီခြံ

# ငါးမဖမ်းရရာသီ၌ ကမ်းနီးကမ်းဝေးဟန်ချက်ညီရန်လိုအပ်

**ရန်ကုန် ဇူလိုင် ၃၁**

ပြည်ပပို့ကုန်ပင်လယ်ငါး၊ ပုစွန်တင်ပို့ရာတွင် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပင်လယ်ပြင်တွင် ငါးဖမ်းခွင့်ကို ကမ်းဝေးသာ ပိတ်ထားပြီး ကမ်းနီးပိတ်ထားခြင်းမရှိချေ။ ရေတိမ်ပိုင်း၊ ဒီရေတောများနှင့်ရေချိုရေငန်စပ်၊ ပင်လယ် ကမ်းခြေတို့တွင် ငါး၊ ပုစွန်သားပေါက်တတ်သောကြောင့် ရေထွက်ပစ္စည်းလျော့နည်းကျဆင်းမှုထိန်းသိမ်းနိုင်ရန်၊ ငါးမဖမ်းရ ရာသီအဖြစ် သတ်မှတ်ပါက ကမ်းနီး၊ ကမ်းဝေးဟန်ချက်ညီရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

“ပင်လယ်ငါး၊ ပုစွန်ပြည်ပပို့ကုန်တင်ပို့မှုကတော့လျော့သွားတယ်။ ဇွန်လကနေ ဩဂုတ်လကုန်အထိ ပင်လယ်ကမ်းဝေးကိုပဲ ပိတ်ထားတာ၊ ကမ်းနီးကို မပိတ်ထားဘူး။ ငါးမဖမ်းရရာသီလို့ သတ်မှတ်ပြီး ပိတ်တဲ့အခါမှာ ကမ်းနီး၊ ကမ်းဝေးပြိုင်တူမပိတ်တာကြောင့် ရာနှုန်းပြည့်ထိရောက်မှုရှိတယ်လို့မဆိုနိုင်ဘူး။ ပင်လယ်ပြင်ငါးသယံဇာတတိုးပွားဖို့ဆိုရင် ရာသီသတ်မှတ်ချက် စနစ်ကျဖို့နဲ့ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းမှု ပြိုင်တူပိတ်ဖို့လိုမယ်။ ဒီနှစ် ကမ်းဝေးငါးဖမ်းတာကို ၁၀၀ ရာခိုင်နှုန်းပိတ်ထားပြီးတော့ ကမ်းနီးက မပိတ်ရသေးဘူး။ ဒီရာသီမှာ ပင်လယ်ပြင်ကမ်းဝေး ငါးမဝင်ဘူး၊ ကမ်းနီးငါးပဲ ဝင်တယ်လို့ဆိုရမယ်”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးမျိုးစုံရှိပြီး ငါးမဖမ်းရပိတ်ပင်ကန့်သတ်ချက်သည်မှန်ကန်ရန်လိုအပ်ရာ အချို့သည်နွေရာသီ၌ ပေါက်၍ အချို့သည်မိုးဦးနှင့် မိုးတွင်းကာလတို့တွင် ပေါက်တတ်သောကြောင့် ငါးသားပေါက်မှုသည် တစ်နှစ်လုံးတွင် သားပေါက်တတ်ရာ အများဆုံးသားပေါက်နိုင်သောကာလကို စစ်ဆေးတွက်ချက်သုတေသနပြုရန်လိုအပ်ကြောင်း၊ ယခင် မေလမှ ဇူလိုင်လ၊ ဇွန်လမှ ဩဂုတ်လအထိ ငါးရစ်ငါးသန်ဖမ်းဆီးမှုပိတ်ပင်သောကာလများဖြစ်၍ တည်ငြိမ်သောသတ်မှတ်ကာလလိုအပ်ကြောင်း၊ ပင်လယ်ပြင်၌ အဓိကစီးပွားဖြစ် ဖမ်းဆီးရမိသောငါး၊ ပုစွန်ပေါက်ပွားမှုအပေါ် မူတည်၍ ထိရောက်သော ပိတ်ပင်မှုဆောင်ရွက်ခြင်းဖြင့် ထိရောက်သောအကျိုးသက်ရောက်မှုကို ရရှိစေမည်ဖြစ်ကြောင်း၊ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းနည်းလမ်းနှစ်မျိုးတွင်လည်း ကမ်းဝေးနည်းတူ ကမ်းနီးငါးဖမ်းမှုကိုလည်း တားဆီးထိန်းချုပ်ခြင်းဖြင့် ရေသယံဇာတတိုးပွားမှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

ယခုမိုးရာသီ၌ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်တို့တွင် ရေချိုမွေးမြူရေးငါးကို အဓိကအားထားရလျက်ရှိရာ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးမုန့်၊ ငါးသိုင်းခေါင်းပွ၊ ရေချိုငါးမုန့်၊ တီလားပီးယား၊ ငါးခုံးမတို့ကို ထုတ်လုပ်တင်ပို့လျက်ရှိသည်။ ပြည်တွင်းရှိ မြစ်၊ ချောင်းများတွင်လည်း မေလမှ ဇူလိုင်လအထိ ငါးရစ်ငါးသန်ပေါက်ပွားချိန်ဖြစ်ရာ ဖမ်းဆီးရေးတွင် ပင်လယ်ကမ်းဝေးငါးဝင်ရောက်မှုမရှိသည့်နည်းတူ အင်း၊ အိုင်ငါးများလည်း ဝင်ရောက်မှုမရှိသောကြောင့် ကမ်းနီးလုပ်ငန်းပိတ်ထားခြင်း မရှိ၍ ထိုဝင်ရောက်သော ငါး၊ ပုစွန်တို့ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိသည်။



ကမ်းဝေးငါးဖမ်းရေယာဉ်များကို တွေ့ရစဉ်။

ယခုကာလ၌ မွေးမြူရေး ငါး၊ ပုစွန်သည် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက် အဓိကထုတ်လုပ်လျက်ရှိပြီး ငါးမဖမ်းရရာသီမပိတ်မီ စက်ရုံများတွင် သိုလှောင်ထားသောကုန်ကြမ်းများကိုသာ ပြည်ပသို့ တင်ပို့လျက်ရှိရာ ကျန်သောရာသီထက် ရေထွက်ပို့ကုန်လျော့နည်းလျက်ရှိသည်။ ယမန်နှစ်က ဆော်ဒီအာရေးဗီးယားတွင် တင်ပို့သောငါးများ အရည်အသွေးပိုင်းဆိုင်ရာအခက်အခဲကြောင့် မွေးမြူမှုကို လျှော့ချခဲ့ရာ ပြည်တွင်းငါးဈေးတက်ခဲ့ပြီး လက်ကားဈေးတွင်ငါးတစ်ပိဿာငွေကျပ် ၂၇၀၀ ဈေးနှုန်းမှ ယခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀ မှ ၅၀၀၀ အထိ ဈေးတက်လျက်ရှိသည်။ ပြည်တွင်းစားသုံးမှုဈေးမြင့်ခဲ့သည့်နည်းတူ ပြည်ပပို့ကုန်တွင်လည်း ဈေးမြင့်လျက်ရှိသည်။ ငါးမြစ်ချင်းသည် ဦးဆောင်သောငါးဖြစ်သောကြောင့် ငါးမြစ်ချင်းဈေးတက်ပါက ကျန်သောငါးများအားလုံး ဈေးတက်လေ့ရှိရာ ယခုမိုးရာသီသည် မွေးမြူရေးငါးများ ဈေးကောင်းသောအချိန်လည်း ဖြစ်သည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ တိုက်ခန်းပေါင်း ၅၄၂ ခန်းအား ပွင့်လင်းမြင်သာစွာ မဲနှိုက်ရောင်းချ



တန်ဖိုးမျှတ အိမ်ရာတိုက်ခန်းများ မဲနှိုက်ရောင်းချစဉ်။

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ တိုက်ခန်းပေါင်း ၅၄၂ ခန်းကို ယမန်နေ့က မန္တလေးမြို့တော်ခန်းမ၌ ပွင့်လင်းမြင်သာစွာ မဲနှိုက်ရောင်းချပေးခဲ့သည်။

အဆိုပါ တိုက်ခန်းများကို မန္တလေးခရိုင်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား မဲစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး လျှောက်ထားသူ ၂၆၀၀ ကျော်အနက် အငြိမ်းစားဝန်ထမ်းများအတွက် ၁၆၂ ခန်း၊ လုပ်သက် ၂၅ နှစ်ရှိဝန်ထမ်းများအတွက် ၂၀၅ ခန်း၊ လုပ်သက် ၂၅ နှစ်အောက် ဝန်ထမ်းများအတွက် ၁၅၅ ခန်းနှင့် လုပ်သက် ၁၀ နှစ်အောက် ဝန်ထမ်းများအတွက် အခန်း ၂၀ နှုန်းဖြင့် စုစုပေါင်းတိုက်ခန်း ၅၄၂ ခန်းကို အချိုးကျ ခွဲဝေ၍ မဲစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ဌာနမှူး ဦးဇော်ဝင်းက ပြောသည်။

“တိုက်ခန်းရောင်းချမှုတွေကို ယင်းနေ့ မနက် ၁၀ နာရီကစပြီး အုပ်စု ဒီ ကနေ အေအထိ အုပ်စုလေးစုခွဲပြီး ပွင့်လင်းမြင်သာစွာ မဲနှိုက်ရောင်းချပေးနေပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့က မဲပေါက်တဲ့သူတွေကို အမှန်တကယ် နေထိုင်ကြစေချင်ပါတယ်။ ဒါကြောင့် ဒီနှစ် ရောင်းချတဲ့ တိုက်ခန်းတွေကို အမှန်တကယ် နေထိုင်လိုသူတွေပဲ ရရှိစေဖို့ တိုက်ခန်းဝယ်ယူခွင့် မဲပေါက်တဲ့သူတွေကို အာမခံကြေး ကျပ် ငါးသိန်း ပေးသွင်းပြီးမှ မိမိနေထိုင်ရမယ့် အခန်းအတွက် မဲနှိုက်ခွင့်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

တိုက်ခန်းဝယ်ယူခွင့် မဲပေါက်သူများအနေဖြင့် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၂ ရက်အထိ အာမခံ စံပေါ်ငွေကျပ်ငါးသိန်းကို ပေးသွင်းရမည်ဖြစ်ပြီး ယင်းအာမခံကြေး ပေးသွင်းပြီးသူများသာ မိမိနေထိုင်ရမည့် အခန်းအတွက် ဩဂုတ် ၆ ရက်တွင်ထပ်မံ၍ ကိုယ်တိုင်မဲနှိုက်ရွေးချယ်ရမည်ဖြစ်သည်။

ယခုရောင်းချမည့် တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများမှာ တစ်ခန်းလျှင် ၆၆၁ စတုရန်းပေရှိ လေးခန်းတွဲခြောက်ထပ်ပါ အခန်း ၅၄၂ ခန်းဖြစ်ပြီး တစ်ခန်းလျှင် ကုန်သွယ်လုပ်ငန်းခွန်သုံးရာခိုင်နှုန်းအပါအဝင် မြေညီထပ် ၂၆၇ သိန်းရှစ်သောင်း၊ ပထမထပ် ၂၄၇ သိန်းနှစ်သောင်း၊ ဒုတိယထပ် ၂၂၆ သိန်းခြောက်သောင်း၊ တတိယထပ် ၂၁၆ သိန်းသုံးသောင်း၊ စတုတ္ထထပ် ၂၀၆ သိန်း၊ ပဉ္စမထပ် ၁၉၅ သိန်း ခုနစ်သောင်းနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၁-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၀၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၅ ကျပ် | ၉၁၀/၉၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၁၅ ကျပ် | ၉၂၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၇၉၅ ကျပ် | ၈၃၀/၈၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၉ · ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၂ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၂ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၆ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၀ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၀ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ · ၂၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၂၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၅၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၀၈၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၁၇၁၆ | ၁၈၈၇၆၀၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၄၆၇၁ | ၁၅၆၄၇၈၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂၅ | ၂၀၀၀၀၀ |
| FPB | ၂၄၅၀၀ | ၂၄၅၀၀ | ၇ | ၁၇၁၅၀၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာ့အင်ဂျင်နီယာလောကကို အဆင့်မြှင့်တင်ဖို့ (အပိုင်း-၁)

**သိပ္ပံစာရေးဆရာကိုကိုအောင်**




### လူသားဆန်သည့်ပညာရပ်များ

အင်ဂျင်နီယာပညာဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေးပညာရပ်များကို လေ့လာသင်ကြား၊ လေ့ကျင့်မှု အတွေ့အကြုံတို့မှ ရရှိလာသော အသိပညာ၊ အတတ်ပညာများကို အခြေခံလျက် သဘာဝ သယံဇာတနှင့် လူသားအရင်းအမြစ်တို့အား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အသုံးချကာ၊ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုမည့် အဆောက်အအုံများ၊ စက်ကိရိယာနှင့် ယာဉ်ယန္တရား၊ ဝတ္ထုပစ္စည်းနှင့် စွမ်းအားများ၊ ထုတ်လုပ်မှုနည်းစဉ်များ စသည်တို့ကို ပုံစံထုတ် တွက်ချက်ပြီး တည်ဆောက် ထိန်းသိမ်းပေးနိုင်စွမ်းရှိသော ပညာရပ်ဖြစ်သည်။ တစ်နည်းဆိုရသော် အသိဉာဏ်နှင့်ယှဉ်ကာ အသုံးချ ဆောင်ရွက်ရသော ပညာရပ်တစ်ခုဖြစ်သည်။

တိကျသောကိန်းဂဏန်းများ၊ ခိုင်လုံသော အချက်အလက်များကို အခြေခံကာ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြရသည့် အင်ဂျင်နီယာ ပညာရပ်များသည် လူသားတို့၏ ရှင်သန်နေထိုင်မှုဘဝနှင့် လိုက်လျောညီထွေဖြစ်စေရေးကို ထိပ်တန်းဦးစားပေးရသည့် ပညာရပ်များ၊ တစ်နည်းအားဖြင့် လူသားဆန်သည့် ပညာရပ်များပင် ဖြစ်ကြသည်။ လူမှုဘဝများအတွင်း နိစ္စဓူဝ ကြုံတွေ့နေကြရသော အခက်အခဲများအားလုံးသည် အင်ဂျင်နီယာပညာကို စိန်ခေါ်နေသော အကြောင်းခြင်းရာများဖြစ်ကြပြီး လူ့လောက၏ အခြေခံအကျဆုံးဖြစ်သော စား၊ ဝတ်၊ နေ အရေးသုံးပါးမှစ၍ စကြဝဠာအတွင်း နယ်မြေသစ်ရှာဖွေခြင်းကဲ့သို့သော ကိစ္စရပ်ကြီးများအထိတိုင် အင်ဂျင်နီယာပညာက ဘက်စုံထောင်စုံမှနေ၍ ပံ့ပိုးဖြည့်ဆည်းပေးနေရသည်။

### မြန်မာနိုင်ငံ၏ အင်ဂျင်နီယာ သမိုင်းကြောင်း

မြန်မာနိုင်ငံ၌ အင်ဂျင်နီယာပညာ သင်ကြားခဲ့မှုသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ၁၈၉၅ ခုနှစ်က အစိုးရ အင်ဂျင်နီယာ ပညာသင်ကျောင်း(Government Engineering School) များကို စတင်ဖွင့်လှစ်ခဲ့ကြောင်း လေ့လာတွေ့ရှိကြရမည်ဖြစ်သည်။ ၁၈၉၅ ခုနှစ်သည် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အုပ်စိုးမင်းမူနေသည့် ကာလဖြစ်သလို အီတလီလူမျိုး သိပ္ပံပညာရှင် ဂူးဂလီမိုး မာကိုနီက ကမ္ဘာ့ပထမဦးဆုံးသော ရေဒီယိုအချက်ပြမှု(Radio Signal)ကို ထုတ်လွှင့်ခဲ့သည့် ကာလလည်းဖြစ်၍ မည်မျှစောကြောင်း သိရှိနိုင်သည်။

၁၉၀၈ ခုနှစ်တွင် စက်မှုလက်မှုအထက်တန်းကျောင်း(Technical High School-T.H.S) များကို စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၁၂ ခုနှစ် အရောက်တွင်မူ Government Technical Institute (G.T.I) ခေါ် အစိုးရ စက်မှုလက်မှုသိပ္ပံများကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၁၂ ခုနှစ်သည် ကမ္ဘာကျော် တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်မှုဖြစ်ပွားသည့် အချိန်ကာလဖြစ်ပြီး ထိုစဉ်ကတည်းက မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် မီးသင်္ဘောခြောက်စင်း ခုတ်မောင်းပြေးဆွဲနေပြီဖြစ်သည်။

၁၉၂၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာပညာမဟာဌာနကို ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်အဆင့် အင်ဂျင်နီယာပညာများကို စတင်သင်ကြားပေးခဲ့သည်။ ၁၉၂၇ ခုနှစ် အရောက်တွင်မူ အင်ဂျင်နီယာပညာ မဟာဌာနသည် ဗြိတိသျှပိုင် Burma Oil Company က မတည်ဖွင့်လှစ်ခဲ့သည့် ဘီအိုစီကောလိပ်သို့ ပြောင်းရွှေ့သွားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံ စက်မှုတက္ကသိုလ်(Burma Institute of Technology - B.I.T)ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် B.I.T သည် ရန်ကုန်စက်မှုတက္ကသိုလ် (Rangoon Institute of Technology - R.I.T)အဖြစ် ပြောင်းလဲသွားခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (R.I.T) ၏ အင်္ဂလိပ်ဘာသာ အခေါ်အဝေါ်ကို Yangon Institute of Technology-Y.I.T ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၁၉၉၁ ခုနှစ်အရောက်တွင်မူ မန္တလေး စက်မှုတက္ကသိုလ် (Mandalay Institute of Technology - M.I.T) ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖွဲ့စည်းဖြစ်ပေါ်လာကာ စက်မှုတက္ကသိုလ်များကို အဆိုပါဝန်ကြီးဌာနလက်အောက်သို့ သွတ်သွင်းခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ပြည်စက်မှုတက္ကသိုလ်(Pyay Institute of Technology - P.I.T) ကို ထပ်မံဖွင့်လှစ်ခဲ့ပြီးနောက် ထိုနှစ်အတွင်းမှာပင် စက်မှုတက္ကသိုလ်များအားလုံးကို နည်းပညာတက္ကသိုလ် (Technological University)ဟု အမည် ပြောင်းလဲသတ်မှတ် ခေါ်ဝေါ်ခဲ့သည်။ ၁၉၉၉ ခုနှစ်နောက်ပိုင်းကာလတွင်မူ မြန်မာနိုင်ငံ အနှံ့အပြား၌ နည်းပညာတက္ကသိုလ်များ ထပ်မံပေါ်ပေါက်လာခဲ့သည်။

### မြန်မာနိုင်ငံ အင်ဂျင်နီယာကွန်ဂရက်

အင်ဂျင်နီယာအဖွဲ့အစည်းများ၏ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုပါကလည်း မြန်မာ့သမိုင်းတွင် အင်ဂျင်နီယာလောကသား အားလုံးတို့အတွက် အားကိုးအားထားပြုစရာ ပထမဦးဆုံးသော အဖွဲ့အစည်းအဖြစ် ၁၉၁၆ ခုနှစ်က မြန်မာနိုင်ငံ အင်ဂျင်နီယာကွန်ဂရက်(The Burma Engineering Congress)စတင်ဖွဲ့စည်း ပေါ်ပေါက်ခဲ့သည်။ ၁၉၂၇ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း(The Association of Engineers in Burma) ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလဖြစ်သော ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်များအတွင်း မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့ပြီး စစ်ကြီး ပြီးဆုံးပြီးနောက် ၁၉၄၆ ခုနှစ်ရောက်မှ လှုပ်ရှားမှုများ ပြန်လည်စတင်နိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ အစိုးရ တက်လာပြီး ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံ အစိုးရ အက်ဥပဒေကို ပြဋ္ဌာန်းအတည်ပြုခဲ့သဖြင့် အဆိုပါဥပဒေအရ အခြားသော အသင်းအဖွဲ့များနှင့်အတူ မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်းလည်း ဖျက်သိမ်းခံခဲ့ရသည်။

### မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း

ထိုကဲ့သို့ ဖျက်သိမ်းခံခဲ့ရပြီးနောက် နှစ်ပေါင်း ၃၀ ကျော်အကြာ ၁၉၉၅ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(Myanmar Engineering Society - M.E.S) ကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင်မူ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၇)အဖြစ် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပေါ်ထွက်လာခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို စတင်ဖွဲ့စည်းခဲ့သည်။

၁၉၉၅ ခုနှစ်တွင် အသစ်တစ်ဖန် ပြန်လည်မွေးဖွားခဲ့သော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် အာဆီယံ အင်ဂျင်နီယာအသင်းချုပ်ဖြစ်သော ASEAN Federation of Engineering Organization(AFEO) သို့ နိုင်ငံကိုယ်စားပြုအသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ရာမှအစပြု၍ မြန်မာနိုင်ငံသား အင်ဂျင်နီယာများအား အာဆီယံအဆင့်သို့ မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်နှစ်ရပ်ဖြစ်သည့် Mobility of Engineers နှင့် Liberalisation of Professional Services within ASEAN တို့ကို လေ့လာသိရှိခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်ကြီးများကို ဆောင်ရွက်နိုင်ရေးအတွက် အင်ဂျင်နီယာများအား ထိန်းချုပ်ကွပ်ကဲနိုင်မည့် စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းရန် လိုအပ်ကြောင်းကိုပါ တစ်ပါတည်း သဘောပေါက်နားလည်ခဲ့ကြသည့်အတွက် ၂၀၀၂ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ဥပဒေကြမ်းတစ်ရပ်ကို စတင်ပြုစုခဲ့ကြသည်။

### အသင်း၏ လုပ်ဆောင်ချက်များ

ထိုမှတစ်ဆင့် ၂၀၀၅ ခုနှစ်တွင် အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်းများအတွက် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံ(ASEAN Mutual Recognition Arrangement of Engineering Services - MRA) ကို နိုင်ငံတော်အဆင့်ဖြင့် လက်မှတ်ရေးထိုးခဲ့သည်။ ထိုအစီအမံသည် အာဆီယံ စီးပွားရေးအသိုက်အမြုံ ပေါ်ထွန်းလာရေးအတွက် လိုအပ်ချက်တစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အစိုးရအဖွဲ့များမှ ကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာအသင်းများမှ ကိုယ်စားလှယ်များ စုပေါင်းပါဝင်ကာ ထိုအစီအမံကို ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ အစီအမံအရ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (Professional Engineer)အဖြစ် စိစစ်အသိအမှတ်ပြုရေး၊ နိုင်ငံခြားသား မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင် (Registered Foreign Professional Engineer) အဖြစ် စိစစ်အသိအမှတ်ပြုရေးနှင့် ပညာရှင်များ ကြီးကြပ်ထိန်းသိမ်းမှု အာဏာပိုင်အဖွဲ့(Professional Regulatory Authority) ဖွဲ့စည်းရေးတို့ကို အမျိုးသားအဆင့်ဖြင့် ဆောင်ရွက်ရန် တောင်းဆိုခြင်းခံခဲ့ရသည်။

ထို့ပြင် အဆိုပါအစီအမံအရ အင်ဂျင်နီယာပညာရှင်များအား ထိန်းချုပ်ကွပ်ကဲသည့် ဥပဒေနှင့် နည်းဥပဒေ (Law & Regulations) ရေးဆွဲရန်၊ အင်ဂျင်နီယာအချင်းချင်း နီးနီးနှောဆက်သွယ်သည့် ပညာရှင်အသင်းအဖွဲ့ (Professional Association) ဖွဲ့စည်းရန်၊ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်အဖြစ် အရည်အချင်းပြည့်မီကြောင်း စိစစ် အသိအမှတ်ပြုသည့်စနစ် (Qualifying as a Professional Engineer) ဖော်ဆောင်ရန်နှင့် အင်ဂျင်နီယာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်(Setting-up an Engineering Practice)တည်ရှိရန်တို့ကိုလည်း မဖြစ်မနေ လိုအပ်လာခဲ့သည်။

ထိုကဲ့သို့သော လိုအပ်ချက်များအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်တကွ အခြားသော ဝန်ကြီးဌာနများမှ ကျွမ်းကျင်သူများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများက နိုင်ငံတကာရှိ အင်ဂျင်နီယာကောင်စီ ဥပဒေများကို ကိုးကားလျက် ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲပြုစုခဲ့ကြသည်။

အခြားတစ်ဖက်တွင်လည်း အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ နိုင်ငံတော်အစိုးရက ၂၀၀၇ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့ (Professional Regulatory Authority - PRA)ကို ဖွဲ့စည်းပေးခဲ့သည်။

ထိုအဖွဲ့က သတ်မှတ်အရည်အချင်းပြည့်မီသော မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်များအနေဖြင့် အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိရေးအတွက် စိစစ်ထောက်ခံတင်ပြခြင်းနှင့် နိုင်ငံခြားသား အင်ဂျင်နီယာများ၏ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ် လျှောက်ထားမှုများကို စိစစ်ကာ မြန်မာနိုင်ငံအတွင်း၌ အင်ဂျင်နီယာပညာရှင်အဖြစ် လုပ်ကိုင်ခွင့်ပြုရေး၊ နိုင်ငံခြားသား မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်များအား ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲရေး၊ အင်ဂျင်နီယာဆိုင်ရာ လက်တွေ့လုပ်ငန်းများ၏ အဆင့်အတန်း မြှင့်တင်ထိန်းသိမ်းရေး၊ ဥပဒေပြဋ္ဌာန်းမှုကို လက်တွေ့ကျင့်သုံးသည့် လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စံနှုန်းများနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများမှ အင်ဂျင်နီယာများအကြား ဖလှယ်နိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ကြီးကြပ်မှုကော်မတီ (Monitoring Committee-MC)ကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့ (Myanmar Board of Engineer ) ကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ဖွဲ့စည်းပေးခဲ့သည်။

### အင်ဂျင်နီယာကောင်စီဥပဒေ

ထိုကဲ့သို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေခဲ့ကြခြင်း၏ အကျိုးရလဒ်အဖြစ် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပေါ်ထွက်လာခဲ့သည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၇)အဖြစ် ပေါ်ထွက်လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေအရ ၂၀၁၃ ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းနိုင်ခဲ့ကာ ယခင်က ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့၊ ကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာစိစစ်ရေး ဘုတ်အဖွဲ့တို့၏ တာဝန်နှင့် ဝတ္တရားများကို လွှဲပြောင်းလက်ခံ ရယူခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်အဖြစ်သို့ ပြောင်းလဲခဲ့ပြီဖြစ်သော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (M.E.S)သည် အစိုးရမဟုတ်သော အသင်းအဖွဲ့တစ်ခု (NGO)ဖြစ်သည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ (M EngC)ကမူ အင်ဂျင်နီယာပညာရှင်များအား ကြပ်မတ်ရန် နိုင်ငံတော်၏ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ကြီးကြပ်ထိန်းသိမ်းသည့် စည်းမျဉ်းကြပ်မတ်ရေးအဖွဲ့(Regulatory Authority)ဖြစ်သောကြောင့် မြန်မာ့အင်ဂျင်နီယာလောကသမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးသော အင်ဂျင်နီယာတို့၏ ဦးသျှောင်အဖွဲ့အစည်းကြီးပင်ဖြစ်သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

> **"မြန်မာနိုင်ငံ၌ အင်ဂျင်နီယာပညာ သင်ကြားခဲ့မှုသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ၁၈၉၅ ခုနှစ်က အစိုးရ အင်ဂျင်နီယာပညာသင်ကျောင်း(Government Engineering School) များကို စတင်ဖွင့်လှစ်ခဲ့ကြောင်း လေ့လာတွေ့ရှိကြရမည်ဖြစ်သည်။ ၁၈၉၅ ခုနှစ်သည် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အုပ်စိုးမင်းမူနေသည့်ကာလဖြစ်သလို အီတလီလူမျိုး သိပ္ပံပညာရှင် ဂူးဂလီမိုး မာကိုနီက ကမ္ဘာ့ပထမဦးဆုံးသော ရေဒီယိုအချက်ပြမှု(Radio Signal)ကို ထုတ်လွှင့်ခဲ့သည့် ကာလလည်းဖြစ်၍ မည်မျှစောကြောင်း သိရှိနိုင်သည်"**

---

## ကန့်ဘလူမြို့နယ်၌ တူမီးသေနတ်များ ကိုင်ဆောင်ခြင်းမပြုရန် အသိပညာပေးဟောပြော

ကန့်ဘလူ ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း မှုခင်းများလျော့နည်းကျဆင်းရေးနှင့် တူမီးသေနတ်များ လက်ဝယ်ကိုင်ဆောင်ခြင်းမပြုရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအား အသိပညာပေး ဟောပြောပွဲတစ်ရပ်ကို ဇူလိုင် ၃၀ ရက်က ကံကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှကျော်၊ ကန့်ဘလူမြို့မရဲစခန်းမှူး ဒုရဲမှူးချစ်ဝေနှင့် ချုပ်သင်းဘေးမဲ့တောမှ တောအုပ် ဦးအောင်ကျော်မြင့်တို့က မှုခင်းကျဆင်းရေးဆိုင်ရာ သိကောင်းစရာများနှင့် ပြည်သူများအနေဖြင့် တူမီးသေနတ်များ ကိုင်ဆောင်သုံးစွဲခြင်းမပြုရန်၊ လက်ဝယ်ထားရှိခြင်းမပြုဘဲ လာရောက်အပ်နှံကြရန်၊ ထားရှိကိုင်ဆောင်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်တို့ကို ဟောပြောကာ ဟောပြောပွဲသို့ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မကွေးတိုင်းဒေသကြီးမှ ရေဘေးနှင့် ကမ်းပြိုဘေးသင့် ပြည်သူ ၄၉၀၀ ကျော်အား ထောက်ပံ့

**မကွေး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီးအတွင်း ဇွန် ၂၈ ရက်မှ ဇူလိုင် ၂၇ ရက်အတွင်း ဖြစ်ပွားခဲ့သော ရေဘေးနှင့် ကမ်းပြိုမှုဘေး ကြုံတွေ့ခဲ့ရသော ပြည်သူ ၄၉၀၁ ဦးအတွက် ငွေကျပ်သိန်း ၅၇၀ ကျော် တန်ဖိုးရှိ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးထားကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**ရွှေ့ပြောင်းပေးထား**

မကွေးတိုင်းဒေသကြီးတွင် ထိုရက်များအတွင်း မြို့နယ် ခုနစ်ခုရှိ ကျေးရွာပေါင်း ၅၀ ၌ ကမ်းပြိုမှု ကြုံတွေ့ခဲ့ရပြီး ဇူလိုင် ၁၂ ရက်မှ ၂၇ ရက်အတွင်း မြို့နယ် ခြောက်ခု၌ ရေဘေးကြုံခဲ့ရသည်။ "ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းနေရာတွေမှာ ရေဝင်တာတွေ ဖြစ်ခဲ့ပါတယ်။ ပြည်သူတွေကို ဘေးလွတ်တဲ့နေရာတွေ၊ ကုန်းအမြင့်ပိုင်းလိုနေရာမျိုးတွေ၊ ဘုရားတန်ဆောင်းတွေဆီကို ရွှေ့ပြောင်းပေးထားပြီးဖြစ်ပါတယ်။ မြစ်ကြမ်းပြင်တွေ မြင့်လာပြီး ရေစီးကြောင်းတွေကလည်း ကမ်းပါးတွေကို တိုက်စားနေတဲ့အတွက် ပြိုကျနေပါတယ်။ သဘာဝဘေးတွေဖြစ်လာရင် ထောက်ပံ့မှုတွေ အမြန်ဆုံးရောက်ရှိအောင် လုပ်ဆောင်သွားမှာပါ"ဟု မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူး ဦးမြင့်စိုးက ပြောသည်။

ကမ်းပြိုမှုကြုံတွေ့ရသည့် မြို့နယ်အလိုက် ကျေးရွာများမှာ ပွင့်ဖြူမြို့နယ်၌ ၁၂ ရွာ၊ ရေစကြိုမြို့နယ်၌ ၁၀ ရွာ၊ စလင်းမြို့နယ်၌ ၁၉ ရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၌ နှစ်ရွာ၊ ချောက်မြို့နယ်၌ နှစ်ရွာ ၊ ရေနံချောင်းမြို့နယ်၌ သုံးရွာ၊ ပခုက္ကူမြို့နယ်၌ နှစ်ရွာ စုစုပေါင်း ကျေးရွာ ၅၀ ဖြစ်သည်။ အဆိုပါ ရွာများမှ အိမ်ထောင်စုပေါင်း ၄၁၅ စု၊ လူဦးရေ ၁၇၄၀ အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၃၆ သိန်းကျော်၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၄၀၃ သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး ငွေကျပ် ၆၉ သိန်းကျော်တို့ကို ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ထောက်ပံ့ပေးနိုင်ခဲ့**

အလားတူ ချောက်၊ ရေနံချောင်း၊ မကွေး၊ ကံမ၊ မင်းဘူး၊ စလင်း စသည့် မြို့နယ်ခြောက်ခုအတွင်း ရေဘေးကြုံခဲ့ရသည့် အိမ်ထောင်စုပေါင်း ၁၀၁၀ စုမှ လူဦးရေ ၃၁၆၁ ဦးတို့အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၆၆ သိန်းကျော်ကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**ဇေယျာတု (မကွေး)**

# ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်မည့် အပင်များကို ဂန့်ဂေါမြို့နယ်အတွင်း ပြောင်းလဲစိုက်ပျိုးနေ

**ဂန့်ဂေါ ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် စားသုံးသီးနှံနှင့် သစ်ပင်များကို ပြောင်းလဲစိုက်ပျိုးလာလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"အခုနှစ်ပိုင်း ဂန့်ဂေါမြို့နယ်မှာ ရာသီဥတုပြောင်းလဲမှုတွေ ရှိလာပါတယ်၊ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းနိုင်မယ့် စိုက်ပျိုးနည်းစနစ်များကို ဖော်ဆောင်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ နည်းပညာတွေ ဆွေးနွေးလျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အပင်များ ပြောင်းလဲစိုက်ပျိုးရာတွင် ဈေးကွက်ဝင် အရည်အသွေးကောင်း နှစ်ရှည်သီးနှံပင်များကို စိုက်ပျိုးခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်း စိန်တလုံး သရက်ပင်များကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနက သရက်ပင် ၁၀၀ နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သရက်ပင် ၂၀၀ ကိုလည်း တောင်သူများထံ အခမဲ့ ဖြန့်ဝေထားကြောင်း၊ တောင်သူများ၏ အစီအစဉ်ဖြင့်လည်း စိန်တလုံးသရက်ပင် ၅၀၀ ကျော်ကို မြို့နယ်အတွင်း စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# သွေးတိုးနှင့် ဆီးချိုရောဂါများ အခမဲ့ စစ်ဆေးကုသပေး

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်အတွင်းမှ ပြည်သူများအား မြို့နယ်ကျန်းမာရေးဌာန ဝန်ထမ်းများက ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ သွေးတိုးရောဂါစစ်ဆေးပေးခြင်း၊ နောက်ဆက်တွဲရောဂါများ ရှိမရှိ စစ်ဆေး ကုသပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများ အခမဲ့ပေးခြင်းတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်မှုများ ဇူလိုင် ၃၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ရောဂါ စစ်ဆေးကုသမှုများကို ပုဇွန်တောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနရုံး၌ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်း သွေးတိုးနှင့် ဆီးချိုရောဂါများ ဖြစ်ပွားမှုအခြေအနေနှင့် ရောဂါဖြစ်ပွားစေသော အကြောင်းရင်းများကို လျှော့ချနိုင်ရန် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မိတ္ထီလာမြို့၌ လမ်းမီးတိုင်များစိုက်ထူမှုကို ဩဂုတ်လကုန်တွင် ပြီးစီးအောင်ဆောင်ရွက်မည်

**မိတ္ထီလာ ဇူလိုင် ၃၁**

မိတ္ထီလာမြို့၏ အချက်အချာနေရာများတွင် လမ်းမီးတိုင် ၁၂၆ တိုင် စိုက်ထူခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေကျပ်သိန်းပေါင်း ၂၀၀၀ ကျော်ဖြင့် ဧပြီလအတွင်းက စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ဩဂုတ်လကုန်တွင် အားလုံးပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။



မိတ္ထီလာမြို့တွင်းလမ်းတစ်နေရာ၌ စိုက်ထူထားသော လမ်းမီးတိုင်များကို တွေ့ရစဉ်။

လမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ပြီး Farmer PhoeYar Zar ကုမ္ပဏီက တာဝန်ယူ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၁၉-၂၀၂၀ မူလရန်ပုံငွေတို့ဖြင့် မိတ္ထီလာမြို့၏ အချက်အချာကျသောနေရာများတွင် ဆောင်ရွက်နေခြင်းဖြစ်သည်။

"လမ်းမီးတိုင်တွေ စိုက်ထူတာက မှုခင်းကျဆင်းရေးမှာလည်း တစ်စိတ်တစ်ပိုင်း အထောက်အကူဖြစ်ပါတယ်၊ အခုဆိုရင် ဝန်ဇင်းကန်ပေါင်ပေါ်မှာ မီးထွန်းပြီးနောက်ပိုင်း လုယက်မှုတွေ မရှိသလောက် ဖြစ်သွားပါတယ်၊ ကျွန်တော်တို့ မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်တဲ့အချိန်မှာ မြို့လူထုရဲ့ စိတ်ခံစားချက်အရ လုပ်ပေးသင့် လုပ်ပေးထိုက်တဲ့ အရာတွေကို သက်ဆိုင်ရာဌာနများက တာဝန်ယူဆောင်ရွက်ပေးရပါမယ်၊ ဆောင်ရွက်ပေးသင့်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်တင်က ပြောကြားသည်။

မီးတိုင်များကို ရန်ကုန်-မန္တလေး လမ်းမကြီးအတိုင်း သာစည်လမ်းဆုံထိပ်မှ ရန်မျိုးအောင်လမ်းဆုံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအထိလည်းကောင်း၊ မိတ္ထီလာ-မြင်းခြံလမ်းတွင် ဝန်ဇင်းကန်ပေါင် (မိတ္ထီလာမြောက်ကန်ပေါင်)တစ်လျှောက်၌ လည်းကောင်း၊ မိတ္ထီလာတောင်ကန်အနီး စည်ပင်ရိပ်သာအဝင်လမ်း၌လည်းကောင်း စိုက်ထူမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ လမ်းမီးတိုင် ၃၇ တိုင် စိုက်ထူပြီးဖြစ်ကာ ကျန်ရှိသည့် လမ်းမီးတိုင်များကိုလည်း ဩဂုတ်လကုန်တွင် အပြီးစိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# ဆွာချောင်းတမံ ကျိုးပေါက်ခြင်းမရှိဘဲ ရေပိုလွှဲမှ ပုံမှန်အတိုင်းစီးဆင်းနေ

**ရေတာရှည် ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝ ကျေးရွာအုပ်စုရှိ ဆွာချောင်းဆည်တမံ ထပ်မံကျိုးပေါက်မှုဖြစ်ပွားကြောင်း လူမှုကွန်ရက် စာမျက်နှာများတွင် ပျံ့နှံ့နေသည့် သတင်းများမှာ မမှန်ကန်ကြောင်း ဒေသတွင်း နေထိုင်သူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ သိရသည်။

ဆွာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က "ကောလာဟလသတင်း ဖြန့်တဲ့လူတွေက ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖြန့်နေတာလဲ မသိရပေမယ့် ပြည်သူတွေအကြားမှာ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်ရတယ်၊ သက်ဆိုင်ရာဌာနတွေအနေနဲ့လည်း အလုပ်တွေရှုပ်ကုန်တာပေါ့၊ ထူးခြားမှုတွေဖြစ်လာရင် အမြန်ဆုံး အကြောင်းကြားပေးမှာပါ" ပြောကြားသည်။



ဆွာချောင်းတမံ ရေပိုလွှဲမှရေများ သမယ်ဆယ်ချောင်းမှတစ်ဆင့် ပုံမှန်အတိုင်း စီးဆင်းနေစဉ်။

ယခင်နှစ်က ကျိုးပေါက်သွားခဲ့သည့် ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲနေရာသို့ ဇူလိုင် ၃၀ ရက်က သွားရောက်ကြည့်ရှုခဲ့ရာတွင်လည်း တမံကျိုးပေါက်ခြင်းမရှိဘဲ ဆွာဆည်အတွင်း ရေဝင်ရောက်မှုနည်းပါးကာ ဖောက်ထုတ်ထားသည့် ရေလွှဲမြောင်းနေရာမှ ဆွာချောင်းအတွင်းသို့ ပုံမှန်အတိုင်းသာ ရေစီးဆင်းနေသည်ကို တွေ့ရှိခဲ့ရသည်။

မိုးရာသီကာလအတွင်း ဆွာချောင်းဆည်အတွင်း၌ ရေသိုလှောင်ထားမှုမရှိခြင်း၊ ကျိုးပေါက်သွားသည့် ပင်မရေပိုလွှဲနေရာမှ ရေလွှဲမြောင်းဖောက်လုပ်၍ သမယ်ဆယ်ချောင်းမှတစ်ဆင့် ဆွာချောင်းအတွင်းသို့ သဘာဝအတိုင်း စီးဆင်းနိုင်စေရန် ဆောင်ရွက်ထားခြင်းတို့ကြောင့် ရေလှောင်တမံ ကျိုးပေါက်မှု မဖြစ်နိုင်ကြောင်းနှင့် ဆွာချောင်းတစ်လျှောက်တွင် နေထိုင်ကြသည့် ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ရေကြီးရေလျှံမှု ဖြစ်ပွားသည်ကို ကြုံတွေ့ပါက မြို့နယ်အဆင့် ဌာနပေါင်းစုံပါဝင်သည့်အဖွဲ့ဖြင့် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလင်းက ဆွာတမံ ရှင်းလင်းဆောင်၌ ဇွန် ၂၇ ရက်က ကြိုတင်ရှင်းလင်းခဲ့ပြီးဖြစ်သည်။

**သန်းလွင်**

# ရာဇဂြိုဟ်ဆည်မှ စိုက်ပျိုးရေပေးဝေနေသဖြင့် ဒေသခံတောင်သူများ အဆင်ပြေနေ

**ကလေး ဇူလိုင် ၃၁**

ကလေးမြို့နယ် မြောက်ပိုင်းဒေသများဖြစ်သော ရာဇဂြိုဟ်ကျေးရွာ၊ ခုံသာကျေးရွာ၊ ကံကြီးကျေးရွာနှင့် နန်းကျင်းဆောင်ကျေးရွာများရှိ လယ်မြေများအတွက် ရာဇဂြိုဟ်ဆည်မှ စိုက်ပျိုးရေများ ပေးဝေလျက်ရှိသဖြင့် အဆိုပါကျေးရွာများ၌ မိုးနည်းသော်လည်း တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရာဇဂြိုဟ်ဆည်မှ တာဝန်ခံ ဦးစီးအရာရှိ ဦးမျိုးထွန်းက "ကျွန်တော်တို့ ရာဇဂြိုဟ်ဆည်ကနေ ဒီနှစ် မိုးစပါးဧက ၆၀၀၀ လျာထားပြီး ၂၄ နာရီ ရေပေးဝေလျက်ရှိပါတယ်။ ရေပေးဝေတဲ့နေရာမှာ တောင်သူတွေအနေနဲ့ ရေကို စနစ်တကျအသုံးပြုဖို့ လိုအပ်ပါတယ်။ တောင်သူတွေ ရေမရဘူးဆိုတာ မဖြစ်ရအောင် တောင်သူတွေရဲ့ အသံကို နားထောင်ပြီး ဖြေရှင်းပေးနေပါတယ်။ ဒီနှစ်ထဲမှာ မိုးခေါင်တော့ တောင်သူတွေအနေနဲ့ မိုးရေ မရသလောက် ဖြစ်နေတယ်၊ မြောင်းတိုင်းမြောင်းတိုင်းမှာ အဝေးဆုံးလူက အရင်ယူတဲ့စနစ်နဲ့ တစ်လှည့်စီ ယူသွားကြမယ်ဆိုရင် မိုးစပါး လျာထားဧက ၆၀၀၀ ကို ပြည့်မီနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ရာဇဂြိုဟ်ရွာမှ တောင်သူ ဦးတင်မောင်ဆွေက "ဆည်ရေက အခုတော့ မှန်နေတယ်။ ကျွန်တော့်မှာက မိုးစပါး ၁၃ ဧကလောက်ရှိတယ်။ ဒီ ၁၃ ဧကလုံးကို ဒီဆည်ကနေပဲ ရေပေးလို့ စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ မိုးခေါင်လို့ ဆည်ရေကို ဒီအတိုင်းလေးပဲ အောင်ရေရတဲ့အထိ ပေးနိုင်မယ်ဆိုရင်တော့ တောင်သူတွေအနေနဲ့ အဆင်ပြေမှာဖြစ်ပါတယ်"ဟု ပြောသည်။

ရာဇဂြိုဟ်ဆည်သည် စိုက်ပျိုးရေသိုလှောင်ရုံသာမက ရေအားလျှပ်စစ် ထုတ်လုပ်သည့်ဆည်လည်းဖြစ်ရာ ဇူလိုင် ၉ ရက်မှစ၍ စက်ရုံရှိ ၂ မဂ္ဂါဝပ် ဓာတ်အားပေးစက်နှစ်လုံးအနက် တစ်လုံးကို စတင်လည်ပတ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီးသည့်ရေကို စိုက်ပျိုးရေအနေဖြင့် DY1 နှင့် DY2 လက်တံမြောင်းများမှ ဖြန့်ဝေပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**



ရာဇဂြိုဟ်ဆည်မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးနေစဉ်။

# “ကုန်အမှတ်တံဆိပ်ကြေညာခြင်း”

**Polygold Co.,Ltd** {မန္တလေးရုံး - No (E-8)၊ ၃၆ လမ်း၊ ၆၀ × ၆၁ လမ်းကြား၊ မဟာအောင်မြေမြို့နယ် နှင့် ရန်ကုန်ရုံး - No (310) , R-705 ၊ ဝင်းရွှေဝါတာဝါ၊ ဝါးတန်းလမ်း နှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ } သည် အောက်ဖော်ပြပါ အရေပြားလိမ်းဆေး ကုန်အမှတ်တံဆိပ်များကို မန္တလေးမြို့ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်အမှတ် { ၅၅၃၆/၂၀၁၉၊ ၅၅၃၇/၂၀၁၉၊ ၅၅၃၈/၂၀၁၉၊ ၅၅၃၉/၂၀၁၉၊ ၅၅၄၀/၂၀၁၉၊ ၅၅၄၁/၂၀၁၉၊ ၅၅၄၂/၂၀၁၉၊ ၅၅၄၃/၂၀၁၉၊ ၅၅၄၄/၂၀၁၉၊ ၅၅၄၅/၂၀၁၉၊ ၅၅၄၆/၂၀၁၉၊ ၅၅၄၇/၂၀၁၉၊ ၅၅၄၈/၂၀၁၉၊ ၅၅၄၉/၂၀၁၉၊ ၅၅၅၀/၂၀၁၉၊ ၅၅၅၁/၂၀၁၉ } ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အရေပြားလိမ်းဆေး အရွယ်အစား အမျိုးမျိုးတို့ကို " **POLYGOLD**" **Co.,Ltd** က ဥပဒေနှင့်အညီ တင်သွင်းပြီး မြန်မာပြည်တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။



( ၅၅၃၆/၂၀၁၉ )



( ၅၅၃၇/၂၀၁၉ )



( ၅၅၃၈/၂၀၁၉ )



( ၅၅၃၉/၂၀၁၉ )



( ၅၅၄၀/၂၀၁၉ )



( ၅၅၄၁/၂၀၁၉ )



( ၅၅၄၂/၂၀၁၉ )



( ၅၅၄၃/၂၀၁၉ )



( ၅၅၄၄/၂၀၁၉ )



( ၅၅၄၅/၂၀၁၉ )



( ၅၅၄၆/၂၀၁၉ )



( ၅၅၄၇/၂၀၁၉ )



( ၅၅၄၈/၂၀၁၉ )



( ၅၅၄၉/၂၀၁၉ )



( ၅၅၅၀/၂၀၁၉ )



( ၅၅၅၁/၂၀၁၉ )

သို့ဖြစ်ရာ "**POLYGOLD**" **Co.,Ltd** မှ တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသော အထက်ပါ အရေပြားလိမ်းဆေး အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် နှင့် ပြုလုပ်ရောင်းချနေကြောင်း တွေ့မြင်သိရှိရပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

" **POLYGOLD**" **Co.,Ltd**

Certificate TH09/3125
ဦးသာရင် ၏ လေငန်းဆေးပြား
နဂါးအမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR 001520 (0519)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
Certificate TH06/3966
ISO 9001:2015 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၇ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

KBZ BANK
KBZ BANK ၏ ပူးပေါင်းကူညီမှုဖြင့်
အိမ်ခြံမြေ ကုမ္ပဏီများစုပေါင်း၍ အိမ်ရာပေါင်းများစွာပြသမည့် အိမ်ခြံမြေ အရောင်းပြပွဲကြီး
MYANMAR RAY REAL ESTATE AGENCY
MYANMAR RAY
ရွှေဥဒေါင်းမင်း
ထက်အောင်သျှိုင်း
ဇလပ်ပွင့်
မင်းမဟာ
ရွှန်းလဲ့ရောင်ခြည်
နေ့ရက် - ၃.၈.၂၀၁၉(စနေနေ့)/ ၄.၈.၂၀၁၉(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၃၀ နာရီမှ ညနေ ၅း၀၀ နာရီ
နေရာ - KBZ Bank၊ သိမ်ကြီးဈေးဘဏ်ခွဲ၊ သိမ်ကြီးဈေး(C)၊ Block 2၊ မြေညီထပ်၊ ရွှေတိဂုံဘုရားလမ်း(အလယ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်။

အနာဂတ်အင်ဂျင်နီယာများအတွက် "Engineering The Future"
အလုပ်ရုံဆွေးနွေးပွဲနှင့် PSB Academy ၏ စင်ကာပူပညာရေးဟောပြောပွဲ
Engineering Workshop & Education Seminar
psb ACADEMY
နေ့ရက် ➡ ၂၀၁၉၊ ဩဂုတ်လ (၃) ရက်၊ စနေနေ့။
အချိန် ➡ နေ့လယ် (၂) နာရီမှ ညနေ (၄) နာရီထိ။
နေရာ ➡ Inle Room, Novotel Hotel.
FREE ENTRY



Guest Speaker
Dr. Koh Yit Yan
Lecturer
Mechanical Engineering
Hotline 09 799 595 949
- အင်ဂျင်နီယာဘွဲ့ရများအတွက် M.Sc in Engineering Business Management မဟာဘွဲ့အကြောင်း
- အင်ဂျင်နီယာဘွဲ့ရယူလိုပြီး IGCSE နှင့် (၁၀)တန်းအောင်မှတ်နည်းသူများတက်ရောက်ရမည့် Certificate in Engineering Foundation ဘာသာရပ်အကြောင်း
- PSB Academy တွင် တက်ရောက်နိုင်မည့် MBA, Cybersecurity, InfoComm, Life Science နှင့် Tourism & Hospitality ဘာသာရပ်များအကြောင်း
- အလုပ်အကိုင်အခွင့်အလမ်းကောင်းသည့် အင်ဂျင်နီယာနှင့် နည်းပညာဘာသာရပ်များအကြောင်း
STUDY GRANT AVAILABLE
အဆောင်(၅)၊ အခန်း(၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊
☎ ၀၁ ၆၅၂၃၂၀၊ ၀၉ ၅၀၆၂၁၆၁ /eduGlobalVillage
AT&S International Education Services

မြေကွက်များဈေးကောင်းပေး ဝယ်လိုသည်
ဒဂုံမြို့သစ်(အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
မညွှန့် 01-2339310 01-2339355 01-578044 01-570721

## အမည်မှန်

ရွှေညောင်မြို့၊ အထက(ခွဲ)၊ တောင်လေးလုံး၊ န၀မတန်းမှ မနဒီအောင်၏အမည်မှန်မှာ မစန္ဒာနွေး ဖြစ်ပါကြောင်း။ **မစန္ဒာနွေး**

## ဖခင်အမည်မှန်

အထက(ခိုလမ်)၊ အဋ္ဌမတန်း (က)မှ မောင်နိုင်လင်းသူ၏ ဖခင်အမည်မှန်မှာ ဦးအိုက်တူး ၁၃/နစန(နိုင်)၀၂၄၅၉၃ ဖြစ်ပါကြောင်း။
**ဦးအိုက်တူး**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော် ဦးမင်းသူ (ဘ)ဦးကြည်ဝင်း ၁၂/ဥကမ(နိုင်)၀၇၄၄၄၈နှင့် ဒေါ်သန်းသန်းဝင်း (ဘ)ဦးအောင်သာကျော်တို့သည် ၂၃-၇-၂၀၁၉ရက်တွင် ရန်ကင်းမြို့နယ် တွဲဖက်မြို့နယ်တရားသူကြီးရှေ့မှောက်၌ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းသူ**
**၁၂/ဥကမ(နိုင်)၀၇၄၄၄၈**

## ဖခင်အမည်မှန်

အထက(မိုင်းပန်)၊ န၀မတန်း (က)မှ နန်းလိန်ခမ်းနွံ ၁၃/မပန(နိုင်)၀၂၉၀၅၂၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွေးဟန် ၁၃/မပန(နိုင်)၀၁၀၄၁၉ ဖြစ်ပါကြောင်း။ **ဦးစိုင်းထွေးဟန်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ ဟဲကယ်ကျေးရွာ၊ အထက၊ န၀မတန်းမှ မောင်ကျော်ဝင်းထွန်း (ခ)ကစ္စနား၏ ဖခင်အမည်မှန်မှာ GAN BAHADUR ၁၃/ရစန(ပြု)၀၀၁၁၈၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၁) ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၆၃၃-ဝက်လူးကျုံးကွင်း)၊ ဦးပိုင်အမှတ် (၉၃/၉၄) ဧရိယာ ၀ဒသမ၁၁ ဧက၊ ဦးပိုင်အမှတ် (၈၉)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ပိုင်း(၂)ကွက်ကို ဦးစိုးမိုးခိုင် ၈/တတက(နိုင်)၀၉၃၈၂၃ မှ ဝယ်ယူပြီး ၎င်းအမည်ပေါက်ဂရန် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရေနံချောင်းမြို့၊ သုံးဆယ်ခြောက်ကျေးရွာ၊ စက်မှုဇုန်နေ ဦးထွန်းလှိုင်မှ ကွင်း/အကွက်အမှတ် ၃/စက်မှုဇုန်၊ ဦးပိုင်အမှတ် ၁၁၃/၁၁၄၊ ဧရိယာ ၀ဒသမ၅၆၉ဧကရှိ မြေကွက်ကို ဦးထွန်းလှိုင်မှ ၎င်းအမည်ဖြင့် အမှုတွဲအမှတ် ၁၆၈/၂၀၀၇-၂၀၀၈အရ ၎င်းအမည်ဖြင့် နှစ် ၃၀ ဂရန်ရရှိခဲ့သော်လည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် (၁-က) စာရင်းတွင် မရေးသွင်းသဖြင့် (၁-က)ရေးသွင်းပေးပါရန် ဂရန်မိတ္တူနှင့်အတူ ကော်လိတ္တော်အရာရှိထံ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့ မြို့မရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ အမှတ် (၃၅၁)နေ ကျွန်တော် ဦးလချ်မန်း ၁၃/တကန(ပြု)၀၀၀၃၈၆က အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

တောင်ကြီးမြို့ အကွက်အမှတ် (၄၆)၊ အကွက်အမည်-ကူညီကုန်းရပ်၊ မြေကွက်အမှတ် (၃၁)၊ ဦးပိုင်အမှတ် (၂၀-က)၊ ဧရိယာ (၀ဒသမ၀၅၆)ဧကရှိ အိမ်ခြံမြေကွက်ကို ဒေါ်ငွေး (NYHE-017926)နှင့် ဒေါ်ခင်နှင်းဦး(NYHE-017930)တို့က ဂရန်အမှုတွဲအမှတ် (၁၇၇/၁၉၉၅)ဖြင့် နှစ် (၂၀) ပူးတွဲအမည်ပေါက်ရရှိပိုင်ဆိုင်ထားပြီး ဒေါ်ငွေးမှာ ၂၈-၅-၁၉၉၈ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီးနောက် အဆိုပါ အိမ်ခြံမြေကွက်ကို ဒေါ်ခင်နှင်းဦးက ကျွန်တော် ဦးလချ်မန်းထံသို့ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်(အရပ်စာချုပ်)ဖြင့် အပြီးပိုင်ရောင်းချခဲ့ရာ ကျွန်တော်မှဝယ်ယူခဲ့ပြီး လက်ဝယ်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ အိမ်ခြံမြေကွက်နှင့် စပ်လျဉ်းပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ခြင်း၊ ဂရန်အမည်ပြောင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကျွန်တော် ဦးလချ်မန်းထံသို့ ဆက်သွယ်အကြောင်းကြား၍ လာရောက်ပြုလုပ်ပေးပါရန်နှင့် ခုနှစ်ရက်ကျော်လွန်သွားပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလချ်မန်း ၁၃/တကန(ပြု)၀၀၀၃၈၆**
**အမှတ်(၂၅၁)၊ စဝ်စံထွန်းလမ်း**
**မြို့မရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၄၁၀၀၃၀၀၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဂန့်ဂေါမြို့နယ်တရားရုံးတော်၌**
**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၇**

ဦးစိုးသောင်း **နှင့်** ၁။ ဦးကျော်စွာဝင်းမြင့်
၂။ ဦးဝင်းမြင့်

**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့၊ အောင်တံခွန်ရပ်ကွက်နေ ဦးကျော်စွာဝင်းမြင့် (ဘ)ဦးဝင်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးသောင်းက ငွေကျပ် သိန်းငါးဆယ် (၅၀၀၀၀၀၀ိ/-) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက် (၁၃၈၁ ခုနှစ် ဝါခေါင်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းထိန်)**
**မြို့နယ်တရားသူကြီး**
**ဂန့်ဂေါမြို့နယ်တရားရုံး**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/79193၊ Super ANBO-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးလွင် ၅/ပလန(နိုင်)၁၃၆၂၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာရက်မှစ၍ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရပ်ကွက်၊ အောင်မေတ္တာ(၁၃)လမ်း၊ ခြံအမှတ် (၂၀)၊ မြေအကျယ် (၃၅ပေ×၈၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်များကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးထွန်းထွန်းအောင် ၁၂/သလန(နိုင်)၀၇၆၈၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်ဆွေ ၁၂/တမန(နိုင်)၁၃၇၀၁၂က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်းအခိုင်အမာဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးလှမြင့်(ဒဂုံ) စဉ်-၉၀၁၂၊ အထက်တန်းရှေ့နေကြီး**
**H.G.P, D.L.P(101)W.I.P.O (SWITZERLAND)**
**အမှတ်-၅၂၇/၅၂၉၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၃၁၈၁၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထက်အာကာဖြိုး ၈/တတက(နိုင်)၂၂၆၂၆၃၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးဝင်း ၉/ရမသ(နိုင်)၁၃၁၄၈၉၈၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သိန်းစိုး ၈/တတက(နိုင်)၁၃၁၄၂၇၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

## ဇနီးဖြစ်သူ ဒေါ်ငြိမ်းငြိမ်းအိ (ဘ)ဦးသန်းလွင် ၉/ပမန(နိုင်)၁၆၂၈၈၅ နှင့် အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ် ဦးအောင်ဆန်းနိုင် (ဘ) ဦးကံချွန် ၉/မနတ(နိုင်)၀၉၆၈၇၁ ဒေးဝန်းအရှေ့၊ ရှမ်းပိုင်းရပ်၊ အကွက်အမှတ် (၂၇၆)နေသူမှ အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်နှင့်ဇနီးဖြစ်သူ မငြိမ်းငြိမ်းအိတို့သည် လွန်ခဲ့သော (၂၃)နှစ်ကတည်းက ပေါင်းသင်းနေထိုင်လာခဲ့ပါသည်။ ယခုအခါ စိတ်သဘောထားချင်းမတိုက်ဆိုင်ကြ၍ ကျွန်ုပ်နေအိမ်မှထွက်လာခဲ့သည်မှာ (၉)လခန့်ရှိပြီဖြစ်ပါသည်။ ကျွန်ုပ်နှင့်ဇနီးဖြစ်သူ မငြိမ်းငြိမ်းအိတို့သည် တရားဝင်ကွာရှင်းပြတ်စဲကြခြင်းမရှိသေး၍ နှစ်ဦးပိုင် (လက်ထက်ပွားပစ္စည်းများ)ဖြစ်သော နေအိမ်၊ တိုက်တာ အဆောက်အအုံ၊ မော်တော်ကား၊ ဆိုင်ကယ်နှင့် နေအိမ်ရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်စုံတစ်ရာကိုမျှ ကျွန်ုပ်၏သဘောတူခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်း ဇနီးဖြစ်သူ မငြိမ်းငြိမ်းအိနှင့် အများသိရှိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်ဆန်းနိုင်**
**၉/မနတ(နိုင်)၀၉၆၈၇၁**
**ဖုန်း-၀၉-၂၀၁၀၅၅၆၊ ၀၉-၄၂၇၉၇၈၈၇၄**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၂)၊ န၀မတန်း(A)မှ နိုင်ထွန်းဦး၏ ဖခင်အမည်မှန်မှာ မောင်ကံကောင်း ၁၁/မဥန(နိုင်)၀၆၇၆၅၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၁)၊ အဋ္ဌမတန်း(B)မှ ခိုင်စိုးသန်း၏ ဖခင်အမည်မှန်မှာ အောင်ထွန်းသာ ၁၁/မဥန(နိုင်)၀၉၀၃၂၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မြောက်ဦးမြို့၊ အထက(၁)၊ အဋ္ဌမတန်း(A)မှ ဦးမောင်ထွန်းဝင်း ၁၁/မဥန(နိုင်)၀၅၃၅၃၄ ၏သမီး မြတ်ခင်ဖြိုးအား အိမ့်ဆုထက်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မောင်တောမြို့နယ်၊ တပ်ချောင်းကျေးရွာနေ မောင်ဖိုးသာ (တက္ကသိုလ်ဝင်တန်းအောင်)၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုးညွန့်(ခ)ဦးမောင်သိန်းညွန့် ၁၁/မတန(နိုင်)၀၁၃၀၄၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့၊ ပန်းပျိုးလက်ကိုယ်ပိုင် အထက၊ န၀မတန်းမှ မောင်ငြိမ်းလင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်သောင်းရွှေ ၁၁/ပဏတ(နိုင်)၀၅၂၈၈၅ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8523 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

### ဒေါ်လှရွှေ (ခမုံဆိပ်)

**အသက်(၉၆)နှစ်**

Ywar Taw International Trading Co., Ltd မှ Managing Director ဦးကျော်လင်း-ဒေါ်မြတ်မြတ်ထွေး(Baby) တို့၏မိခင်၊ ဒေါ်ခိုင်ကြည်ဦး(Director)၏အဘွား ဒေါ်လှရွှေသည် ၂၆-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **ဝန်ထမ်းမိသားစုများ**

**Ywar Taw International Trading Co.,Ltd**

## ကျေးဇူးတင်ရှိကြောင်း

၂၀-၇-၂၀၁၉ရက်တွင် ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်ဆွေသန်း(ခ)မေမေကျင် အသက်(၈၉)နှစ် (မုံရွာ/ဖြူး)၏နာရေးကိစ္စမှပြီးဆုံးသည်အထိ ဝိုင်းဝန်းကူညီပေးကြပါသော ကမ္ဘာ့ရတနာဘဏ်အကြီးအကဲများနှင့်ဝန်ထမ်းမိသားစုများ၊ D.S.A(31)မှသူငယ်ချင်းများနှင့်မိသားစုများ၊ ဖြူးမြို့မှမိတ်ဆွေများနှင့်(၁၉၈၄)ခုနှစ် ကျောင်းနေဖက်သူငယ်ချင်းများ၊ ပဲခူးတိုင်းဒေသကြီး သ/မဦးစီးမှူးနှင့်ဇနီး၊ မြို့နယ် သ/မဦးစီးဌာနများမှ ဝန်ထမ်းများ၊ လူငယ့်အားမာန်အသင်းမိသားစုများ၊ မွန်ပြည်နယ်ထွေ/အုပ်၊ ဖြူးမြို့နယ်ထွေ/အုပ်၊ စီမံကိန်းရုံးနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများအားလုံး၊ ဗိုလ်မှူးနေမျိုးအောင်(ငြိမ်း) ဦးပိုင်လီမိတက်၊ ဗိုလ်ကြီးကျော်ဇေယျာမင်း၊ တောင်ကြီး(အေးသာယာ)၊ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်၊ နေပြည်တော်မှဆွေမျိုးများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

**ဖြူးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရင်ရင်

**အသက်(၈၇)နှစ်**

ဦးမောင်မောင်နိုင် (Sky One Construction)-ဒေါ်သန္တာအေး၏ ချစ်လှစွာသောမိခင် ဒေါ်ရင်ရင်သည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) ၁၀း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စကိုင်းဝမ်းဆောက်လုပ်ရေးကုမ္ပဏီဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးရွှေသိမ်း

**မြို့နယ်ကောင်စီဥက္ကဋ္ဌဟောင်း**

**အင်ဂျင်နီယာ(ငြိမ်း)ဆောက်လုပ်ရေး**

**အသက်(၇၇)နှစ်**

မဏ္ဍလာကံယုံကျောင်း၊ ဂေါပကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဦးရွှေသိမ်းသည် ၂၉-၇-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **မဏ္ဍလာကံယုံကျောင်း ဂေါပကအဖွဲ့**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်တွင် ကမ်းရိုးတန်းရတနာခန်းမ အဆောက်အအုံ ပေ(၁၇၀×၇၅×၂၂) (Steel Structure) တစ်လုံးကို တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချခြင်းနှင့် စိစစ်**ရွေးချယ်မည့်နေရာ | - | တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ ထားဝယ်မြို့ |
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၁-၈-၂၀၁၉ရက်မှ ၂၀-၈-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါဈေးနှုန်းလွှာနှင့် Technical Proposal တင်ပြရမည့်ရက်** | - | ၂-၉-၂၀၁၉ရက် |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ ထားဝယ်မြို့(ဖုန်း-၀၅၉-၂၀၂၃၄၈၁/ ၀၉-၂၅၄၇၀၀၀၇၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးမင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဦး ၈/စလန(နိုင်)၁၀၈၆၉၈ ဖြစ်ပါကြောင်း။

## အထူးဝမ်းနည်းကြေကွဲခြင်း

### လင်ဘိဟုန်(ခ)ဒေါ်ဘိဟုန်

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၂လမ်း၊ အမှတ်(၅၃၊ အပေါ်ဆုံးထပ်)နေ [ကြောင်လျှံကီး(ခ)ဦးကြည်]၏ချစ်လှ စွာသောဇနီး၊ (ဦးမြင့်သိန်း)-ဒေါ်ကြည်ကြည်သန်း(ဥက္ကဋ္ဌ၊ Myanmar Payment Union (MPU) Public Co.,Ltd)၊ (ဥက္ကဋ္ဌ၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)တို့၏မိခင်သည် ၂၈-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒု-ဥက္ကဋ္ဌများ၊ ဒါရိုက်တာများ၊ CEOနှင့်ဝန်ထမ်းများ**

**Myanmar Payment Union (MPU) Public Co.,Ltd**

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မြင့်မြင့်စန်း(မော်လမြိုင်)

**(၁-၈-၂၀၁၈)-(၁-၈-၂၀၁၉)**

ချစ်ဇနီး ဒေါ်မြင့်မြင့်စန်းသည် မိသားစုနှင့်ခွဲခွာသွားသည်မှာ (၁)နှစ်ပြည့်သွားပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ သတိရတမ်းတအောက်မေ့လျက်ပါ။ ဒေါ်မြင့်မြင့်စန်းအားရည်စူး၍ ဒေါ်မြင့်မြင့်စန်းရဲ့ စိတ်ထဲမှာရှိသော ဆန္ဒကိုဖြည့်တင်းပြီးလှူထားသော အလှူဒါနများအားလည်းကောင်း၊ မိသားစုမှ လစဉ်ပြုလုပ်သော အလှူဒါနများနှင့်(၁)နှစ်ပြည့်အလှူဒါနများအားလည်းကောင်း၊ ဒေါ်မြင့်မြင့်စန်းအား ကုသိုလ် အမျှ အမျှ အမျှ ပေးဝေပါ၏။ ဒေါ်မြင့်မြင့်စန်း မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်၍ နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ခင်ပွန်း-ဦးသန်းလွင်**
**သား-ဦးတင်စိုးလွင် မိသားစု**
**သမီး-ဒေါ်ခင်သီဂီလွင် မိသားစု**

**မိဘအမည်မှန်**

ညောင်ဦးမြို့နယ်၊ စဥ့်ကူ အထက ကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)ခန်းမှ မယွန်းဝတီ၏ မိဘအမည်မှန်မှာ ဦးမြို့ ၉/ညဥန(နိုင်)၁၇၀၆၁၁ နှင့် ဒေါ်သင်း ၉/ညဥန(နိုင်)၁၉၀၉၅၃ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6D/2088 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖခင်အမည်မှန်**

ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ နှောပင်ကျေးရွာနေ မောင်ညီညီအောင်၏ဖခင် ဦးဘိုဝင်း၏ အမည်မှန်မှာ ဦးဗိုလ်ဝင်း ၈/မမန(နိုင်) ၀၅၃၁၈၀ ဖြစ်ပါကြောင်း။

**ဦးဗိုလ်ဝင်း**

**အမည်မှန်**

ဦးမျိုးမင်းနိုင်၏သမီး မိုင်းယန်းမြို့နယ်၊ အထက(မိုင်းယန်း) တတိယတန်းမှ မစုမြတ်နိုးသွယ်၏ အမည်မှန်မှာ မစုမြတ်မျိုးသွယ် ဖြစ်ပါကြောင်း။

**မစုမြတ်မျိုးသွယ်**

**အမည်ပြောင်း**

စိုင်းကျော်ခိုင်ဦး ၁၃/ကမန(နိုင်)၀၉၅၅၅၈ ၏သား တာချီလိတ်မြို့ အထက (ဆန်ဆိုင်း)၊ ပဥ္စမတန်း(ဃ)မှ စိုင်းကျော်ဇင်လင်းအား စိုင်းကျော်သိန်းထက်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**စိုင်းကျော်သိန်းထက်ဦး**

**အမည်ပြောင်း**

ဦးဇင်လင်းဖြိုး ၁၃/တခလ(နိုင်)၀၆၀၆၃၂ ၏သား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်း (09M 049/20) မောင်ပိုင်မင်းထက်အား မောင်ပြည့်ဖြိုးကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ပြည့်ဖြိုးကျော်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 59W/12675 Toyomax 125, M/C ယာဉ်လက်ဝယ်ရှိသူ Sem Sabai Phyu Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကျေးဇူးအထူးတင်ရှိခြင်း

၂၆-၇-၂၀၁၉ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသော ရဟန်းဒါယကာကြီး ဦးမြတ်ကျော်(ခ)ဦးဂျော်နီ အသက်(၆၃)နှစ် အာကာထွန်းလီမိတက် မော်တော်ဆားဗစ်၊ အမှုဆောင်ဒါရိုက်တာ(စီမံ)၊ အထက(၁)ဒဂုံ ကျောင်းသားဟောင်း၏နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသော နှစ်ဖက်ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးများအားလည်းကောင်း၊ အထက(၁) ဒဂုံ Section (K) ၁၉၆၈-၁၉၇၈မှ သူငယ်ချင်းဟောင်းများအားလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် အထက(၄)၊ အထက(၆)မှ School Bus လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအားလည်းကောင်း၊ မိသားစုဆရာဝန် ဒေါက်တာဒေါ်ခင်မွန်နှင့် ဒေါက်တာဦးဝင်းဌေးတို့အားလည်းကောင်း၊ Media Spile မှညီအစ်ကိုမောင်နှမများအားလည်းကောင်း၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ဝတ္ထုပစ္စည်းများပေးပို့ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးကိစ္စ အစမှအဆုံးတိုင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးအောင်မျိုးမြင့် (ငြိမ်း)(သူရ-၆၃)

**အသက်(၆၀)**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃)သူရတပ်ခွဲမှ ဗိုလ်မှူးအောင်မျိုးမြင့်(ငြိမ်း)သည် ၃၀-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**သူရ(၆၃)မှသူငယ်ချင်းများ**

## ဒေါက်တာစိုးခိုင် (B.V.S)(1985)

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**(သိမ်ဆိပ်)**

**အသက်(၅၉)နှစ်**

သထုံမြို့၊ ကျိုက်ကျော်၊ ပဲခူးစုနေ (ဦးဌေးဝင်း-ဒေါ်တင်ဥ)တို့၏သား၊ မင်္ဂလာဒုံမြို့နယ်၊ ၂(က)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ်-၁၆၃နေ ဒေါ်ဖြူဖြူအေး၏ခင်ပွန်း၊ ဗိုလ်ကြီးရဲထွဋ်-ဒေါ်ဇင်မိုးငြိမ်း၊ ဗိုလ်ကြီးအောင်ထက်-မနန်းဖြိုးပြည့်ပြည့်စိုးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မစိုးမိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းကြီး ၈/စလန(နိုင်)၁၅၄၄၆၀ ဖြစ်ပါကြောင်း။ **ဦးဆန်းဝင်းကြီး**

## (၁၁)နှစ်ပြည့်လွမ်းဆွတ်အမျှပေးဝေခြင်း

### ဆရာကြီးမင်းသိမ်

**အစ်ကိုကြီး ဆရာကြီး မင်းသိမ် အတွက် ရည်စူးပြီး (၁. ၈. ၂၀၁၉) ရက်နေ့တွင် မှော်ဘီမြို့နယ်ရှိ မဟာ**ဝိဟာရ ဓမ္မဝိနယတက္ကသိုလ်တွင် သံဃာတော်အရှင်မြတ်များ၊ ယောဂီများနှင့် မိတ်သင်္ဂဟများကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းကပ်လှူသော ကုသိုလ်ကောင်းမှုကို အများဝေနေယျာ သာဓုခေါ်ကြပါလော့။

ညီ-ဦးဝင်းဇော်၊ ညီမ - ဒေါ်သန်းနုအောင်၊

တူမ - အေးချမ်းမိုး။

## ဒေါ်အေးမြစမ်းကြည် (B.Ed)

**မော်ကွန်းထိန်း(၁) (ငြိမ်း)၊ ကျောက်ဆည်တက္ကသိုလ်**

(၁-၈-၂၀၁၉)

ကြေကွဲရာသီ (၈)နှစ်လည်လဲ
ခိုင်ကျည်တည်တံ့ မိခင်ရနံ့ကား
သင်းပျံ့ဝေမြဲ အသိုက်ထဲမှာ····

**အနန်းကျော်နီ၊ သား-မိုးပြည့်စုံ(E.O.)၊ သမီး-စိမ်းလဲ့အေး**

## (၁၂)နှစ်ပြည့်အလွမ်း

### ဦးသိန်းထွတ်(ခ)ဦးဆန်နီ

**(မန်နေဂျာ-နယ်စပ်စည်ပင်ဘဏ်)**

ယောက်ျားရေ-

မမျှော်လင့်ဘဲ မိန်းမတို့မိသားစုကို ခွဲခွာသွားတာ ဒီနေ့ဆိုရင် (၁၂)နှစ်ပြည့်သွားပေမယ့် မနေ့တစ်နေ့ကလိုပဲ ခံစားရပါတယ်။

နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုသမျှ ဒါနသီလကုသိုလ်အစုစုတို့ကို ထပ်တူရပါစေ ယောက်ျားရေး အမျှ အမျှ အမျှ···

**ချစ်ဇနီး** - ဒေါ်သင်းသင်းလှ
**ချစ်သမီး** - မောင်ငြိမ်းချမ်းစိုး-မသွယ်သွယ်အောင်ထွန်း
**ချစ်မြေးများ** - မထွဋ်အိန္ဒြေရှင် @ Anna
ကောင်းစေဟိန်း @ Mason

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရင်ရင်

**အသက်(၈၇)နှစ်**

ဦးမောင်မောင်နိုင်(Sky One Construction Co., Ltd)-ဒေါ်သန္တာအေးတို့၏ချစ်လှစွာသောမိခင် ဒေါ်ရင်ရင်သည် ၃၀-၇-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၁း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ပြည့်စုံ-ဒေါ်မျိုးရတနာထိုက် မိသားစု**

## ဦးအောင်ငြိမ်း (စလင်း)

**ဒု-အထွေထွေမန်နေဂျာ-ငြိမ်း၊ (ကြယ်ငါးပွင့် Corporation)**

**အသက်(၈၀)**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နေ(ဦးပွကြီး-ဒေါ်ဒွေး)တို့၏သား၊ (ဦးခင်မောင်ရင်)-ဒေါက်တာတင်တင်ဝင်း၊ ဒေါ်ခင်လှမြင့်၊ Dr.ခင်မောင်တင်-ဒေါ်ချိုချိုမြင့်၊ ဒေါ်ခင်စိန်နိုင်၊ ဒေါ်ခင်မေသန်း၊ ဒေါ်ယဉ်ယဉ်မြ (USA)၊ (ဦးမောင်မောင်စိုး)တို့၏အစ်ကို၊ ဒေါ်အေးအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးထွဋ်-Amber Chao (USA)၊ Kenneth Soh-ဒေါ်နွယ်နွယ်အေး (Singapore)တို့၏ဖခင်၊ Dr.သက်ထွဋ်တင်၊ ဦးလင်းထူးအောင်၊ ဒေါ်မေသက်တင်၊ ဒေါ်သင်းသဇင်ထွန်း၊ ဒေါ်သင်းဖွန့်ဖွန့်ထွန်း၊ ဦးအောင်ဖြိုးကျော်တို့၏ဘကြီး၊ Cameron Htut နှင့် Tasha Sohတို့၏အဘိုးသည် ၂၉-၇-၂၀၁၉ရက် စင်ကာပူစံတော်ချိန် မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီ ၁၁နာရီအထိ အမှတ် ၃၆၀၊ အခန်း ၁၀၊ ပြည်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးနေဝင်းမြင့်

**(အင်ဂျင်နီယာမှူး(ငြိမ်း)၊ မြန်မာ့လက်ရွေးစင်ဂေါက်သီးချန်ပီယံဟောင်း)**

**အသက်(၇၃)နှစ်**

(၇၁)လမ်း၊ (၂၇×၂၈)လမ်းကြား၊ တိုက်(၃)၊ အခန်း(၃)၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာ၊ ပတ်ကုန်းဝန်းကျင်ရပ်နေ ဦးလှမောင်-ဒေါ်အုံးတင်တို့၏သား၊ မသီရိမြတ်ဆု၏ဖခင်၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဒေါ်လှသီလိုင်၏ချစ်လှစွာသောခင်ပွန်း ဦးနေဝင်းမြင့်သည် ၃၀-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်နှင့် ဒု-ညွှန်ကြားရေးမှူး(မြို့ပြ) အဆောက်အအုံအထူးအဖွဲ့(၆)ဝန်ထမ်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ရင်ရင်(ခ)လီပွေဟွန်း(ခ)လီဖေ့ယွင်
## (Lucky Man Co.,Ltd)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်လမ်း အမှတ် ၈၃/၈၄ နေ ဦးအောင်ဆန်း၏ ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်ဦး-ဒေါ်ထွေးထွေး၊ ဒေါ်ခင်ခင်မော်-ဦးဌေးလွင်၊ ဒေါက်တာမောင်မောင်လတ်-ဒေါက်တာချောစုလှိုင် (EMPS School)၊ ဦးမောင်မောင်နိုင်(Sky One Construction Co., Ltd)-ဒေါ်သန္တာအေး၊ ဦးမောင်မောင်အောင်-ဒေါ်ရှောင်ယန်းတို့၏ချစ်လှစွာသောမိခင်၊ မြေး၁၁ယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၉ ရက် (စနေနေ့)တွင် ရေဝေးတရုတ်ဖူကျင့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဗိုလ်မှူးသွင်မြင့် (တပ်မတော်ရေ-ငြိမ်း)၊(ရေ-၃၃၄၇)(OTS-57)
### ရေကြောင်းပြမှူးကြီး(ငြိမ်း)(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)
### အသက်(၇၂)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့နေ (ဗိုလ်မှူးဘမြင့်-ဒေါ်သွင်ကြည်)တို့၏သား၊ (ဦးကြည်မြင့်)၏ညီ၊ ဦးအောင်မြင့်-ဒေါ်ကြည်ကြည်မြင့်တို့၏အစ်ကို၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်၂၈၀နေ (ဒေါ်ခင်ခင်ဆွေ)(ကုန်သွယ်၊ စက္ကူ/ခာတ်ပုံ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မချမ်းငြိမ်းလင်း(Senior Accountant၊ ခေတ္တ-Singapore)၊ မောက်ကောင်းထွဋ် (Second Mate-F.G)တို့၏ချစ်လှစွာသောဖခင်သည် ၃၁-၇-၂၀၁၉ရက် (ဗုဒ္ဓဟူး နေ့) နံနက် ၅း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီ တွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာမကြီးဒေါ်အက္ကနစ်ကလေးပိုး
### ပထဝီဝင်ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
### မန္တလေးတက္ကသိုလ်
### အသက်(၉၄)နှစ်

မြန်မာနိုင်ငံပထဝီဝင်အသင်း၏နာယကဆရာမကြီးသည် ၂၉-၇-၂၀၁၉ရက် မွန်းလွဲပိုင်းတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံပထဝီဝင်အသင်း(GAM)**

---

## ဒေါ်(မေ)သဇင်(ခ)ဒေါ်ခင်မေ (တောင်ကြီး)
### (စာရေးဆရာမ ကမ္ဘောဇစောကလျာ)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၅၅)နေ [ဒုဗိုလ်မှူးကြီးတင်ထွန်း-လေ(ငြိမ်း)၊ ပြန်ကြားရေးဌာနအတွင်းဝန်-ငြိမ်း]၏ဇနီး၊ တောင်ကြီးမြို့နေ (ဦးဖေ-ဒေါ်အေး)တို့၏သမီး၊ သံတွဲမြို့နေ (ဦးရတ်နန်-ဒေါ်သိန်းရှင်)တို့၏သမီးချွေးမ၊ ဒေါက်တာကျော်ဇင်သန့်-ဒေါက်တာသန္တာလှဲ့၊ ဒေါက်တာဝင်းမြိုင်-ဒေါက်တာစန္ဒာဝင်း၊ ဦးဝင့်အောင်-ဒေါ်စောယုလင်း၊ ဦးစိုးဘုန်းမြင့်-ဒေါက်တာစောယုဝင်းတို့၏မိခင်၊ ဒေါက်တာရွှေရည်ဝင်း၊ ဒေါက်တာအေးဥသြအောင်၊ ဒေါက်တာမြရည်ဝင်း၊ မောင်အောင်ပြည်စိုး၊ မောင်သန်းအောင်ကျော်တို့၏အဘွားသည် ၃၀-၇-၂၀၁၉ရက်(အင်္ဂါနေ့) ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၁-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီ အထိ ကုက္ကိုင်းလမ်းဆုံ၊ ယာဉ်ထိန်းရုံးအနီး၊ တေဇိန္ဒာရာမကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## စလင်းမြို့နယ်အသင်း
## ဦးအောင်ငြိမ်း(ဒု/ထွေဂျာ(ငြိမ်း)
### ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
### အသက်(၈၀)

စလင်းမြို့၊ ဈေးမရပ်နေ (ဦးပွကြီး-ဒေါ်ဒွေး)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၆၀)၊ အခန်း(၁၀)နေ ဒေါ်အေးအေး၏ ခင်ပွန်း၊ အသင်းဝင်သက်ကြီးကန်တော့ခံ ဖြစ်သူသည် ၂၉-၇-၂၀၁၉ရက်တွင် ကွယ်လွန်ပါသဖြင့် ၂-၈-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ရာအသင်းဝင်များမှ လိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေးအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်ရင်
### အသက်(၈၇)နှစ်

ဦးမောင်မောင်နိုင်(Sky One Construction Co.,Ltd)-ဒေါ်သန္တာအေးတို့၏ချစ်လှစွာသောမိခင်သည် ၃၀-၇-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**AZURA HOTEL GROUP မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်ရင်(ခ)လီပွေဟွန်း(ခ)လီဖေ့ယွင်
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ် ၈၃/၈၄နေ ဦးအောင်ဆန်း(Lucky Man Co.,Ltd)၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်ဦး(Lucky ManCo.,Ltd)-ဒေါ်ထွေးထွေး၊ ဒေါ်ခင်ခင်မော်(Lucky Man Co.,Ltd)-ဦးဌေးလွင်၊ ဒေါက်တာမောင်မောင်လတ်(Lucky Man Co.,Ltd)-ဒေါက်တာချောစုလှိုင်(EMPS School)၊ ဦးမောင်မောင်နိုင်(SKY One Co.,Ltd)-ဒေါ်သန္တာအေး၊ ဦးမောင်မောင်အောင်(Lucky Man Co.,Ltd)-ဒေါ်ရှောင်ယန်းတို့၏ချစ်လှစွာသောမိခင်၊ မြေး၁၁ယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Lucky Man Co.,Ltd မှဝန်ထမ်းများ**

---

## ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ ကမ္မမြို့၊ အထက (ကမ္မ) န၀မတန်း G မှ မောင်ထွန်းထွန်းအောင်၏ ဖခင် ဦးဟန်ထွန်း၏ အမည်မှန်မှာ ဦးဟံထွန်း ၈/ပခက(နိုင်)၃၀၁၅၆၀ ဖြစ်ပါကြောင်း။

**ဦးဟံထွန်း**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်မျိုးဝင်း ၁၁/ရသတ(နိုင်) ၀၆၂၃၇၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၁၇၁၂၆၂**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခင်မောင်လှ ၁၁/ရသတ(နိုင်) ၀၆၉၄၃၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၁၇၁၂၆၂**

---

## အမည်ပြောင်း

ပုဏ္ဏားကျွန်း အထက တက္ကသိုလ်ဝင်တန်းမှ ဦးဇော်ဝင်းထွန်း၏သား မောင်ဦးစိုးလွင်အား မောင်ခိုင်အောင်ထွန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

---

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ထိုက်ထိုက်ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်း (ဝိဇ္ဇာတွဲ)မှ မောင်ဆန်ဒိ(ပ်)၏ဖခင်အမည်မှန်မှာ ဦးဆွတ်ဗဟာဒူး ၁/မကန(နိုင်)၁၂၈၀၈၀ ဖြစ်ပါကြောင်း။

---

## အမည်မှန်နှင့်တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ အထက(ပမ္မတီး)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဂွန်လီတူး၏ အမည်မှန်မှာ မောင်ဝန်လီတူး ၁/မကန(နိုင်)၂၅၉၀၃၂ ဖြစ်ပြီး ၄င်း၏ဖခင် ဦးဇော်တောင်(ခ)ဦး၀ဒပ်ဇော်တောင် ၁/ဆပဘ(နိုင်)၀၀၅၃၀၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/30114 HAOJUE -110, M/C ယာဉ်လက်ဝယ်ရှိသူ Kaung Thit Lwin Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

---

## ဒေါ်သိန်းသိန်းနု(ခ)မနု (ထားဝယ်)
### အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဇရစ်ရပ်၊ မင်္ဂလာလမ်း၊ အမှတ် ၁၅၁နေ ဦးတင်ညွန့်-(ဒေါ်တင်ရီ)တို့၏သမီး၊ ဦးထွန်းထွန်းနိုင်(ခ)ဖိုးချွန်(ဖိုးလမင်းကုမ္ပဏီ)၏ချစ်လှစွာသောဇနီး၊ ထားဝယ်မြို့နေ ဦးအောင်ကျော်ဦး (စက်လှေကိုယ်စားလှယ်)-ဒေါ်အေးအေးသန်း (ကမ္ဘာ့ရတနာဘဏ်)၊ (ဦးသန့်ဇင်ဦး)-ဒေါ်စီစီပြုံး၊ ဦးမျိုးလှိုင်-ဒေါ်အေးအေးပြုံးတို့၏အစ်မ၊ မကြာညိုသွယ်ဦး၊ မောင်ဝေယံမိုးဦး၊ မောင်လတ်ဇင်နောင်၊ မဇွန်မိုးပွင့်၊ မောင်ကျော်ကျော်ဦး(ကမ္ဘာ့ရတနာဘဏ်)၊ မအိန္ဒာပွင့်၊ မောင်ပိုင်ဖိန် (ဆေးတက္ကသိုလ်-၂)၊ မောင်ပေါင်းဆက်၊ မမျိုးသူသူတို့၏ကြီးကြီး၊ မောင်ချမ်းမင်းဆက်၏အဘွားသည် ၃၁-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သိန်းသိန်းနု(ခ)မနု (ထားဝယ်)
### အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဇရစ်ရပ်၊ မင်္ဂလာလမ်း၊ အမှတ် ၁၅၁နေ ဦးတင်ညွန့်-(ဒေါ်တင်ရီ)တို့၏သမီး၊ မြိတ်မြို့၊ ကံကြီးရပ်၊ ကမ်းနားလမ်း၊ အမှတ်(၃၃)နေ (ဦးလိန်)-ဒေါ်မြဝင်းတို့၏သမီးချွေးမ၊ ဦးထွန်းထွန်းနိုင်(ခ)ဖိုးချွန် (ဖိုးလမင်းကုမ္ပဏီ)၏ချစ်လှစွာသောဇနီး၊ မောင်ဆက်ပိုင်ထူး၊ မဖွေးသဥ္ဇာမော်တို့၏ချစ်လှစွာသောမိခင်၊ မြိတ်မြို့နေ ဦးဝင်းဌေး-ဒေါ်စန်းစန်းမူ၊ ဦးထွန်းထွန်းဦး(ခ)ဖိုးမင်း-ဒေါ်မူမူမြင့်၊ ဦးညီညီဝင်း-ဒေါ်ယဉ်ယဉ်နွယ်၊ ဦးတင်စိုး-ဒေါ်နန်းစန္ဒီ၊ ဦးဇော်ဇော်မိုး-ဒေါ်နုနုကြည်၊ ဦးထွန်းထွန်းဝင်း(ခ)ပိုးရှည်-ဒေါ်မေလေး၊ ဦးစိုးမိုးနိုင်(ခ)ဘဘူ-ဒေါ်ယွန်းစန္ဒီလေးတို့၏အစ်မ/ညီမသည် ၃၁-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၉ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးမြင့် (လှိုင်းဘုန်း၊ ကန်စု)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ်(၄၂)နေ (ကိုသူအောင်စိုး)၊ ကိုမောင်သန့်လွင်၊ ကိုအောင်ပြည်စိုး-မမေသူဖေ၊ ကိုသော်သော်အောင်တို့၏ဖခင်၊ ဒေါ်ခင်ဝင်း၏ခင်ပွန်းသည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးနေဝင်းမြင့်
### အသက်(၇၃)နှစ်

မန္တလေးမြို့နေ ဦးလှမောင်-ဒေါ်အုံးတင်တို့၏သား ဦးနေဝင်းမြင့် (အင်ဂျင်နီယာမှူး-ငြိမ်း၊ မြန်မာ့လက်ရွေးစင်ဂေါက်သီး ချန်ပီယံဟောင်း)သည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယကများနှင့်ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**
**မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးရိုက်ပညာရှင်များအသင်း**
**ဆပ်ကော်မတီ**

---

## ရဲမှူးမြင့်သူ (ငြိမ်း)၊ (ရဲ-၂၆၃၆)၊ ဒုရဲအုပ်အပါတ်စဉ်(၁၆)
### B.Sc(Zoo)
### HR Officer (Crystal Diamond Livestock Co.,Ltd)
### အထက(၄) တောင်ညွန့် ကျောင်းသားဟောင်း
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ကန်တော်လေးတောင်ပိုင်းရပ်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ် ၁၈နေ (ဦးရွှေကြယ်-ဒေါ်ကျင်ဟုန်)တို့၏သား၊ (ဦးသန်းထွန်း-ဒေါ်ခင်ထွေး)တို့၏သားသမက်၊ ညီ/ညီမ ငါးယောက်တို့၏အစ်ကို၊ ဒေါ်သီသီဆွေ(ဦးစီးအရာရှိ-ငြိမ်း၊ စီးပွား/ကူးသန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်လွင်လွင်ဌေး-ဦးဇော်မျိုးမင်း၊ ဦးရဲလင်းထွန်း-ဒေါ်အိအိမွန်၊ ဦးကျော်စိုးသူ(CKE)၊ ဦးပြည့်ဖြိုးသူ(KMD Group of Companies)-ဒေါ်သက်သက်ဝင်း၊ ဒေါ်ဝေမွန်အေး(Shwe Bank)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၉ ရက်(တနင်္လာနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်မိမိ (အလက-၂၊ အင်းစိန်-ငြိမ်း)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခ-၆လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အမှတ် ၁၅၀နေ (ဦးစံရင်-ဒေါ်တင်ရီ)တို့၏သမီး၊ (ဦးတင်မောင်-ဒေါ်ခင်အေး)တို့၏သမီးချွေးမ၊ ဦးသန်းစိုး(ရဲမှူး-ငြိမ်း)(CID)၏ဇနီး၊ ကိုနိုင်ထူးကျော်-မအိကြည်ဖြူဇော်၊ မကြည်ဖြူသန့်-ဗိုလ်ကြီးကျော်ဇင်(တောင်ငူ-လေတပ်စခန်းဌာနချုပ်)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၃၁-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ကိုနိုင်ထွန်းအောင် (Assistant Manager)
### (Htun Nay Wun Thitstar Co,Ltd)
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်၊ (၇)လမ်း၊ အမှတ်( ၂၅၆)၊ အခန်း(၂၄)နေ (ဦးစန်)-ဒေါ်တင်တင်လှတို့၏မြေး၊ ဦးမြင့်ထွန်း-ဒေါ်ဝေဝေဦးတို့၏သား၊ ဦးသန်းလှိုင်-ဒေါ်ကြည်ကြည်စိန်တို့၏သားသမက်၊ မစန္ဒာလှိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းမြတ်ပိုင်(ခ)ချစ်ချစ်တုန်၏ဖခင်သည် ၃၀-၇-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၉ရက်(တနင်္လာနေ့)တွင် အခန်း(၂၄)၊ အမှတ်(၂၅၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်(မေ)သဇင်(ခ)ဒေါ်ခင်မေ (တောင်ကြီး)
### (စာရေးဆရာမ ကမ္ဘောဇစောကလျာ)
### အသက်(၈၇)နှစ်

ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာကျော်ဇင်သန့်-ဒေါက်တာသန္တာလှဲ့တို့၏မိခင် ဒေါ်(မေ)သဇင်(ခ)ဒေါ်ခင်မေ(တောင်ကြီး) (စာရေးဆရာမ ကမ္ဘောဇစောကလျာ)သည် ၃၀-၇-၂၀၁၉ ရက် (အင်္ဂါနေ့) ည ၉း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ဆေးသုတေသနဦးစီးဌာန**

---

## ရဟန်းဒါယကာကြီး
## ဦးသိန်းထွန်း အသက်(၈၃)နှစ်
### (ရေကြောင်းဦးစီး-အငြိမ်းစား၊ နာယက ဝေနေယျသုခရေချမ်းစင်အသင်း၊ ဥက္ကဋ္ဌ-၃/ရန်ပြေမလွန်ဆန်လှူသင်းထောက်)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၁၄-လမ်း(အရှေ့)၊ အမှတ်(၄၄)နေ (ဦးဘသော်-ဒေါ်ညီမ)တို့၏သား၊ (ဦးချစ်မြ) -ဒေါ်သန်းကြည်တို့၏သားသမက်၊ ဒေါ်ခင်နု၏ခင်ပွန်း၊ ကိုရင်ထွန်း-မသီသီနွယ်၊ ကိုရဲဝင်းထွန်း(တွဲဖက်အတွင်းရေးမှူး-မြန်မာ့ပင်လယ်ရေကြောင်း အလုပ်သမားများအဖွဲ့ချုပ်)-မကျော့ကေခိုင်၊ ကိုကျော်မင်းထွန်း(Great Kyaw Video-ရိုက်ကူးရေး)-မနန်းလှုစီ၊ ကိုဟန်ဇော်အောင်-မအေးအေးသွယ်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃၁-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၉ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ကျီစုအအေးတိုက်မှကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ် သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်ဝါဝါဟန်
## M.D,Green Enviro Service
### အသက်(၆၉)နှစ်

Green Enviro Services ၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာဒေါ်ဝါဝါဟန်သည် ၂၂-၇-၂၀၁၉ရက်(တနင်္လာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Environmental Assessment Association**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုအောင်ဇေယျဦး(ခ)ကိုအောင်ကြီး
### B.Sc(Geology, 1995-2000, YU-DU)
### အသက်(၄၃)နှစ်

ချစ်ခင်ပွန်း ကိုအောင်ဇေယျဦး(ခ)ကိုအောင်ကြီးသည် ၂၃-၇-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ချယ်ရီကွန်ဒို(0-5D)တွင် ဒေါ်မူမူခိုင်၏ချစ်လှစွာသောခင်ပွန်းသည် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်ဇနီးဖြစ်သူ-ဒေါ်မူမူခိုင်**

## မလေးရှားနိုင်ငံ အကြီးအကဲ၏ ပြောကြားချက်အပေါ် မြန်မာနိုင်ငံက ကန့်ကွက်

စာ ၁ » ၉




## ရွှေနိုင်ငံ ခရီးသည်

စာမျက်နှာ » ၁၆




သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ မြန်မာနိုင်ငံအခြေစိုက် ယာခုရုတို စက်ရုံ။ ဓာတ်ပုံ-ထိန်လင်း

# သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဂျပန်နိုင်ငံထိပ်တန်းနို့ချဉ်အမှတ်တံဆိပ် ထုတ်လုပ်မည်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော ပြည်ပရင်းနှီးမြှုပ်နှံမှုများအနက်မှ ဂျပန်နိုင်ငံ ထိပ်တန်းနို့ချဉ်အမှတ်တံဆိပ်တစ်ခုဖြစ်သော ယာခုရုတို မြန်မာစက်ရုံသည် ဩဂုတ် ၁ ရက်မှစတင်၍ လုပ်ငန်းလည်ပတ်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ ၁၉၃၅ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့်ဒေသပေါင်း ၃၉ နေရာအထိ လုပ်ငန်းချဲ့ထွင်ထားကာ အာဆီယံနိုင်ငံများအတွင်း ဈေးကွက် ဖွံ့ဖြိုးလာနေသော မြန်မာနိုင်ငံကို ယာခုရုတိုနို့ချဉ် ဝယ်ယူရရှိနိုင်သည့် ၄၀ မြောက်နိုင်ငံအဖြစ် လုပ်ငန်းချဲ့ထွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံ၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော အိမ်ထောင်ရှင်အမျိုးသမီးများအား အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ထုတ်ကုန်စတင်ဖြန့်ချိသည့်အချိန်တွင် ယာခုရုတို အမျိုးသမီးဟုခေါ်သော Yakult Ladies များက အိမ်တိုင်ရာရောက် ပို့ဆောင်သောစနစ်ဖြင့် ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာပြည်သူတွေအနေနဲ့ ယာခုရုတိုကို သောက်သုံးပြီးရင် ကိုယ်ခံအားပိုပြီး ကောင်းလာပြီး ကျန်းမာရေးကောင်းလာမယ့်အချက်ရယ်၊ ဒုတိယအချက်အနေနဲ့ မြန်မာပြည်က အမျိုးသမီးတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေ ပေးချင်တယ်။ အထူးသဖြင့် အိမ်ရှင်မတွေပေါ့။ အိမ်ရှင်မတွေကို တည်ငြိမ်ပြီး မြင့်မားတဲ့ ဝင်ငွေကို ရရှိစေမယ့် အလုပ်အကိုင်အခွင့်အလမ်းကိုပေးချင်တယ်။ ဒါကြောင့်မို့လို့ မြန်မာပြည်အတွက် ကောင်းကျိုးတွေကိုယူဆောင်လာပေးတဲ့ ကုမ္ပဏီဖြစ်တဲ့အတွက် အားလုံးကလည်း ရင်းရင်းနှီးနှီးဆက်ဆံပေးစေချင်ပါတယ်"ဟု ယာခုရုတိုမြန်မာ၏ မန်နေဂျင်းဒါရိုက်တာ ဟိဒဲခိဝစခိ က ပြောကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

# MNL ချန်ပီယံဆုအတွက် သုံးသင်း အပြိုင်ဖြစ်နေ

**ရန်ကုန် ဇူလိုင် ၃၁**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးရန် ပွဲစဉ်လေးခုသာလိုတော့ပြီး ချန်ပီယံဆုအတွက် သုံးသင်း အပြိုင်ဖြစ်နေသည်။

ဇူလိုင် ၂၇၊ ၂၈ ရက်က ကျင်းပသည့် ပွဲစဉ်(၁၈) အပြီးတွင် ၃၇ မှတ်ရထားသည့် ရန်ကုန်အသင်း၊ ၃၄ မှတ်စီရထားသည့် ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့ အပြိုင်ဖြစ်နေပြီး လက်ကျန်လေးပွဲမှာ အဆုံးအဖြတ် ဖြစ်လာမည်ဖြစ်သည်။ လက်ကျန်ပွဲ အနေအထားအရ ယင်းသုံးသင်းစလုံးမှာ ပွဲကျပ်များ ကစားရန် ကျန်နေပြီး ရန်ကုန်အသင်းက အိမ်ကွင်းတစ်ပွဲနှင့် အဝေးကွင်း သုံးပွဲ၊ ရှမ်းယူနိုက် တက်အသင်းက အိမ်ကွင်းလေးပွဲ၊ ရောဝတီအသင်းက အိမ်ကွင်းသုံးပွဲ၊ အဝေးကွင်းတစ်ပွဲ ကစားရမည်ဖြစ်သည်။ လက်ကျန်ပွဲများအဖြစ် ရန်ကုန်အသင်းသည် ပွဲစဉ်(၁၉)တွင် Chinland အသင်းနှင့် အဝေးကွင်း၊ ပွဲစဉ်(၂၀) တွင်

စာမျက်နှာ ၁၂ ကော်လံ ၁ ۞



ချန်ပီယံမျှော်လင့်ချက်ရှိနေသည့် ရန်ကုန်နှင့် ရောဝတီအသင်း ပထမအကျော့တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

# အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာအသင်း နိုင်ပွဲစတင်ရရှိ

**ရန်ကုန် ဇူလိုင် ၃၁**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲ အုပ်စု(က) တတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးထားသည့် မြန်မာအသင်းသည် ပထမဆုံးနိုင်ပွဲ ရခဲ့သော်လည်း လက်ကျန်ပွဲအနေအထားကြောင့် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဖိလစ်ပိုင်အသင်းကို ရင်ဆိုင်ခဲ့သည်။ မြန်မာအသင်းသည် ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍ ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းမှ အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ၇၄ မိနစ်တွင် ရန်နောင်ထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(က) အခြားပွဲများတွင် ဗီယက်နမ်အသင်းက စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး တီမောနှင့် အင်ဒိုနီးရှားအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် သုံးပွဲကစား လေးမှတ်ရထားပြီး စတုတ္ထပွဲအဖြစ် ဩဂုတ် ၂ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စု (က)တွင် သုံးပွဲစီ ကစားအပြီး၌ တီမောနှင့် အင်ဒိုနီးရှားအသင်းက ခုနစ်မှတ်စီ၊ ဗီယက်နမ်အသင်းက ခြောက်မှတ်၊ မြန်မာအသင်းက လေးမှတ်၊ စင်ကာပူအသင်းက တစ်မှတ်ရထားပြီး ဖိလစ်ပိုင်အသင်းမှာမူ သုံးပွဲစလုံး ရှုံးနိမ့်ထားသည်။

**ရဲရင့်ရှိုင်း**


